
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# ဂွတာ

ဦးအောင်စိုး (မော်လမြိုင်) စီစဉ်သည်

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၀၇၀၁၁၁

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၆၀၀၁၁၁

BURMESE CLASSIC

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ ညြဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁၊ ဖေဖော်ဝါရီလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀ ကျပ်

ဖြန့်ချိရေး – ခုနစ်စဉ်ကြယ်စာပေ

အမှတ် ၁၇၅(B)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၇၃၀၅၁၆၆၄

၇၉၅ ဂ၃

ထူးမြတ်ကြယ်

ဂွတာ / ထူးမြတ်ကြယ် ။ - ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၀ ။

၁၉၆ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ဂွတာ

www.burmeseclassic.com

# ထူးမြတ်ကြယ်

# "ဂွဓာ"

www.burmeseclassic.com

image art work
Film Group

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

အမေက သူ့ကို ဟိုဘက်ရွာသွားပြီး နေ့ပြန်တိုးတွေ ကောက်ခိုင်းနေတာ နှစ်ရက်၊ သုံးရက်ရှိပြီ။ သူက မသွားချင်၍ ဆေကာပ်နေခဲ့သည်။

တကယ်ဆို ငွေတိုးပေးတဲ့အလုပ်ကို သူ လုံးဝ မကြိုက်ပါ။ ကိုယ့်ပိုက်ဆံနှင့်ကိုယ် အာပေါက်အောင်၊ ခြေတိုအောင် လိုက်တောင်းနေရတာမျိုးကိုလည်း မုန်းသည်။ ဒါတင်မက နေပူ မိုးရွာ မရှောင် လယ်ထဲဆင်းပြီး ပင်ပင်ပန်းပန်းလုပ်ကိုင်စားသောက်ရသူတွေဆီက အတိုးကြီးယူမစားချင်ပါ။ သို့သော် ... အမေက သူ့ပြောစကားကို နားမဝင်။

"ဟဲ့ ... အကောင်၊ နင် သူငယ်တန်းကနေ ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



အထိ ဆယ်နှစ်ကျော်ပညာသင်လာတာ အဲဒီက ရတဲ့ပိုက်ဆံနဲ့ဟဲ့ သိရဲ့လား"

ဘယ်လိုပဲပြောပြော ဒါ အမေ့အကြောင်းပြချက်ဟုသာ သူ ထင်သည်။ အမေ့တွင် မိဘအမွေ၊ ယောကျ်ားအမွေ လယ်ပိုင် ယာပိုင်တွေများစွာရှိ၏။ သားအမိနှစ်ယောက် စားလောက်ပို့လျှံရုံ သာမက အလှူအတန်းပင် ပေးနိုင်ပါသေးသည်။

ခက်နေတာက ငွေတိုးပေးတာ၊ နှစ်လုံးသုံးလုံးဆော့ချင် တာတွေက အမေ့ဝါသနာလိုဖြစ်နေသည်။ သို့ဖြင့် ... အမေနှင့် သူသည် အမြဲတမ်းသဘောထားချင်းကွဲလွဲလျက်ရှိသလို၊ ခံယူ ချက်ခြင်းမတိုက်မဆိုင်ဖြစ်ရသည်။

သို့သော် ... သူနှင့်အမေက သားအမိတွေဖြစ်သော ကြောင့် သူက အလျှော့ပေးတဲ့အခါပေး၊ အမေက အလျှော့ပေးတဲ့ အခါပေးနှင့် နေလာကြသည်။

ယခုပင်ကြည့်။ မတတ်သာသည့်အဆုံး သူ့, မလုပ်ချင် သော အကြွေးတောင်းသည့်အလုပ်ကို ဟိုဘက်ရွာသွားတောင်းရ ဦးမည်။ စောစောကပြောခဲ့သလို လွန်ခဲ့သောနှစ်ရက်၊ သုံးရက် ကတည်းက တောင်းခိုင်းနေတာ သူက နေ့ရွှေ့ညရွှေ့လုပ်နေခဲ့ ခြင်းပင်။

ယခု ... မုန်တိုင်းရှိသည်ဆိုသောရက်ကျမှ သူက ဟို ဘက်ရွာသွားဖို့ စိတ်ကူး၏။

"မုန်တိုင်းသတင်းသတိပေးချက်တွေ ကြေငြာနေတယ်၊ ဒီနေ့ မသွားနဲ့တော့"

အမေက ပြောသည်။ သူက ...



www.burmeseclassic.com

www.burmeseclassic.com


"ပင်လယ်ပြင်ကို ဗဟိုပြုနေတဲ့မုန်တိုင်းငယ်လေးပါဗျာ၊ ဒီနှစ်အဝေးကြီး"

"ဟဲ့ ... ငါတို့ဒေသဝင်နိုင်တယ်လို့ ပြောနေတာဟဲ့"

"ပူမနေနဲ့၊ အမေ့ကိစ္စမြန်မြန်ပြတ်အောင်သွားလိုက်မယ်"

"နင်ဟာလေ ... အတော်ကန့်လန့်တိုက်တဲ့အကောင်၊ သွားပါဟဲ့ ခိုင်းတုန်းကမသွားဘဲ အန္တရာယ်ဖြစ်မှာစိုးလို့ မသွားနဲ့ တားတော့ သွားမယ်တကဲကဲ ... စိတ်ပျက်တယ်"

"ဒီပတ်ဝန်းကျင်ရွာတွေ တစ်ရွာနဲ့တစ်ရွာ ဘယ်လောက်ဝေးလို့တုန်းအမေရာ၊ ကျွန်တော် စိတ်ပါတုန်းသွားပေးမှာ နောက်နေ့ စိတ်ပြောင်းသွားရင် မသွားချင်တော့ဘူး"

သူ့စကားကြောင့် အမေ ဘာမှမပြောဘဲ ငြိမ်သွားသည်။ ငြိမ်လို့လည်းမရ။ သူ့သားအကြောင်း အမေ ကောင်းကောင်းသိသည်။

"သွားမှာဖြင့်လည်း မြန်မြန်သွား မြန်မြန်ပြန်လာ၊ ရွာရိုးကိုးပေါက်လျှောက်သွားပြီး လေပန်းမနေနဲ့"

သူက အမေ့စကားကို 'ဟုတ်ကဲ့' ပြန်မပြောပါ။ သော်ဒါ တွေနှင့်တွေ့လျှင် စကားမပြောဘဲ ပြန်ဖြစ်မည်မထင်။

နောက်ဆုံး ... သူတို့သားအမိသည် မအေက ပြောချင်ရာပြော၊ သားဖြစ်သူကလည်း လုပ်ချင်ရာလုပ်။ ထိုသို့ လုပ်ချင်ရာ လုပ်ပြီး မိဘစကားနားမထောင်သူတို့၏ ထုံးစံအတိုင်း အန္တရာယ်ဆားဒုက္ခနှင့်ကြုံတွေ့လေတော့သည်။

"ဟော့ကောင် ... ဒီမှာပဲ အိပ်သွား၊ မုန်တိုင်းက ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ် ပြောင်းပြီး မြန်မာနိုင်ငံကမ်းရိုးတန်းကို


www.burmeseclassic.com

www.burmeseclassic.com



ဖြတ်နေပြီကွ"

သူငယ်ချင်းတွေက တားသည်။ သူက ...

"အဝေးကြီးပါကွာ"

သူများပြောလျှင် လက်မခံတတ်သော သူ့ညာဉ်အတိုင်း တစ်ဖက်ရွာကနေ ဇွတ်ပင်ပြန်ခဲ့သည်။ သူ့အကျင့်က ကိုယ့်အိမ်မဟုတ်လျှင် ညမအိပ်တတ်တာလည်းပါသည်။

ထို့ကြောင့် သူသည် တိုက်ခတ်နေသော လေနှင့်မိုးစက်တွေအကြား ခပ်သုတ်သုတ်လျှောက်လှမ်းနေမိ၏။ လမ်းတစ်ဝက်အရောက်တွင် ထီးက လုံးဝဆောင်း၍မရတော့ပါ။ ယခုမှတော့ နောက်ပြန်လှည့်၍လည်းမထူး။ ရှေ့ဆက်သွားဖို့လည်း မလွယ်နှင့်တစ်ကိုယ်လုံး ရွှဲရွဲစိုနေပြီ။

"ဝေါ ... ဝရော၊ ဟူး ... ဟူး"

ပြေးရင်းလွှားရင်း ပုန်းခိုစရာနေရာရှာလည်း အချည်းနှီးပင်။ ဖြတ်သွားနေရသည်က လယ်ကွင်းများသာ။ လယ်စောင့်တဲတစ်လုံးတလေတွေ့ပေမယ့် အကာအရံမရှိ စိုရွှဲနေပြီး မကြာခင် လေပြင်းများကြား ပြိုလဲတော့မှာ သေချာသည်။

"ဝုန်း"

သူသည် နောင်တရချင်သော်လည်း ဘာမှမတတ်နိုင်တော့၍ ရွာပြန်ရောက်ရေးသာ ကြိုးစားအားထုတ်နေရသည်။ ထိုသို့တွေးရင်း မိုးတွေလေတွေကြား အားကုန်ပြေး၏။

"အမေ"

သစ်ပင်ကြီးများ တဝုန်းဝုန်းပြိုလဲသံတွေကြား ကြောက်လန့်တကြားအော်ဟစ်မိသည်။ သူသည် သေဘေးအန္တရာယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ကြုံတွေ့နေရပြီ။ ပတ်ဝန်းကျင်တစ်ခွင် သက်ရှိဆို၍ သူတစ်ယောက်သာရှိ၏။

"ဝုန်း ... ဝေါ ...ဝရော"

မုန်တိုင်းသည် တောဆင်ရိုင်းတစ်ကောင်အလား ကြမ်းတမ်းရိုင်းစိုင်းလှသည်။ ရှေ့တွင် သစ်ပင်အုပ်အုပ်နှင့်ခင်တန်းကလေးကိုကျော်လွန်လျှင် သူတို့ရွာကို ရောက်ပြီ။

သူသည် သစ်ပင်၊ သစ်ကိုင်းကျိုးတွေ ပိမိမည်စိုး၍ ခင်တန်းကိုလွန်မြောက်အောင်ပြေးရန် အားထုတ်ကြံစည်သည်။ တစ္ဆေ၊ သရဲတွေလို ယိမ်းထိုးလှုပ်ရမ်းနေကြသော သစ်ပင်များအောက်မှ တအားကျုံး၍ ပြေးသည်။ ခတ်မီးတိုင်တစ်ခန်းစာလောက်ပြေးပြီးလျှင်တော့ လွတ်ပြီ။

"ဖြောင်း"

နောက်ဆုံးသစ်ပင်လွန်မြောက်ပြီဟု စိတ်ချလက်ချဖြင့်စိတ်ကို ဒုံးဒုံးချလိုက်ပြီးကာမှ သစ်ပင်ကြီးတစ်ပင်သည် အမြစ်မှကျွတ်ထွက်ကာ ဖင်ထောင်လှဲကျလာ၏။

"အား"

သစ်ပင်၏ အကိုင်းဖျားသည် သူ့ဘယ်ဘက်နားထင်သို့ အရှိန်ဖြင့် ရိုက်ချလိုက်သည်။ သတိကို လွတ်ထွက်မသွားစေရန် အားတင်းထိန်းချုပ်နေသည့်ကြားမှ အမြင်အာရုံတို့ ဝေဝါးလာသည်။ ထိုမှတစ်ဖန် မိုးသံ၊ လေသံတို့ပျောက်ကွယ်သွားကာ အသိတရားသည် ဂူ့ခန္ဓာကိုယ်မှ ဖယ်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ထိုသို့ အသိတရားလေး ခန္ဓာကိုယ်ကနေ ခွာမသွားခင် တစ်ခုတော့ စိတ်ချလက်ချ သူ တွေးလိုက်မိသည်။ အချိန်တန် အိမ်ပြန်မရောက်လျှင် မည်သည့်နည်းနှင့်မဆို သူ့နောက်ကို အမေလိုက်လာပေလိမ့်မည်။

မုန်တိုင်းကြား လိုက်လာလျှင်တော့ အမေ့ကို သူ စိုးရိမ်သည်။ မုန်တိုင်းငြိမ်သွားမှ ရွာသူရွာသားတွေနှင့်လာရှာလျှင် သစ်ကိုင်းကျိုးရိုက်မိ၍ လဲကျနေသော သူ့ကို တွေ့မည်။

ထိုသို့ စိတ်ချလက်ချတွေးမိသောအခါ ပူပန်မှုတွေ လွင့်သွား၏။ ထို့နောက် လောကကြီးသည် တိတ်ဆိတ်ငြိမ်သက်ကာ မှောင်အတိကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ သတိလစ်မေ့မြောသွားတာလား၊ ဒါမှမဟုတ် အသက်နှင့်ခန္ဓာ အိုးစားကွဲသွားခြင်းလား?

ဒီနောက်မှာတော့ သူ့ကို မိခင်ဖြစ်သူ လာရောက်မရှာဖွေနိုင်ခင်မှာပင် သူ ရွာထဲသို့ ဝင်လာခဲ့သည်။ ရွာထဲရှိ အမေ့အိမ်သည် တံခါးပိတ်ငြိမ်သက်လျက်။

"အမေ"

မိုးသံလေသံတွေကြား သူ့အသံကို အမေ ကြားဟန်မတူ။ သူ တကြော်ကြော်အော်ခေါ်သော်လည်း အိမ်ထဲမှ လှုပ်ရှားသံကို မကြားရ။ ရွှဲရွှဲစိုနေသောကြောင့် သူ့တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းလှပြီ။

"အမေ ငါ့ကိုသွားရှာနေလို့ မရှိတာများလား"

ထိုသို့တွေးမိတော့ အမေ့ကို စိတ်ပူသွားသည်။ ချက်ချင်းပင် သူ လဲကျသောနေရာသို့ တမဟုတ်ချင်းပြန်ရောက်လာ၏။ သူ့စိတ်ထဲ မြန်လိုက်တာဟု တွေးသည်။

ရွာပြင် ပြန်ရောက်တော့ အမေ့ကို မတွေ့ရဘဲ လဲကျနေဆဲဖြစ်သော သူ့ခန္ဓာကိုယ်ကြီးကိုသာ တွေ့ရသည်။ သူ တအံ့တဩဖြစ်ရ၏။ ဒီပုံအတိုင်းဆို သူ့ကို အမေ အမြန်ဆုံးတွေ့မှဖြစ်မည်။ ထို့ကြောင့် ရွာထဲသို့ ပြန်ပြေးလာခဲ့ပြန်သည်။ ရွာထဲ အမေ့ကို လှည့်ပတ်ရှာ၏။

ဟော ...။

အခုတစ်ခါတော့ အမေ့ကို သူ တွေ့ပြီ။

အမေသည် သူ့ကိုရှာဖို့ ရွာလူကြီးကို ပြောပြအကူအညီတောင်းနေ၏။ ရွာသားတွေလည်း စုရုံးရောက်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမုန်တိုင်း ငြိမ်သွားအောင်ထိ စောင့်လို့မဖြစ်ဖူး၊ ကျုပ် သားအကြောင်း ကျုပ်သိတယ်၊ ဟိုဘက်ရွာမှာ လုံးဝ ညအိပ်မှာ မဟုတ်ဖူး၊ ဖွတ်ထွက်လာလို့ လမ်းမှာ ဒုက္ခတွေ့နေပြီထင်ပါရဲ့"

"ကဲ ကဲ ... ကောင်လေးနောက်လိုက်ကြ၊ လမ်းမှာမတွေ့ လည်း ဟိုဘက်ရွာအထိ လိုက်သွား၊ လေငြိမ်မှ ပြန်ခဲ့"

အမေ့ကိုတော့ လိုက်မသွားဖို့ ရွာလူကြီးက ပြောသည်။ သို့သော် အမေသည် သားဇောဖြင့် တားမရပါ။

မိုးတွေ လေတွေကြား သူ့နောက်လိုက်လာသော အမေ့ ကိုကြည့်ပြီး ဝမ်းနည်းစိတ်မကောင်းဖြစ်မိ၏။ သူ ဒီမှာဟု အော် ပြောသော်လည်း အမေက မကြားပေ။ လူအုပ်နှင့်အတူ ရွာပြင် ထွက်သွား၏။

"ရှေ့က ခင်တန်းသတိထားရမယ်ဟေ့၊ သစ်ပင်သစ်ကိုင်း တွေ ကျိုးကျနေတယ်"

ရွာသားကြီးတစ်ယောက်က သတိပေးအော်ပြောသည်။ အမေသည် ပါးစပ်က ဘုရားစာတတွတ်တွတ်ရွတ်လျက်ရှိ၏။ သူက အမေ့နောက် ထပ်ကြပ်မကွာလိုက်လာသည်။ ရှေ့ခပ်လှမ်း လှမ်းတွင် သူ လဲကျနေသောနေရာ။

"ဟိုမှာဟေ့ ... သစ်ကိုင်းကျိုးအောက်မှာ လူတစ်ယောက် လဲနေတယ်"

"ကောင်လေးများလား"

"ဘုရား ဘုရား၊ ကျုပ်သားလေး မဟုတ်ပါစေနဲ့"

အထိတ်တလန့်ဆုတောင်းလိုက်သော အမေ့ဆုတောင်း မပြည့်ပါ။ အနားရောက်၍ သစ်ကိုင်းတွေ ဖယ်သူကဖယ် လဲနေ

www.burmeseclassic.com

www.burmeseclassic.com



သော သူ့ကို ဆွဲမသူက မ,သည်။

"အမလေး သား ... သားလေး၊ ကျုပ်သားလေး"

"ဟာ ... တစ်ကိုယ်လုံး အေးစက်ဖြူဖွေးနေပြီ"

"အသက်ရှိသေးလား"

"ဒဏ်ရာရှာကြည့်ကြလေ၊ ဟ ... ခေါင်းက သွေးတွေ စီးကျနေတယ်"

တစ်ယောက်တစ်ပေါက် ဆူညံနေကြပြီး အမေက သူ့ရဲ့ အေးစက်ဖြူလျော်နေတဲ့လက်ကို တင်းတင်းဆုပ်လို့ ငိုနေရှာ၏။

"မြန်မြန်ထမ်းခေါ်ဟေ့ ... ရွာထဲ ပြန်ရောက်ဖို့ အရေးကြီး တယ်"

သူ့ကို ရွာသားတွေက ဝိုင်းဝန်းထမ်းပိုးပြီး ခပ်သုတ်သုတ်ထွက်သွားကြသည်။ သူ့အိမ်ရောက်တော့ အဝတ်လဲပေးပြီး ရေတွေခြောက်အောင်သုတ်ပေးကာ ခေါင်းကဒဏ်ရာကို သွေးမထွက်အောင် ပြုလုပ်ပေးကြသည်။

"ဝတ္တရားအရသာ ဆေးဆရာသွားခေါ်ရမှာ မရတော့ဘူး ထင်တယ်"

"ဟုတ်တယ်၊ သွေးလွန်တာရော၊ အအေးပတ်တာရော နဲ့ အသက်မရှိနိုင်တော့ဘူး"

အမေမကြားအောင်ပြောနေသော ရွာသားတချို့ရဲ့စကား တွေကို သူ ကြားနေရသည်။ ဒါဆို သူ သေပြီပေါ့၊ မလှုပ်မယှက် လဲလျောင်းနေသော သူ့ခန္ဓာကိုယ်ကြီးကိုကြည့်ပြီး ထိတ်လန့် သွား၏။

ဘုရား ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



သူသာ သေသွားလို့ကတော့ လောကအလယ်မှာ အမေ *တစ်ယောက်တည်း ရှင်ကျိုးကျန်ခဲ့ရှာလိမ့်မည်။* ပြီးတော့ တစ်နေ့ကမှ ဂုဏ်ထူးသုံးခုဖြင့် ဆယ်တန်းအောင်ထားသော သူ့အဖြစ်က နှမြောစရာပါလား။

ရှေ့အနာဂတ်အတွက် ရည်မှန်းချက်တွေနှင့် စိတ်ကူးယဉ်စီမံကိန်းချထားတာတွေ အလကားဖြစ်ကုန်တော့မည်။

မဖြစ်ဖူး၊ မဖြစ်ချေဘူး။ နှစ်ရက်သုံးရက်မလှုပ်မယှက်ရှိနေခဲ့သောသူသည် သွေးရူးသွေးတန်းဖြင့် ယောက်ယက်ခတ်နေခဲ့သည်။ ထို့နောက် အမှန်တကယ်သာ သူ သေသွားသည်ဆိုပါက လူအဖြစ်ပြန်ဝင်စားနိုင်အောင် တစ်ရွာလုံး လိုက်ကြည့်သည်။

ဟော ... တွေ့ပြီ။

လွန်ခဲ့တဲ့ သုံးလလောက်ကမှ မင်္ဂလာ ဆောင်ထားသော ရွာတောင်ပိုင်းက ခင်သန်းဦးနှင့်မျိုးမင်းတို့ လင်မယား။ ခင်သန်းဦးဗိုက်ထဲ ဝင်စားရမည်။

ဟာ ... ဒုက္ခပါပဲ။

ခင်သန်းဦးဗိုက်ထဲ ဝင်စားလို့ လုံးဝ မရဘဲ ဖြစ်နေသည်။ ဘယ်ရမှာလဲ! ခင်သန်းဦးဆိုတာ မြို့တက် ကုန်ဝယ်ရောင်းလုပ်နေတဲ့လူလည်မ။ သူက မြို့သူတွေနှင့်ပေါင်းပြီး ပဋိသန္ဓေတားဆေးတွေစားနေတာကိုး။ ထို့ကြောင့် သားသမီးဖြစ်လာမည့် သန္ဓေသားလောင်းတွေ အဖျက်ဆီးခံနေရ၏။

ဒီပတ်ဝန်းကျင်မှာကလည်း ခင်သန်းဦးတစ်ယောက်သာ ကိုယ်ဝန်ဆောင်ဖို့ အဖြစ်နိုင်ဆုံးပင်။ ခက်တာက ခင်သန်းဦးက သားလောင်းတွေကို တားဆီးနေသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


မည်သို့လုပ်ရမည်နည်း။ ဒီလိုနှင့် တကယ်ပဲ သူသေဆုံးပြီး လူ့ဘဝနှင့်ဝေးရတော့မည်လား။

သူ့အာခေါင်တွေ ပူခြစ်၍ စိုးရိမ်သောကစိတ်ကြောင့် တစ်ကိုယ်လုံးတုန်နေသလို သေငယ်ဇောနှင့်ချွေးတွေ ပျံလာလေသည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"ခင်ဗျားဟာက မဟုတ်သေးပါဘူး မစ္စတာလင်းရာ"

ကိုအောင်မျိုးက သူ့ကို အားမလိုအားမရပြောတာလား ဒါမှမဟုတ် စိတ်ပျက်လက်ပျက်ပြောချင်တာလားမသိ။ ထိုသို့ ညည်းညည်းတွားတွားပြောသည်။

"ဆိုစမ်းပါဦး ကိုအောင်မျိုး၊ မဟုတ်သေးဘူးဆိုတာ ဘာကိုပြောတာလဲ"

"ဘာကိုပြောတယ်ဆိုတာ ခင်ဗျားသိပါတယ် မစ္စတာ လင်းရာ"

ကိုအောင်မျိုးက အခိုင်အမာပြောလာမှတော့ သူ ဆက်ပြီး မသိချင်ယောင်ဆောင်နေ၍မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုအောင်မျိုးက ဝန်ထမ်းအသစ်ခန့်ဖို့ ဒီနေ့ အင်တာဗျူးကို အစာမကြေတာထင်တယ်"

"ခင်ဗျားသိနေတာပဲ၊ ဒါဆို တမင်လုပ်တာပေါ့"

"အင်း ... အဲသလိုထင်မယ်ဆိုလည်း ထင်နိုင်တာပဲ"

"ထင်နိုင်တာမဟုတ်ဘူးဗျ၊ ခင်ဗျားဟာက တကယ့်ဂွတီး ဂွကျနဲ့ဉစ္စာ၊ အရင်အင်တာဗျူးတွေတုန်းကလည်း ဒီအတိုင်းပဲ"

"အေးဗျာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဟိုးအရင်ကတည်းက ကျွန်တော့်ခံစားချက်ကို ပြောပြခဲ့သားပဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် လူမှုဝန်းကျင်အဖွဲ့အစည်းနဲ့ အလုပ်လုပ်တာ၊ နည်းနည်းပါးပါး လိုက်လျောညီထွေရှိဖို့တော့ လိုတာပေါ့"

ကိုအောင်မျိုးဆိုတာ သူနှင့်ညီအစ်ကိုရင်းသဖွယ် ချစ်ခင် ရင်းနှီးကြသူများဖြစ်သည်။ ယခု သူ့ကုမ္ပဏီတွင် ကိုအောင်မျိုးက မန်နေဂျာဆိုသော်လည်း အစစအရာရာ ကိုအောင်မျိုးစကားကို သူ နားထောင်ရ၏။

"ဒီမှာ မစ္စတာလင်း"

"ပြော ကိုအောင်မျိုး"

"သူများတွေက ကိုယ်တို့ကုမ္ပဏီကို ဘယ်လိုပြောကြ အယ်မှတ်သလဲ"

"ပြောပါဦး"

"မယ်ရုပ်ဆိုး၊ မောင်ရုပ်ဆိုး၊ လူအိုများကုမ္ပဏီတဲ့လေ"

"ဟား ဟား ဟား ဟား'

ကိုအောင်မျိုးစကားလည်းဆုံးရော သူက တဟားဟား



www.burmeseclassic.com

www.burmeseclassic.com


နှင့်အော်ရယ်လိုက်၏။

"အဲသလောက်တောင်ပဲလားဗျာ"

"မဟုတ်လို့လား မစ္စတာလင်းရဲ့"

သူ့နာမည်အပြည့်အစုံက ထင်လင်း။ သို့ပေမယ့် သူ့မိတ်ဆွေ၊ သူငယ်ချင်းတွေက မစ္စတာလင်းဆိုပြီး စတန့်ထွင်ခေါ်ရာက ခုတော့ တကယ်ပဲ မစ္စတာလင်းရယ်လို့ အမည်တွင်နေပြီ။

"ဘယ်သူတွေ ဘာပြောပြောပါ ကိုအောင်မျိုးရာ၊ ကျွန်တော်တို့အလုပ် ကျွန်တော်တို့လုပ်တာပဲ၊ ရုပ်ပြစားတာ မဟုတ်တော့ ဝန်ထမ်းတွေ ရုပ်ချောဖို့မလိုဘူး၊ အသက်ငယ်ဖို့လည်း မလိုဘူး၊ အသက်ကြီးတော့ ပိုတောင် ရင့်ကျက်သေးတယ်"

"သူများကုမ္ပဏီတွေက ငယ်ငယ်ချောချောလေးတွေဗျ"

"ကျွန်တော့်ကုမ္ပဏီက ကုန်ပစ္စည်း Quality အပြည့်ဗျ"

"ဝန်ထမ်းခန့်မယ့်အတူတူ ငယ်ငယ်ချောချော ပိုမကောင်းဘူးလား မစ္စတာလင်း"

"ဒါဆို အရည်အချင်းရှိရဲ့သားနဲ့ အသက်ကြီးပြီး ရုပ်ဆိုးတဲ့သူတွေ အလုပ်မခန့်ရတော့ဘူးလား ကိုအောင်မျိုး"

ကိုအောင်မျိုးက သူ့ကို ပြော၍ မနိုင်ဆိုတဲ့ ပုံစံမျိုးနှင့် စိတ်ပျက်လက်ပျက်ခေါင်းကို ဖြည်းလေးစွာ ရမ်းသည်။ သူက

"ကျွန်တော် ကိုအောင်မျိုးကို ကန့်လန့်တိုက်၊ ဂွတီးဂွကျ ပြောနေတာမဟုတ်ပါဘူးဗျာ၊ ကျွန်တော် ကြုံတွေ့ခံစားခဲ့ရတာတွေအတွက် ကိုယ်ချင်းစာနားလည်ပြီး လုပ်နေတာပါ၊ ကျွန်တော့် ခံယူချက်နဲ့သဘောထားကို မပြောင်းနိုင်တာတော့ ခွင့်လွှတ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ လုပ်ငန်းလည်း အောင်မြင်နေတာပဲ၊ ကိုယ်က သူများကုမ္ပဏီတွေထက် အစစသာစေချင်တဲ့လောဘနဲ့သာပြော နေရတာ"

"အရည်အချင်းရှိပြီး အလုပ်ကို တကယ်လုပ်ချင်တဲ့ ရိုးသားကြိုးစားသူဆို ရုပ်ချောချောမချောချော အရေးမကြီးပါဘူး"

"လူတိုင်းက ရုပ်ချောတာ ကြိုက်ကြတာပဲ၊ ဒါနဲ့ ရုပ် လည်းချောမယ်၊ အရည်အချင်းလည်းရှိမယ်ဆိုရင်ရော"

"အဲဒီတော့လည်း တစ်မျိုးပေါ့"

ပြောလို့သာပြောလိုက်ရတာ ရုပ်မလှသူတွေရဲ့ဘက်က ရပ်တည်ချင်သော သူ့စိတ်ခံစားချက်ကိုတော့ ယခုထိ မပြောင်းလဲ နိုင်သေးပါ။

သူသည် အညာသားရုပ်စစ်စစ်ဖြစ်ပြီး အသားညိုသည် ဆက် မဲသည့်ဘက်သို့ပင်ရောက်သူ။ ရုပ်ရည်ကလည်း ကြမ်းသူ ဖြစ်၏။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းဟု ဖြေလျှော့ ပြောကြသော်လည်း ရုပ်ဆိုးတာဟာ ရုပ်ဆိုးတာပဲဖြစ်သည်။

သို့သော် … ဟက်ဟက်ပက်ပက်ရယ်မောလိုက်လျှင် ဖွေးညီညာ လှပသော သွားတွေကိုတော့ ထူးခြားစွာ ပိုင်ဆိုင် သူဖြစ်သည်။

"အမြဲတမ်းရယ်နေ၊ ကြည့်အကောင်းဆုံးပဲ"

- အထက်ပါစကားကိုတော့ အမြဲကြားရတတ်၏။

"ရုပ်ကဆိုးပါတယ်ဆိုမှ ဒေါသဖြစ်ရင် ပိုကြောက်စရာ ကောင်းတယ်"

ထို့ကြောင့် သူသည် ဘယ်တော့မှ မျက်နှာကို စူပုပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးမာန်ဆိုးမနေရဲပါ။

သူ, ရန်ကုန်ရောက်စက ထမင်းတစ်လုတ်စားဖို့အတွက် အလုပ်ရှာတော့ ခေါ်သမျှအလုပ်တိုင်း ရုပ်ရည်ချောမော၊ ငယ်ရွယ်သူတွေသာ သတ်မှတ်ခေါ်သည်။ အင်တာဗျူးသွားဖြေတိုင်း ရုပ်ဆိုးသူ၊ အသက်ကြီးတွေ ဖြုတ်ချခံရတာများသည်။

နောက်ပိုင်း အလုပ်ခေါ်စာတိုင်း ရုပ်ရည်ပြေပြစ်၍ အသက် (၂၅) နှစ်အောက်ဆိုသောကြောင့် အလုပ်ကို မလျှောက်ရဲတော့ပေ။

ယခု သူ့ကုမ္ပဏီတွင် အထွေထွေဝန်ထမ်းအဖြစ် ခန့်ထားသော ဦးအေးရွှင်သည် ယခင်အလုပ်အင်တာဗျူးတွေဖြေစဉ်ကတည်းက သိကျွမ်းခဲ့သူဖြစ်၏။ ထိုစဉ်က ဦးအေးရွှင်အသက်က (၄၁) နှစ်။

လက်ရှိအသက် (၅၅) နှစ်ရှိပြီဖြစ်သော ဦးအေးရွှင်သည် သူ့ကုမ္ပဏီတွင် သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်နှင့် ကောင်းမွန်စွာ အလုပ်လုပ်နိုင်သူဖြစ်သည်။ ရုပ်ဆိုးလွန်းသော မောင်ဝင်းမိုး၊ မသက်ရီဝင်း၊ မအေးစိုးတို့မှာလည်း လုပ်ငန်းကျွမ်းကျင်၍ ယုံကြည်စိတ်ချအားကိုးရသူများပင်။

ဩော် ... ခက်နေတာက သူ့ကုမ္ပဏီကို "ရုပ်ဆိုးလူအိုရဲ့ကုမ္ပဏီ" တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဖြေသမျှ အင်တာဗျူးတိုင်းအောင်ကာ လျှောက်သမျှ အလုပ်တိုင်းရပြီး ထိုအလုပ်တွေအကုန်လုံးက ပြုတ်ခဲ့၊ အထုတ်ခံခဲ့ရသောသူသည် "ချမ်းမြေ့သာယာအေး" ဆိုသော သူမမှလွဲ၍ ဤလောကတွင် ရှိမည်မဟုတ်။

သူမအသက်ဆယ်နှစ်ကျော်ကတည်းက နွေရာသီကျောင်းပိတ်ရက်များတွင် ဝင်ငွေရတဲ့အလုပ်တစ်ခုခုလုပ်ရသည်။ အရောင်းစာရေး၊ စားပွဲထိုး၊ ဧည့်ကြိုစသဖြင့် ဘာပဲလုပ်လုပ် ရုပ်ရည်ချောမောလှပ၍ အလုပ်ရလွယ်၏။

သို့သော် ပြဿနာနှင့်ချမ်းမြေ့သာယာအေးသည် ပျော နှင့်သွားလို အမြဲတမ်း ခလုတ်တိုက်တတ်၏။ ထို့ကြောင့် အရာ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အကြောင်းကြောင်းဖြစ်သော သူမသည် အလုပ်ရှာရလွယ်သလောက် အလုပ်ကျ မမြဲပေ။

ဤသို့ဖြင့် အလုပ်တစ်ခုမှ အဖြုတ်ခံခဲ့ရသော သူမ၊ ကုမ္ပဏီတစ်ခုတွင် အလုပ်လျှောက်သည်။ ထိုသို့လျှောက်ရာတွင် အလုပ်မလုပ်ဖူးသေးသော သူငယ်ချင်းဖြစ်သူ သက်ရီဝင်းနှင့် အတူလျှောက်၏။

အင်တာဗျူးဖြေမည့်နေ့ရောက်တော့ လုပ်ငန်းအတွေ့အကြုံမရှိသော သက်ရီဝင်းက သူ့ကိုယ်သူ ယုံကြည်မှုမရှိ၊ ရုပ်ဆိုး၍ မရဲတရဲ၊ အသက်ကြီး၍ မသေချာမရေရာ။

တကယ်တမ်းအလုပ်ခန့်တော့ သက်ရီဝင်းက အလုပ်ရပြီး ရာနှုန်းပြည့်ယုံကြည်မှုရှိသောသူမက အရှေးမခံခဲ့ရပေ။

"တောက် ... ရာဇဝင်ရိုင်းလိုက်လေဟာ"

သူမက မချိတင်ကဲ တက်ခတ်မိ၏။ သက်ရီဝင်းက ...

"ငါက နင်ပဲရမယ်ထင်တာ သာသာယာရဲ့၊ ဘွဲ့ရတာချင်းတူပေမယ့် ငါက လုပ်ငန်းအတွေ့အကြုံလည်းမရှိ၊ ရုပ်ရည်ကလည်းမလှ၊ အသက်ကလည်းကြီးဆိုတော့ လျှောက်လို့သာလျှောက်ရတာ မျှော်လင့်မထားဘူး၊ အခု အလုပ်ခန့်တယ်ဆိုတော့ ထူးဆန်းလိုက်တာ"

ဟုတ်သည်။ သက်ရီဝင်းပြောသလို ထူးဆန်းသည်။ အရည်အချင်းချင်းတူဦးတော့ ရုပ်လှတာ၊ အသက်ငယ်တာကိုပဲ ဦးစားပေးမှာ သေချာသည်။ ယခုတော့ ...။

"အလကားလူ့ဂွစာကြီးနေမှာ သူ့ရုပ်ဆိုးတိုင်း ရုပ်ဆိုးတာရွေးတာနေမှာ ... အဲ ... ငါက နင့်ကို ရုပ်ဆိုးတယ်လို့ ပြောတာမဟုတ်

www.burmeseclassic.com



တာ မဟုတ်ဘူးနော်၊ ဟိုလူကြီးကို ပြောချင်လို့ဟ"

"အေးပါ၊ ငါ စိတ်မဆိုးပါဘူး၊ ငါ မလှတာကို လှတယ်လို့ စိတ်ချမ်းသာအောင်ပြောပေးစရာမလိုပါဘူး၊ ကိုယ့်ရုပ်ကိုယ် မှန်ထဲ မြင်နေရတဲ့ဥစ္စာ"

"နင်က Body လှပါတယ် သက်ရှိဝင်းရဲ့"

"တော်ပါ"

"ပြီးတော့ ... စိတ်လည်းလှသားပဲ၊ နင် ပြင်ပြင်ဆင်ဆင် နေလို့ မဟုတ်ရင် ဒီလောက်မဆိုးပါဘူး"

"မလှတာဟာ မလှတာပါပဲ သာယာရယ်"

"နေဦး ဆရာတော်တစ်ပါးရေးတဲ့စာဖတ်ဖူးတယ်၊ ဘယ်ဆရာတော်ရေးတဲ့ ဘာစာအုပ်ပါလိမ့်၊ တစ်နေ့ကပဲ ဖတ်တယ်၊ အခု မေ့သွားပြီ"

"နင် အဲသလိုမေ့တတ်တာလည်း အလုပ်ပြုတ်ရတဲ့ အကြောင်းရင်းတစ်ခုပဲ သာယာ"

"အေး ... ဟုတ်တယ်၊ နေဦး၊ ငါ ဆက်ပြောမယ်၊ အဲ့ဒီဆရာတော်က စိတ်လှအောင်လည်းပြင် ရုပ်လှအောင်လည်း အလှပြင်ဆိုင်သွားပါတဲ့၊ ရုပ်လှတဲ့အတွက် အကုသိုလ်က ဖယ်ရှားနိုင်တယ်ဆိုပဲ"

"ဘယ်လိုဖယ်နိုင်တာလဲ"

"ဟိုးရှေးတုန်းကပေါ့၊ ဘုရင်ကြီးတစ်ပါးဟာ သူ့မြို့တွင်းမှာ အမဲသားမစားရလို့ သတ်မှတ်ထားတယ်၊ ခိုးစားလို့မိရင် အပြစ်ဒဏ်ပေးတယ်၊ အဲ့ဒါ ရုပ်ချောတဲ့ကောင်မလေးမိသားစုက ခိုးချက်စားတယ်၊ မိသွားတော့ ပြစ်ဒဏ်အဖြစ် မိသားစုရော

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတွေပါ မြေသယ်၊ ပေါက်တူးပေါက်၊ အလုပ်ကြမ်းတွေနဲ့ ပြစ်ဒဏ်ပေးခံရတယ်"

"အင်း"

"အလုပ်ကြမ်းပြစ်ဒဏ်ခံနေရတဲ့ ရုပ်ချောတဲ့ကောင်မလေးကို ဘုရင်ကြီးမြင်တော့ ငယ်ငယ်နုနုချောချောရုပ်ရည်လေးနဲ့ အလုပ်ကြမ်းက မလိုက်ဖက်မတန်ရာဘူးဆိုပြီး ပြစ်ဒဏ်က ကင်းလွတ်ပေးလိုက်တယ်၊ ရုပ်ချောတဲ့ကောင်မလေးကိုမှီပြီး မိသားစုတွေလည်း ပြစ်ဒဏ်က ကင်းလွတ်သွားရတယ်တဲ့"

"သြော်"

"ကဲ ... ရုပ်လှတော့ အကုသိုလ်ကိုဖယ်မသွားဘူးလား"

"အင်း ... ဟုတ်တယ်"

"ဒါကြောင့် ရုပ်လှအောင်ပြင်ပါ သက်ရီဝင်းရဲ့၊ စိတ်လှသလို ရုပ်လည်းလှရမယ်၊ ရုပ်လှသလို စိတ်လည်းလှရမယ်"

"ပြောတာလွယ်တယ်နော်၊ အလှပြင်ဆိုင်တစ်ခါသွားဘယ်လောက်လဲ"

"ကိုယ့်ဖာသာပြင်တတ်အောင် လေ့ကျင့်လေ၊ ကိုယ်နဲ့လိုက်ဖက်တဲ့ဆံပင်ပုံစံကိုသာ အလှပြင်ဆိုင်မှာ သွားလုပ် ဆံပင်ပုံစံကလည်း လူတစ်ယောက်ရဲ့ရုပ်ကို ပြောင်းသွားစေတာပဲ"

"ငါကလေ နင့်လို ဘာမှမပြင်မဆင်၊ မလိမ်းမခြယ်ဘဲနဲ့ လှချင်တာ သာယာရဲ့၊ ပြင်ရမှာပျင်းတယ်"

"ပျင်းမနေနဲ့ ... နင့်အတွက်ပြောတာ"

"အေးပါ ... အေးပါ"

"အခုပြောခဲ့သလို ရုပ်လှတာဟာ အကုသိုလ်ကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားနိုင်ပါတယ်ဆိုမှ ငါ့အဖြစ်က ရှားရှားပါးပါးအလုပ်မရတဲ့ အဖြစ်နဲ့ကြုံရတယ်"

"ဒါပေမယ့် ... နင်က ဒီအလုပ်မရလို့ နောက်တစ်ခု ပြောင်းလျှောက်လည်း ချက်ချင်းရတာပဲ သာယာရယ်၊ ငါဆို ဘယ်ရနိုင်ပါ့မလဲ၊ ငါ ဒီအလုပ်ရတာ ကံကောင်းတယ်"

"အေးပါ၊ ငါ မရပေမယ့် နင်ရတာပဲ ဝမ်းသာလှပါပြီ"

"နင်နဲ့အတူတူလုပ်ရရင်ကောင်းမှာနော် သာယာ"

"အင်းပေါ့ ... ဒါနဲ့ ငါတို့ကို အင်တာဗျူးတာ အခု နင်တို့ သူဌေးလား သက်ရီဝင်း"

"အင်း"

"ရုပ်ဆိုးလိုက်တာ"

"လူပျိုကြီးတဲ့"

"ဒါဆို ဒီတစ်သက်မိန်းမရမှာ မဟုတ်ဖူး"

"အဲသလိုရုပ်ဆိုးတဲ့သူတွေက ရုပ်လှတာရတတ်ပြီး နင်လို ချောလှတဲ့သူတွေက ရုပ်ဆိုးတာနဲ့ရတတ်တယ်တဲ့"

"ဟယ် ... မဟုတ်ကဟုတ်က"

"ဘယ်ကလာ မဟုတ်ကဟုတ်ကရမှာလဲ၊ လောကမှာ ဒီအဖြစ်မျိုးတွေက တစ်ပုံကြီး"

"တော်စမ်းပါ"

သူမက သက်ရီဝင်းကို မျက်စောင်းထိုးရင်း လွန်ခဲ့တဲ့ တစ်ပတ်က အင်တာဗျူးကို သတိရလိုက်မိသည်။ တစ်သက်နှင့် တစ်ကိုယ် ဖြေခဲ့ဖူးသော အင်တာဗျူးများတွင် အဓိပ္ပါယ်မရှိဆုံး၊ အူကြောင်ကြောင်အနိုင်ဆုံးအင်တာဗျူးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားတာမဟုတ်သော်လည်း အလွန်မေ့တတ်ပါသည်ဆိုသော သူမခေါင်းထဲတွင် ထိုနေ့ဖြစ်ရပ်က စွဲမြဲအောင် မှတ်မိနေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

အမေ့ကို မန္တလေးထိ လာကြိုမည်ဟု ရက်အတိအကျ ပြော ကတိပေးခဲ့ပြီးကာမှ အကြောင်းကိစ္စက ပေါ်လာသည်။

"ဒုက္ခပါပဲဟာ ... အမေလာမယ်ဆိုပါမှ အရေးပေါ်ကိစ္စက ပေါ်လာတယ်၊ နဂိုကမှ ရန်ကုန်လာတိုင်း ပြဿနာရှာတတ်တဲ့အမေနဲ့တော့ ခက်တာပဲ"

သူက ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း ညည်းညူပြောသည်။ ဒီလိုစကားတွေစလာပြီဆိုကတည်းက မြားဦးက သိန်းကြွယ်ဘက်လှည့်လာတော့မည်ဆိုတာ သိနေ၏။

သိန်းကြွယ်က သူ့ဘက်လှည့်လာမည့်မြားဦးကို မိခင့်နှင့်ဖခင်ဖြစ်သူဘက် ပြန်လှည့်ပေးလိုက်သည်။

www.burmeseclassic.com


"အမေနဲ့အဖေပဲ ကြီးကြီးနှင်းကို မန္တလေးဆင်း သွားကြို လိုက်ပေါ့၊ အားလည်းအားနေတဲ့ဟာ"

"ဟဲ့ ... နှစ်ယောက်သွားကြိုတော့ နှစ်ယောက်စရိတ် ကုန်တာပေါ့၊ ပြန်လာရင်သုံးယောက်စရိတ်"

"အစ်ကိုက ကုမ္ပဏီပိုင်သူဌေးပဲ၊ သူဌေးရဲ့အမေကို သွား ကြိုတာ ဒီလောက်တော့ရှိရမှာပေါ့"

"ကုမ္ပဏီပိုင်ရှင်သူဌေးလည်း မလိုအပ်ဘဲ ပိုက်ဆံအပို သုံးတွေများရင် မွဲသွားနိုင်တာပဲဟဲ့၊ မိန်းမလည်သိန်းကြွယ်ရဲ့"

ဒေါ်လှမြိုင်က သူ့သမီးကို စိတ်တိုလျှင် သိန်းကြွယ် အစား မိသိန်းကြွယ် ဒါမှမဟုတ် မိန်းမလည်သိန်းကြွယ်ဟု ခေါ် တတ်သည်။ သိန်းကြွယ်၏ဖခင်ဦးဘစီနှင့်ထင်လင်း၏မိခင် (ယခုလာမည့်သူ) ဒေါ်နှင်းရီတို့က မောင်နှမအရင်းခေါက်ခေါက် တွေ။ ရန်ကုန်တွင် အတူနေပြီး ယခုထိ အိမ်ထောင် မပြုသေး သော ထင်လင်းအတွက် စားရေးသောက်ရေး၊ လျှော်ရေး၊ ဖွတ်ရေးကအစ အဆင်ပြေသည်။

"ဒါဆို အဖေ့အစ်မကို အဖေပဲ တစ်ယောက်တည်း သွား ကြိုပေါ့"

တစ်ယောက်တည်းဆိုသောစကားက ဦးဘစီကို စတွန့် သွားစေသည်။ အညာမှာနေစဉ်က သချိုင်းကုန်းတွေဖြတ်ပြီး တစ်ရွာမှတစ်ရွာ အချိန်မတော်ကူးသန်းသွားလာခဲ့သော်လည်း မြို့ကြီးပြကြီးရောက်တော့ တစ်နေရာမှတစ်နေရာသွားဖို့ အင်မတန်ကြောက်သည်။

"ငါ မသွားရဲပါဘူးဟာ ... နင်တို့မြို့ကြီးတွေက မျက်စိ


www.burmeseclassic.com

www.burmeseclassic.com


ရှုပ်နားရှုပ်နဲ့၊ ဘူတာမှာလည်း ရထားတွေက အများကြီးပဲ၊ တော်ကြာမျက်စိလည်ပြီး ဟိုရောက်ဒီရောက်ရောက်သွားရင် ဘယ်လိုလုပ်မလဲ”

တောသူတောင်သားတွေက အင်မတန်ကို ရိုးပါသည်။ သတ္တိက သူတို့ရှိချင်တဲ့နေရာရှိပြီး၊ မရှိချင်တဲ့နေရာကျ အလွန်ကြောက်တတ်၏။

“မလည်မဝယ် ကိုယ့်မိဘနှစ်ပါးကို ခိုင်းချင်သေးတယ် မိသိန်းကြွယ်ရာ၊ နင်က ဆရာမကြီးပဲ၊ နင်သွား၊ ဟင်း မန္တလေး–ရန်ကုန်ကို ဒိုးလိုမွှေ ရေလိုနှောက်ရုံတင်မက နိုင်ငံခြားသွားဖို့ထိပါ မျက်စောင်းထိုးနေတဲ့သူက”

“အဲဒါ အစ်ကို့ကိုတူလို့ ထက်ထက်မြက်မြက်ရှိတာလေ”

“အေး ... အဲ့ဒီထက်ထက်မြက်မြက်လေးပဲသွား”

“အဟွန့် ... ညီမက သင်တန်းသွားရမှာ”

“လျှာမရှည်နဲ့၊ အဲဒီသင်တန်း နင်သွားချင်တဲ့အခါမှ သွားတာ ငါသိတယ်၊ မန္တလေးသွားကြိုမှာ ဘယ်နှစ်ရက်ကြာမှာမို့လဲ”

အမှန်က အခုလို ခရီးထွက်ရတာမျိုးကို သိန်းကြွယ်တို့ သိပ်ကြိုက်သည်။ ခက်တာက ကြီးကြီးနှင်းနှင့်ဘယ်လမ်းမှ အတူမသွားချင်တာပဲဖြစ်သည်။ အင်မတန် ကဂျီကဂျောင်များ၍ ကတ်သီးကတ်သပ်၊ ဂွတီးဂွကျနိုင်လှသောကြောင့် သိန်းကြွယ်တို့ လက်မြှောက်ထားရသူပင်။

“ဒီမောင်နှမတွေ ဘာများဆွေးနွေးတိုင်ပင်နေကြတာလဲ”

ပြောပြောဆိုဆို အိမ်ထဲဝင်လာသူက ကိုအောင်မျိုး။

“ဆွေးနွေးတိုင်ပင်နေတာမဟုတ်ဖူးဗျ၊ ငြင်းခုန်နေကြတာ


www.burmeseclassic.com

www.burmeseclassic.com


လာ ... ထိုင် ကိုအောင်မျိုး"

"ကုန်ပစ္စည်းအော်ဒါတွေ ထပ်ဝင်တယ် မစ္စတာလင်း"

"ဟုတ်လား' ကောင်းတာပေါ့ဗျာ၊ ဒါပေမယ့် ခက်တာက နိုင်ငံခြားဧည့်သည်ကလည်းလာမယ်၊ အမေကလည်းလာမယ် မန္တလေးဆင်းလာကြိုမယ်ပြောပြီး မသွားနိုင်တော့ဘူး"

"သိန်းကြွယ်ကို လွှတ်မလို့လား"

"အခု ... အဲ့ဒါပြောနေကြတာ"

"ဒီလိုလုပ်မယ်လေ ကိုလင်း"

"ပြော ... ကိုအောင်မျိုး"

"လုပ်ငန်းကိစ္စနဲ့ မန္တလေးသွားမယ်လို့ ကိုယ်တို့ပြောထားတယ်မဟုတ်လား"

"အင်း"

"ကိုယ် အခုပဲသွားလိုက်မယ်၊ ပြီးရင် ကိုလင်းအမေကို တစ်ခါတည်းကြိုခဲ့တာပေါ့"

"ကောင်းသားပဲ ကိုအောင်မျိုး၊ မတတ်သာလို့သာ မိသိန်းကြွယ်လွှတ်မလို့စိတ်ကူးတာ၊ အမေနဲ့အဲဒီရှုပ်ပလာမနဲ့က ဖြစ်မှာမဟုတ်ဖူး"

"အဟား ဟား ဟား"

"ဟွန်း ... အစ်ကိုတို့သားအမိနှစ်ယောက်က ပွတီးပွကျဲ သမားတွေဆိုတာ ထည့်မပြောတော့ဘူးလား၊ ငါအသိ၊ ငါ အတတ်၊ ငါပြောတာမှအမှန်၊ ဖူးဆိုဖရုံမသီး၊ ငါတကောကောတဲ့ လူတွေ"

"ဟဲ့ သိန်းကြွယ်၊ ကိုယ့်အစ်ကိုနဲ့ကြီးကြီးကို ဘယ်လို


www.burmeseclassic.com

www.burmeseclassic.com


ပြောလိုက်တာလဲ"

"နေပါစေ လေးမြိုင်၊ နောက်ဘဝကျ သူ့နှုတ်သီး ဒို့ထက် ပိုထော်မှာ"

တလောကလုံး ပြေးကြည့်မှ သွေးသားဆို၍ ဒါလေးတွေပဲရှိသည်။ ထို့ကြောင့် သူ့မှာ ဒီညီမကိုပဲ ချစ်နေရ၏။ အလိုလိုက်နေရ၏။

"ကျွန်တော်က မိသိန်းကြွယ်သွားရင် တစ်ယောက်တည်းဖြစ်နေလို့ လေယာဉ်နဲ့သွားခိုင်းမှာ ခုတော့ လေယာဉ်ခ သက်သာသွားပြီ ဟဲ ဟဲ"

"ဟာ ... လေယာဉ်နဲ့ဆို ကြီးကြီးနှင်းကို ညီမသွားကြို မယ်၊ ရှီးစမိုးလေးနဲ့ လေယာဉ်စီးချင်နေတာ"

"တော်ပြီ ... ခုမှတော့မရတော့ဘူး၊ ကိုအောင်မျိုးနဲ့အဆင် ပြေသွားပြီ"

"ဟင်' ကိုအောင်မျိုးက ကုမ္ပဏီမှာ ပစ္စည်းအော်ဒါ ဝင်တယ်ဆို"

"နင် လာကူပေါ့၊ နင် နည်းနည်းပါးပါး နားလည်နေပြီပဲ တိုယ့်အစ်ကိုရဲ့ကုမ္ပဏီလေ"

"တော်ပြီ၊ တော်ပြီ အစ်ကိုတို့ ကြီးကြီးနှင်းတို့နဲ့ နာရီ ပေါင်းများစွာ အတူနေရမယ့်အလုပ်ဆို ဘာမှမလုပ်ဖူး၊ သင်တန်း တွေပြီးလည်း နိုင်ငံခြားသွားပြီး အလုပ်လုပ်မှာ"

"တွေ့လား ကိုအောင်မျိုး၊ ကျွန်တော်ရှာတာစားပြီး ဒီ စကားမျိုးပြောတာ"

"ဟား ဟား ဟား"


www.burmeseclassic.com

www.burmeseclassic.com


ကိုအောင်မျိုးကတော့ ဘာပြောပြော သဘောတကျ ရယ်နေတာပါပဲ။

နေနှင့်ဦးပေါ့။ ဒင်းကို သိန်းကြွယ်နှင့်ပေးစားပစ်လိုက်ဦးမည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ယခုတလော ဘာဖြစ်နေမှန်းကိုမသိ။ အလုပ်ကံဇာတာ ဝဲ ညံ့နေ၍လားမပြောတတ်။ တစ်သက်နှင့်တစ်ကိုယ် မကြုံ ူး အင်တာဗျူးမှာ ပြုတ်ခဲ့သည်။ နောက်အလုပ်တစ်ခုက စ်ပတ်နှင့်အလုပ်ပြုတ်ခဲ့သည်။

"ဘယ်လိုဖြစ်ရတာလဲ သာယာရယ်"

သက်ရှိဝင်းနှင့်တွေ့တော့ ထိုသို့ တအံ့တသြဆိုသည်။

"မေ့တာလေ၊ မေ့တာ အရေးကြီးဖုန်းတွေ လက်ခံပြီး ငွေးကို ပြောဖို့မေ့တာ"

"ဟဲ့ ... မေ့တတ်ရင် ပို့က်ဘုတ်မှာရေးထားပေါ့၊ နေ့စဉ် တင်ပြစရာရှိလဲဆိုတာ ပို့က်ဘုတ်ကြည့်ပြီး ပြောရမှာ"



www.burmeseclassic.com

www.burmeseclassic.com


"အဟဲ ... အဲ့ဒီပို့က်ဘုတ်မှာရေးဖို့ကိုမေ့တာ"

"ဖုန်းလက်ခံပြီးတာနဲ့ချက်ချင်းထရေးလေ"

"ချက်ချင်းရေးရအောင် နောက်ထပ်ဖုန်းက ချက်ချင်းဝင်လာတာကိုးဟဲ့၊ အဲ့ဒီတော့ ရှေ့ကကိစ္စကမေ့ရော"

"ကျွတ်ကျွတ်၊ ကျွတ်ကျွတ်"

"အဲ့ဒီတော့ တစ်ဖက်က အမှာစကားတွေ၊ လုပ်ငန်းကိစ္စချိန်းဆိုတာတွေ အကုန်အလွဲလွဲအချော်ချော်နဲ့ ဖြစ်ကုန်ရော၊ သူဌေးဘက်က ငါ့ကြောင့် မျက်နှာပျက်ရ၊ တောင်းပန်ရနဲ့ ခဏခဏပဲ"

"အဲ့ဒါ ဘယ်အလုပ်ရှင်က ကြိုက်မလဲ"

"အေး ... သူဌေးက ပြောလိုက်ပါသေးတယ်၊ ငါက သူ့ကိုအသေသတ်မယ့်သူတဲ့ ခစ်"

"ဩော် ... ရယ်နေနိုင်သေးတယ်ပေါ့"

"မရယ်လို့ ငိုနေရမှာလားဟ"

"နောင်မဖြစ်စေရပါဘူးဆိုပြီး နင်က မတောင်းပန်ဘူးလား"

"နောင်မဖြစ်ဖို့ ငါမှ အာမမခံနိုင်တာ ဖြစ်ပြီးသမျှအတွက်တော့ တောင်းပန်ခဲ့ပါတယ်"

"နင်ဟာလေ လူက ချောချောလှလှ၊ အင်္ဂလိပ်စာလည်းကောင်းရဲ့သားနဲ့ အဲ့ဒီမေ့တတ်တာရယ်၊ အရာရာနဲ့အကြောင်းကြောင်းဖြစ်တတ်တာရယ်ကြောင့် အကြောင်းဆိုးနေတာ"

"ရှိပါစေတော့ဟာ ... ဒါနဲ့ နင်ရော အလုပ်မှာ အဆင်ပြေလား"


www.burmeseclassic.com

www.burmeseclassic.com



"ပြေတယ်၊ ပြောရဦးမယ်ဟ၊ ငါတို့သူဌေးရဲ့ ထူးခြားတဲ့ အကျင့်ကို"

"အင်း … ပြော"

"သူက သူ့ကုမ္ပဏီမှာ အလုပ်ခန့်ရင် ရုပ်မလှသူ၊ အသက်ကြီးသူ၊ လုပ်ငန်းအတွေ့အကြုံ လုံးဝ မရှိသူတွေကိုမှ ဦးစားပေးခန့်တာဟဲ့"

"ဟဲ့ … ဘယ့်နှာကြီးတုန်း"

"အဲ့နှာကြီးပဲ၊ ခိုင်လုံတဲ့ရုပ်ကွက်က သတင်းအတိအကျရထားတာ၊ ဒါကြောင့် နင်အလုပ်မရတာ"

"မြတ်စွာဘုရား"

သက်ရီဝင်းက အခိုင်အမာထပ်ပြောသည်။ သူမက ကြုံခဲ့ဖူးသော အင်တာဗျူးနေ့ကို ပြန်သတိရလာသည်။

အဲဒီနေ့က အင်တာဗျူးမှာ သူမကိုမေးခဲ့သော မေးခွန်းတွေကိုပဲကြည့်။ သူမ တစ်သက်နှင့်တစ်ကိုယ် မည်သည့်အလုပ်အင်တာဗျူးမှာမှ မကြုံခဲ့ဖူးသောအဖြစ်။

ဘာတဲ့။ ခါကာဘိုရာဇီတောင်ရဲ့အမြင့်ပေ။ မြန်မာနိုင်ငံရဲ့တောင်မြောက်အရှည်မိုင်။ တရုတ်နိုင်ငံမဟာတံတိုင်းကြီးရဲ့အရှည်။ ဂြိုဟ်ကြီးကိုးလုံးရဲ့အမည်။ အရှေ့တောင်အာရှ (၁၀) နိုင်ငံရဲ့အမည်နဲ့မြို့တော်အမည်။

မေးခွန်း (၅) ခုလုံးကို သူမက ဟင့်အင်းဟုသာ ခေါင်းခါခဲ့၏။ ဒါကိုပဲ အဲဒီသူဌေးက …

"တစ်ခုမှမသိဘူး ဟုတ်လား၊ အံ့သြစရာပဲ မေးသည့်မေးခွန်းတွေက အလယ်တန်းကနေ တက္ကသိုလ်ထိ သင်ခဲ့ဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com


စာတွေချည်းပဲ"

ဒါတော့ သူပြောမှလား။ ဘွဲ့ရလို့ လုပ်ငန်းခွင်တွေ တောင်ဝင်နေမှ ဘယ်သူက ဒါတွေ မှတ်မိပါတော့မလဲ။

အဲ့ဒီတုန်းကတော့ မစဉ်းစားမိခဲ့ပေမယ့် ယခုမှ သဘော ပေါက်လာသည်။ ဒါ မဖြေနိုင်အောင် တမင်မေးခဲ့တာတွေနေမှာ ပေါ့။ သက်ရှိဝင်းတို့တစ်တွေကျတော့ မိသားစုဘယ်နှစ်ယောက် ရှိသလဲ။ ဘယ်မှာနေတာလဲ။ ဘာအလုပ်လုပ်ဖူးလဲ။ လစာ ဘယ် လောက်မှန်းထားလဲ စသဖြင့် သမရိုးကျပဲမေးသည်။

"ဟုတ်ပါပြီ၊ ငါ့ကို အလွယ်တကူမဖြေနိုင်တာတွေ တမင် ရွေးမေးခဲ့တာကိုး"

သူမက တစိမ့်စိမ့်တွေး တရေးရေးပေါ်ဆိုတာလို သဘောပေါက်လာသည်။

"ဟုတ်ပါတယ်ဆို၊ နင်က တခြားအလုပ်ရှင်တွေ သတ် မှတ်ထားတဲ့ အရည်အချင်း၊ အချက်အလက်တွေနဲ့အားလုံးပြည့်စုံ နေတာပဲ၊ ရုပ်ချောတယ်၊ ငယ်ရွယ်ဖျတ်လတ်တယ်၊ လုပ်ငန်း အတွေ့အကြုံတွေ အများကြီးရှိတယ်၊ ဒါတောင် မခန့်ခဲ့တာပဲ"

"အဲ့ဩစရာ"

"ပြီးတော့ သူ့ဒွေးက ငါတို့ကိုပြောတဲ့အထဲမှာ အလုပ် တစ်ခုလုပ်တာ ဘယ်သူကမှ မွေးကတည်းက တတ်ကျွမ်းမလာ ဘူးတဲ့၊ အလုပ်ကို ကြိုးကြိုးစားစားလုပ်ချင်စိတ်ပဲ အရေးကြီး တယ်တဲ့၊ ဒါကြောင့် လုပ်ငန်းအတွေ့အကြုံရှိမှဆိုတဲ့အချက် လည်း အရေးမကြီးဘူးတဲ့လေ"

"ကမ္ဘာ့အံ့ဖွယ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com


"သေချာစဉ်းစားကြည့်ရင် သူဌေးပြောတာလည်း ဟုတ်တာပဲ၊ လုပ်ငန်းအတွေ့အကြုံရှိလားဆိုတဲ့ပညတ်ချက်ကြီးက အလုပ်စလျှောက်တဲ့တက်သစ်စလူငယ်တွေအတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလျော့စေတယ်"

"အင်း … နင်တို့သူဌေးက လူ့ဝွစားကြီးထင်တယ်၊ ဒါပေမယ့် … စိတ်ဝင်စားစရာတော့ ကောင်းသားဟဲ့"

"နေဦး နင့်ကို ဒီထက်စိတ်ဝင်စားစရာပြောဖို့ ကျန်သေးတယ်"

"ဘာလဲ"

"အခု ငါတို့ကုမ္ပဏီက Reception မှာ လူသစ်ထပ်ခန့်ဖို့ရှိတယ်၊ ဒီတစ်ခါ ဝန်ထမ်းခန့်တဲ့ကိစ္စမှာ သူဌေးဝင်မပါတော့ဘူးတဲ့၊ မန်နေဂျာကပဲ စီစဉ်မှာ ငါ နင့်ကို ပြောပေးမယ်သာယာ"

"ဖြစ်ပါ့မလား"

"ပါးစပ်စိုက်ရတာပဲဟာ … ရရင်လုပ်မှာမဟုတ်လား"

"ဩော် … လောလောဆယ်အလုပ်ပြုတ်ပြီး အလုပ်ရှာနေတဲ့ဟာ၊ အလကားနေရင်းအလုပ်ရရင် လုပ်မှာပေါ့ဟဲ့"

"ရမှာပါ၊ တို့နှစ်ယောက်အတူ တစ်နေရာတည်း အလုပ်လုပ်ရရင် ဘယ်လောက်ပျော်စရာကောင်းမလဲ"

"အဲဒီကုမ္ပဏီအတွက်တော့ ရင်လေးစရာ"

"ခစ် ပြောတော့မယ် သာယာရယ်၊ ကိုယ့်ကိုယ်ကိုယ်ပဲ ဒီလောက်အထင်ကြီးရလား"


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ပြည်တွင်းပြည်ပ ပစ္စည်းအော်ဒါအသစ်တွေ ဝင်ရုံမက နိုင်ငံခြားဧည့်သည်တွေကို ဧည့်ခံရ၊ ဆွေးနွေးညှိနှိုင်းရနှင့် မအားမလပ်ဖြစ်ရသည်။ နေ့လယ် အမေ့ကို ရန်ကုန်ဘူတာကြီး သွားကြိုဖို့ပင် မတတ်နိုင်တော့ပေ။ ကိုအောင်မျိုးဖုန်းဆက်တော့

"ကျွန်တော် လာမကြိုအားတော့ဘူး ကိုအောင်မျိုးရေ၊ ရုံးက ဒရိုင်ဘာနဲ့ ကားလွှတ်လိုက်ရမလား၊ ဒါမှမဟုတ် **Taxi** နဲ့ပဲ ပြန်လာမလား"

"တကူးတကကြီး ကားလွှတ်မနေပါနဲ့၊ **Taxi** နဲ့ပဲ ပြန်လာလိုက်မယ်၊ ခက်တာက ခင်ဗျားအမေ တဖျစ်တောက်တောက် ပြောနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“သိတယ် ကိုအောင်မျိုး၊ အမေ့အကြောင်း မသိဘဲနေပါ့သေား၊ မတတ်နိုင်ဘူးဗျို့၊ အလုပ်တွေကရှုပ်နေတယ်၊ ခင်ဗျားတော့ အတော်နားပူခံရမယ်”

“ဟဲ ဟဲ၊ တစ်ခါတလေတော့လည်း ကျောပူနားပူခံပေးရတာပေါ့၊ အပျင်းပြေပါတယ်ဗျ”

“ကျွန်တော့်အမေကို အခုလိုအားပေးတဲ့အတွက် ကျေးဇူးတင်တယ်၊ ဟား ဟား ဟား”

သူက ကိုအောင်မျိုးအဖြစ်ကိုမြင်ယောင်ပြီး တဟားဟားရယ်မိသည်။ Hip-Hop သီချင်းတောင် ဘယ်လိုမှ နားမခံနိုင်သော ကိုအောင်မျိုးအကြောင်းမသိတာမှ မဟုတ်တာ။

ကိုအောင်မျိုးခမျာလည်း မန္တလေးရောက်၍ ဒေါ်နှင်းရီနှင့်စတွေ့ကတည်းက တဖျစ်တောက်တောက်၊ ပူညံပူညံနားသောတဆင်ခဲ့ရသည်။

ဒါတင်မက တစ်ညလုံးနှင့်နေ့တစ်ဝက် ရထားအတူစီးခဲ့ရတာဆိုတော့ စဉ်းစားသာကြည့်ပေတော့။

“ကုမ္ပဏီသူဌေးဖြစ်နေပြီဆိုတော့ မင်းညီက အဝေးကြီးက လာရတဲ့မအေကိုတောင် လာမကြိုနိုင်ဘူးပေါ့လေ”

“ကျွန်တော်လည်း အလုပ်ကိစ္စနဲ့မန္တလေးလာရမှာဆိုတော့ ကြီးကြီးနှင်းကိုကြိုဖို့ အဆင်ပြေသွားလို့ပါ၊ မဟုတ်ရင် ခင်လင်းကိုယ်တိုင် လာဖြစ်အောင်လာမှာပါ”

လူကြီးမိဘအပေါ် သိတတ်ပြီး ယဉ်ကျေးသိမ်မွေ့သော ကိုအောင်မျိုးကို ဒေါ်နှင်းရီက သားတစ်ယောက်လိုပဲ ချစ်သည်။

“ဟဲ့ ... ငအောင်မျိုး၊ ငါ ရန်ကုန်မှာမရှိတဲ့အချိန် မင်းညီက

www.burmeseclassic.com

www.burmeseclassic.com


ရည်းစားလေးဘာလေးမရှိသေးဘူးလား"

"လုပ်ငန်းအောင်မြင်ပြီး အလုပ်တွေများတော့ သူလည်း အဲဒီကိစ္စတွေ မစဉ်းစားအားဘူး ကြီးကြီးရဲ့"

"ဟဲ့ ... မစဉ်းစားအားလို့ရမလား၊ အသက်ပဲ သုံးဆယ် နားနီးနေပြီ၊ ငါက ဘယ်တော့ မြေးချီရမှာလဲ' မင်းတို့ကလည်း နည်းနည်းပါးပါး ဆော်အောဦးလေဟယ်"

"ဗျာ!"

မြားဦးက ကိုအောင်မျိုးဘက် လှည့်လာသည်။

"ငါ့သားသာ မိန်းမယူလို့ မြေးတွေ၊ ချွေးမတွေနဲ့မိသားစု စိုစိုပြည်ပြည်ဖြစ်ရင် ရန်ကုန်ကနေ ငါ ဘယ်မှမပြန်တော့ဘူးလို့ ပြောထားသားပဲ"

"ကြီးကြီးသားက ကောင်းကောင်းပြောရင် ဘယ်တုန်း ကများ လက်ခံနားထောင်လို့လဲ"

ကိုအောင်မျိုးစိတ်ထဲကတော့ "ကြီးကြီးအတိုင်းပဲ" ဟု နောက်ဆက်တွဲပြန်ပြောနေမိသည်။

ဒေါ်နှင်းရီကိုယ်တိုင် ကတ်သီးကတ်သပ်၊ ငွတီးငွကျနိုင်ပုံ ကိုလည်းကြည့်။ ရထားစစီးကတည်းက ငိုအားထက်ရယ်အား သန်အဖြစ်မျိုး ကြုံရသည်။

"ကြီးကြီး၊ ဘာစားမလဲ"

ပါးစပ်ကမဖြေဘဲ ခေါင်းရမ်းလက်ခါပြသည်။ ရထားက မန္တလေးမှ ညဆယ်နာရီဆယ့်ငါးထွက်သောရထားဖြစ်သည်။ ညဉ့်နက်လာသည်ထိ ဒေါ်နှင်းရီမအိပ်သေး၍ အအေးမိစ်ဖြစ် ကော်ဖီပူပူဖြစ်ဖြစ်တိုက်ရကောင်းမလားတွေးမိသည်။ သို့နှင့်

www.burmeseclassic.com

www.burmeseclassic.com


"ကြီးကြီး၊ ကော်ဖီသောက်မလား"

"မကြိုက်ဖူး"

"ဒါဆို အအေးရော"

ခေါင်းကိုဖြည်းဖြည်းရမ်း၍ လက်ခါပြသည်။ ကိုအောင်မျိုးက သူတာဝန်ယူခေါ်လာရတာမို့ ဂရုစိုက်ရသည်။ ခက်တာက ဘာကျွေးကျွေးမစားဘဲ ခေါင်းရမ်းလက်ခါချည်းသာနေ၏။ ညနှစ်နာရီကျော်မှအိပ်သွားပြီး ဝေလီဝေလင်းမှာနိုးလာကာ သူ့တွင်ပါလာသည့် ကောက်ညှင်းထုတ်ဖြည်စား၏။

"ကြီးကြီး၊ အဲဒါမစားဘဲ ကောက်ညှင်းပေါင်းပူပူလေးဖြစ်ဖြစ်၊ ပဲပလာတာပူပူလေးဖြစ်ဖြစ်စားပါလား"

"ပိုက်ဆံကုန်တယ်"

"ကြီးကြီးပိုက်ဆံမကုန်ရပါဘူး၊ စားချင်တာသာစား ကျွန်တော်ဝယ်ကျွေးမှာပါ"

"ဘယ်သူ့ပိုက်ဆံဖြစ်ဖြစ်ကုန်တာပဲ"

"ပိုက်ဆံဆိုတာ ကုန်ဖို့ရှာတာလေ ကြီးကြီးရဲ့"

လက်ခါပြပြီး ဟိုဘက်လှည့်သွားသည်။ ခဏအကြာ လက်မှတ်စစ်လာ၍ မှတ်ပုံတင်ပြရသောကြောင့်

"ကြီးကြီး၊ မှတ်ပုံတင်ထုတ်ထားဦး"

နှစ်ပေါင်းများစွာကြာ၍ ဒေါ်နှင်းရီမှတ်ပုံတင်က ဟောင်းနွမ်းနေရုံမက ဓာတ်ပုံပင် ရုပ်မပီတော့ဘဲ ပျက်နေပြီ။

"မနှင်းရီတဲ့ ... ဘယ်သူလဲ"

"ဟော! အဲ့ဒါ အကြီးမှတ်ပုံတင်"

ငယ်စဉ်ကတည်းက မှတ်ပုံတင်မို့ ယခုအသားခြောက်


www.burmeseclassic.com

www.burmeseclassic.com


ဆယ်တွင်လည်း မနှင်းရှိဖြစ်နေသည်။

"အကြီးမှတ်ပုံတင်က ခတ်ပုံပျက်နေပြီ၊ လူရုပ်မသဲကွဲတော့ဘူး၊ ဘယ်သူမှန်းမသိ၊ ဘယ်ဝါမှန်းမသိ"

"အလိုတော် ... ခတ်ပုံပျက်နေလည်း ဟောဒီမှာ လူတစ်ယောက်လုံးပါနေတာပဲ ... အရေးလား"

"ခင်ဗျာ"

ကိုအောင်မျိုးမှာ 'ဟိုက်' ခနဲ မအော်မိအောင် မနည်းသတိထားလိုက်ရ၏။ စစ်ဆေးတဲ့လူတွေလည်း ငိုရမလို၊ ရယ်ရမလိုဖြစ်ကုန်သည်။

"နေရုပ်ပြန်ရောက်ရင် မှတ်ပုံတင်လဲခိုင်းလိုက်ပါ့မယ်ခင်ဗျာ"

ကိုအောင်မျိုးက ချေချေငံငံဝင်ပြောရသည်။ ထင်လင်းအမေက အဲသလိုမျိုး။

ရန်ကုန်ဘူတာရောက်တော့လည်း ထင်လင်း လာမကြို၍ ခြေလျင်လျှောက်ပြန်မည်တကဲကဲလုပ်နေသေး၏။

"ရွာရိုးကိုးပေါက်ခရီးမိုင်အများကြီး ခြေလျင်လျှောက်လာတာပါတော်"

"တောနဲ့မြို့နဲ့မတူဘူး ကြီးကြီးရဲ့ ... ဟူး"

ကဲ ... အဲဒါသာကြည့်ပေတော့။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

ယခင်အင်တာဗျူးမှာ ဒီကောင်မလေးကို မြင်ကတည်းက အတော်လေးလှမှန်း သတိထားမိသည်။ သို့သော် သူတို့လုပ်ငန်းက ရုပ်ပြစားတဲ့လုပ်ငန်းမဟုတ်တော့ ချောတာလှတာတွေ အရေးမပါပါ။ လုပ်ငန်းမှာ အသုံးဝင်ဖို့ပဲလိုသည်။

တခြားကောင်မလေးတွေနှင့်အရည်အချင်းချင်းတူဦးတော့ သူက ရုပ်ဆိုးတာကိုပဲ ဦးစားပေးမည်။ ထို့ကြောင့်ဆိုတစ်ခါက တမင်ပင် ဖြေနိုင်မည်မထင်သောမေးခွန်းတွေမေးခဲ့၏။

ယခုတော့ Reception မှာ ဝန်ထမ်းသစ်ထပ်ခန့်ဖို့လိုအပ်သူ ဝင်မပါဆို၍ ကိုအောင်မျိုးက သူ့သဘောအတိုင်းခန့်

www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။ အဲ့ဒါ ထိုကောင်မလေးဖြစ်နေ၏။

"ကောင်မလေးက သတ်မှတ်အရည်အချင်းတွေနဲ့ပြည့်စုံ ကိုက်ညီနေတာပဲ၊ ရုပ်ချောလွန်းတယ်ဆိုပြီး အပြစ်တော့မပြောနဲ့ပေါ့ မစ္စတာလင်း"

"မပြောပါဘူး ကိုအောင်မျိုးရယ်၊ ကုမ္ပဏီအတွက် အဆင်ပြေရင်ပြီးတာပါပဲ"

"အဆင်ပြေရမှာပေါ့၊ အင်္ဂလိပ်စာကောင်းတယ်၊ သွက်လက်ချက်ချာတယ်၊ လုပ်ငန်းအတွေ့အကြုံတွေရှိတယ်၊ အပိုဆုက ရုပ်ရည်ပြေပြစ်ချောမောလှပတာပဲ"

"ဟုတ်ပါပြီလေ၊ ဒီရုပ်ချောတာကြီးက အခါတစ်ရာမက ပြောပြီးပါပြီ၊ ကိုအောင်မျိုးက ရုပ်ချောတာ ဒီလောက်ကြိုက်မှန်း ခုမှ သေချာသိရတော့တယ်"

"ကိုယ်ကလည်း မစ္စတာလင်း ရုပ်ချောတာကို ဒီလောက်အထိ သဘောမကျမှန်း ခုမှ ပိုသိတော့တယ်"

"ကဲပါဗျာ ... နောက်ပိုင်း လိုအပ်လို့ ဝန်ထမ်းအသစ်ထပ်ခန့်ရင် ကျွန်တော် ဝင်မပါတော့ဘူး၊ ခင်ဗျားဖာသာပဲ ကြည့်စီစဉ်ပေတော့ ... အဲ ဒါပေမယ့် တစ်ခုပဲ ကတိပေး"

"ဘာလဲ မစ္စတာလင်း"

"အရည်အချင်းပြည့်မီရဲ့သားနဲ့ ရုပ်ရည်မလှပလို့ အသက်ကြီးလို့ဆိုပြီး Cancel လုပ်လိုက်တာမျိုးတော့ မဖြစ်စေနဲ့ဗျာ"

"ကောင်းပါပြီဗျာ၊ အရည်အချင်းရှိတဲ့သူဆို ရုပ်ဆိုးဆိုး ရုပ်ချောချော၊ အသက်ကြီးကြီး၊ ငယ်ငယ် လက်ခံမယ်"

ဤသို့ဤပုံဖြင့် ချမ်းမြေ့သာယာအေးဆိုသော ရုပ်ကွက်


www.burmeseclassic.com

www.burmeseclassic.com



နာမည်နှင့်ခပ်ဆင်ဆင်ကောင်မလေးကို ဒုတိယအကြိမ် ပြန်ဆုံတွေ့ခဲ့ရခြင်းပင်။

Reception ဆိုတာ သိတဲ့အတိုင်း ရုံးအဝင်အထွက် အပေါက်မှာဆိုတော့ သုံးလေးခါဝင်ထွက်လျှင် သုံးလေးခါ မြင်တွေ့နေရသည်။

ဒါတင်မက ယခုနောက်ပိုင်း သူ့အခန်းထဲ ကော်ဖီ၊ အအေး လာပို့တာ၊ တစ်ခါတလေ အဆာပြေစားသော ခေါက်ဆွဲ၊ ထမင်းသုပ်ပြင်ပေးတာတွေကို ထိုကောင်မလေးပဲလုပ်သည်။

ကိုယ့်ကုမ္ပဏီက လက်အောက်ခံဝန်ထမ်းဆိုပေမယ့် ပညာတတ်တွေပဲမို့ မည်သူ့ကိုမှ ပုဂ္ဂိုလ်ရေးအလုပ်တွေမခိုင်းချင်။ ပညာအရည်အချင်းမရှိလျှင်တော့ တစ်မျိုးပေါ့။ ထို့အပြင် သူ့အခန်းထဲ မိန်းမပျိုချောချောလေး ဝင်ထွက်နေခြင်းသည် သူ့ကို အနည်းငယ် အနေခက်စေသည်။

"ဦးအေးရွှင်က ဘယ်သွားလို့လဲ"

ကော်ဖီခွက်လာချသော 'ချမ်းမြေ့သာယာအေး' ကို သူက မျက်လုံးလှန်ကြည့်ရင်း မေးလိုက်သည်။

"ပစ္စည်းသွားပို့ပါတယ်ဆရာ၊ မန်နေဂျာဦးအောင်မျိုးက ဆရာ့အတွက် ကော်ဖီဖျော်ပြီး သွားပို့ပေးခိုင်းလို့ ကျွန်မလာပို့တာပါ"

"ဟုတ်ပါပြီ၊ ဒါပေမယ့် မင်းတာဝန်က Reception လေ၊ ပြည်တွင်းပြည်ပဖုန်းဝင်လာရင် အရေးကြီးအော်ဒါအမှာတွေရောက်ရင်၊ ဧည့်သည်လာရင် ဘယ်လိုလုပ်မလဲ"

"မန်နေဂျာရော၊ သက်ရီဝင်းရောရှိနေပါတယ်၊ မန်နေဂျာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ရှိနေလို့လည်း ကျွန်မကို ခိုင်းတာပါ၊ သူ့ မရှိရင် ကျွန်မ သဘောနဲ့ ကျွန်မ ဆရာ့အခန်းထဲ ဝင်မလာပါဘူး"

သူ ကောင်မလေးကို ဖျတ်ခနဲမော့ကြည့်လိုက်မိပြန်သည်။ ကောင်မလေးက နှုတ်ခမ်းကို တင်းတင်းပိတ်၍ မျက်လုံးများက မာနရောင်နှင့်ဖျပ်ဖျပ်လက်နေ၏။

သူသည် ကောင်မလေးကို နည်းနည်းတော့ အားနာသွားသည်။ သူ မေးလိုက်ပုံက မကြိုက်တဲ့ပုံဖြစ်နေ၍ နည်းနည်း လွန်သွားသည်။ ထို့ကြောင့် လေသံနှင့်မျက်နှာထားကို လျှော့ကာ

"အေး ... ထားခဲ့၊ ကျေးဇူးပဲကွာ"

ကောင်မလေး ဖြည်းညှင်းစွာ ထွက်သွားသည်။ သို့သော် သူ့အခန်းလေးထဲ၌ ကောင်မလေးစကားသံနှင့်ပုံရိပ်တချို့ လွင့်ကျန်နေခဲ့၏။

"ဟူး"

နောက်ရက်များတွင်လည်း အစီရင်ခံစာတွေ၊ တင်ပြစရာကိစ္စတွေ စသဖြင့်ဆောင်ရွက်ရတိုင်း ကောင်မလေးပဲ ရောက်ရောက်လာသည်။ ထို့ကြောင့် သူ့စိတ်ထဲ မြိုသိပ်မထားနိုင်စွာ ကိုအောင်မျိုးကို မေးမိသည်။

"ဘယ်လိုလဲ ကိုအောင်မျိုး၊ ကျွန်တော်တို့ကုမ္ပဏီမှာ ဝန်ထမ်းတွေရဲ့တာဝန် ပြောင်းကုန်တာလား"

"ဘာဖြစ်လို့လဲ မစ္စတာလင်း၊ အဲသလိုသာ တာဝန်တွေ ပြောင်းရင် ဒီကုမ္ပဏီက သူ့ငွေးကို အရင်ဆုံးတင်ပြမှာပေါ့ဗျ"

"သိဘူးလေဗျာ၊ ကျွန်တော့်မျက်စိထဲ ခုတလော ချယ်မြေ့ သာယာအေးပဲ တွေ့နေရသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ၊ ဒါက ဒီလိုရှိတယ်ဗျ"

ကိုအောင်မျိုးက စကားကို ရှင်းအောင်မပြောသေးဘဲ သူ့ကို မရိုးမရွဖြစ်အောင် ရေတစ်ခွက်ကို တမင်အချိန်ဆွဲသောက်နေသည်။

"ဒီလူတော့ နာတော့မယ် ... ဟင်း"

ပြီးမှ မချိုမချဉ်မျက်နှာပေးဖြင့် သူ့စားပွဲရှေ့ခုံတွင် ဝင်ထိုင်ရင်း ...

"ကိုယ်က မစ္စတာလင်းမျက်စိကို အလှအပတွေနဲ့ရင်းနှီးကျွမ်းဝင်စေချင်တာနဲ့"

"အလိုဗျာ၊ ဘာတွေများ မဟုတ်မဟပ်တွေ ကြံစည်နေသလဲ ကိုအောင်မျိုး"

"ဟဲ ဟဲ၊ သာယာ့ကို ခင်ဗျားမျက်စိရှေ့ရောက်အောင် ခိုင်းပေးနေတာ၊ ခင်ဗျား ဘယ်လိုနေမလဲလို့"

ကိုအောင်မျိုးပြောမှပဲ သူ့မှာ မလုံမလဲဖြစ်ရသည်။ တကယ်တမ်းလည်း ကောင်မလေးနှင့်နီးနီးကပ်ကပ်အလုပ်လုပ်ရတာ သူ့စိတ်ထဲ တစ်မျိုးတော့တစ်မျိုးပင်။

"ဒီလောက်ဆို ခင်ဗျားစိတ်ကို သဘောပေါက်ပြီ မစ္စတာလင်း"

"ဘာကိုလဲ?"

"ခင်ဗျားဘက်က သာယာ့ကို တခြားဝန်ထမ်းတွေလိုပဲ သဘောထားရင် လက်ရှိအပြောင်းအလဲသေးသေးလေးကို ဘယ်သတိထားမိမလဲ"

"ဗျာ!"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် ကိုလင်း၊ ခင်ဗျားက မိန်းမလှလေးကို သတိထားနေလို့သာ အခုလို စကားတွေထွက်လာတာပေါ့ဗျ၊ ကိုယ်တော့ ဝမ်းသာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားအမေက ခင်ဗျားကို မိန်းမယူစေချင်နေပြီလေ”

“ဗျာ!”

ဟင်း။ ဘာမှလည်း မဆိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

သူက မိန်းမတွေကို စိတ်မဝင်စားတာမဟုတ်။ စိတ်ဝင်သည်။ စိတ်ဝင်စားရုံသာမက ချစ်လည်းချစ်ခဲ့ဖူးသည်။ ချစ်ခဲ့သလို အသည်းလည်းကွဲခဲ့ဖူးပါသည်။

“ဆိုစမ်းပါဦးဗျ၊ အဲဒါနဲ့ဘယ်လိုဖြစ်သွားတာလဲ”

သူက သူ့နှလုံးသားခံစားမှုနှင့်ပတ်သက်၍ ကိုအောင်မျိုး ပြောပြနေခြင်းဖြစ်သည်။ မပြောပြလို့လည်းမဖြစ်။ ကြာလျှင် လုံးသားကို ခံစားမှုမရှိ၊ အချစ်မရှိဟု တစ်ထစ်ချထင်မှတ် သိမ့်မည်။

“သူ့နာမည်က သင်းသင်းမွေး၊ ငယ်ကတည်းက တောက်နဲ့လည်ပင်းဖက်ကြီးလာတဲ့သူ”



www.burmeseclassic.com

www.burmeseclassic.com


"ငယ်ကျွမ်းဆွေတွေပေါ့"

"ဆိုပါတော့ဗျာ ... အဲ မွေးမွေးက တောသူဆိုပေမယ့် တစ်သွေးတစ်မွေးနဲ့ရှုမငြီးအောင်လှတာဗျ"

"ဩော်"

"အဲဒီတော့ ကျွန်တော့်မှာ ချစ်လိုက်ရတာအမော"

"အင်း"

ဟင်း ... ဘာမှလည်းမဆိုင်ပါလား။

"ကျွန်တော်ချစ်သလို သူကလည်း ကျွန်တော့်ကိုချစ်တယ်၊ နှစ်ဦးသားရဲ့သံယောဇဉ်က နည်းသလားဗျာ"

"ဒါများ"

"ဘာဒါများလဲ ကိုအောင်မျိုးရ၊ သူက ကျွန်တော့်ကို လက်တွဲဖြုတ်ချန်ထားခဲ့တာ၊ မိန်းမတွေဟာ ငွေနဲ့ပတ်သက်လာရင် ချစ်သူတစ်ယောက်လုံးရဲ့အသည်းနှလုံးကိုတောင် မီးကင်စားဖို့ ဝန်မလေးဘူး"

"တကယ်ဖြစ်ခဲ့တာလား ကိုလင်း"

"ကျွန်တော် ပုံပြင်ပြောနေတာမဟုတ်ဖူး ကိုအောင်မျိုး"

"ဩော် ... ဒီကိစ္စ တကယ်ကိုး"

ကိုအောင်မျိုးကိုပြောရတာ အတော်ဖီလင်ငုတ်သည်။ သူ့ကို နှလုံးသားမဲ့သူဟုထင်မှာစိုး၍သာ ပြောပြနေရပြီး တကယ်တမ်းကျ သင်းသင်းမွေးနှင့်ကိစ္စကို ယပ်တောင်တစ်ချောင်းလို ခေါက်သိမ်းထားခဲ့တာကြာပြီ။

ကိုယ်က ရှုံးနိမ့်ခဲ့ရသူ၊ အသည်းနာခဲ့ရသူမို့ သင်းသင်း မွေးနှင့်ပတ်သက်၍ မေ့ထားခဲ့ခြင်းဆိုက ပိုမှန်မည်။


www.burmeseclassic.com

www.burmeseclassic.com


"အခု ... အဲဒီ ခင်ဗျားရဲ့မွေးမွေးက ဘယ်မှာလဲ၊ ဘာလုပ်နေလဲ"

"သူ့ယောကျ်ားနဲ့သူ့အိမ်မှာပေါ့ဗျ"

"နေစမ်းပါဦး၊ ကိုယ် နားမလည်တာ အဲဒါပဲ၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က ကိုလင်းဟာ ကုမ္ပဏီသူဌေး မဖြစ်သေးပေမယ့် ရည်းစားပစ်သွားလောက်တဲ့အခြေအနေမျိုးတော့ ဟုတ်မယ်မထင်ဘူး၊ အကြောင်းတစ်ခုခုတော့ရှိရမယ်"

"ရှိပြီလားဗျာ၊ အဲဒီအကြောင်းက ကျွန်တော့်လို ပညာမသားမတောက်တခေါက်နဲ့လူထက် လှည်းထောင်ပိုင်ရဲ့သားကိုသူတာ ပိုချမ်းသာမယ်လို့တွက်တာကိုးဗျ"

"လှည်းထောင်"

"ဟုတ်တယ်လေ၊ နွားလှည်းနဲ့ပတ်သက်တဲ့ပစ္စည်းအထုန်လုပ်တဲ့လုပ်ငန်း၊ လယ်ယာမြေနဲ့နွားလှည်းနဲ့အလုပ်လုပ်တဲ့တောရွာတွေမဟုတ်လား၊ အလုပ်ဖြစ်တော့ ပိုက်ဆံရှိတာပေါ့"

"ဩော် ... ဩော်"

"ပြီးတော့ ကျွန်တော့်ငယ်ကျွမ်းဆွေက အတွေးတိမ်တယ်၊ သူ့မိသားစုက ပညာရေးကို ဦးစားမပေးဘူး၊ ကျွန်တော့်ရည်းစားကိုယ်တိုင်ပြောတဲ့စကားကိုပဲ နားထောင်ကြည့်၊ မွေးမွေးအခေါ်ယူထားတဲ့ယောကျ်ားက အတန်းပညာလေးတန်း၊ ပါသေမယ့် တစ်လကို ငါးသိန်းရှာနိုင်တယ်၊ တစ်ခါ မွေးမွေးအစ်မယောကျ်ားက ခြောက်တန်း၊ တစ်လကို ခုနစ်သိန်းနီးပါးဝင်ငွေရှိတယ်"

"တောရွာမိသားစုတွေအနေနဲ့အဲဒီဝင်ငွေက များတာပေါ့


www.burmeseclassic.com

www.burmeseclassic.com


မစ္စတာလင်း”

“ရွှေတွဲလွဲငွေတွဲလွဲပေါ့လေ၊ ရွာကြီးတွေဝန်းကျင်မှာ ချမ်းသာတဲ့စာရင်းဝင်တွေ၊ ဒီတော့ မွှေးမွှေးက ဒီလိုထွက်တယ်”

“အင်း”

“ဆယ်တန်းအောင်တဲ့ ကျွန်တော်လို ကောင်မျိုးက အဲသလို ဝင်ငွေတွေရှာပေးနိုင်မှာမဟုတ်ဖူး၊ သူ လက်ထပ်မယ့်ယောကျ်ားက သူ့အစ်မယောကျ်ားထက် တစ်တန်းပဲသာတဲ့ ခုနစ်တန်းနဲ့ကျောင်းထွက်တဲ့ လှည်းထောင်သားကို ယူလိုက်တာပဲ”

“ဟော့ဗျာ”

“မွှေးမွှေးကလည်း လေးတန်းထိပဲ ကျောင်းနေဖူးတာဗျ၊ တချို့တောရွာတွေမှာ မိန်းကလေးက သေစာရှင်စာဖတ်တတ်ရင် တော်ပြီဆိုတဲ့အရိုးစွဲထုံးစံတွေ ခုထိ ရှိနေသေးတယ်”

“ဟုတ်တယ်၊ ဟုတ်တယ်”

“ကျွန်တော့်မှာ ဒါတွေ ထည့်မတွက်ခဲ့ပါဘူးဗျာ၊ ကိုယ်ရှာကျွေးမယ့်မိန်းမ ထမင်းချက်၊ အဝတ်လျှော်၊ ကလေးမွေးရုံတော်ပြီဆိုပြီး စဉ်းစားခဲ့တာ”

“အနာဂါတ်သားကောင်းတွေရဲ့မိခင်ဟာ ပညာတတ်ရင်တော့ ပိုကောင်းတာပေါ့မစ္စတာလင်းရဲ့၊ ဒီခေတ်ကြီးမှာ စာမတတ်သူမရှိအောင် စီမံချက်တွေနဲ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတာပဲ”

“ဟုတ်ပါတယ်၊ ဟိုးငယ်ငယ်ကတော့ ငယ်စိတ်နဲ့ချစ်တာပဲသိတာကိုး”

“အင်းလေ၊ ဒါလည်းဟုတ်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ... ငယ်ကျွမ်းဆွေကိုချစ်တာတစ်ကဏ္ဍ စဉ်းစားတာ တစ်ကဏ္ဍဖြစ်သွားပါပြီ၊ မွှေးမွှေးလည်း ခုချိန် နောင်တရနေလောက်ပြီ"

"ဘာဖြစ်လို့"

"ကျွန်တော့်ကိုမယူခဲ့လို့လေ၊ သူယူခဲ့တဲ့ယောကျ်ားလှည်းထောင်သမားက ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဘဲ အားရင်ထွဲလိုက်ထောင်လိုက်ပဲလုပ်နေတာကိုး"

"ဘယ်လို"

"မူးပြီးလှဲအိပ်တယ်၊ ပုလင်းထောင်တယ်၊ လှဲလိုက်ထောင်လိုက်လုပ်တာပြောတာ"

"ဩော် ... သူ့ခမျာ မှန်းချက်နဲ့နမ်းထွက်မကိုက်ဖြစ်သွားတာပေါ့"

"သူ့အကြောင်းကြားရရင် ကျွန်တော်ဖြင့် စိတ်မကောင်းဘူး၊ ကလေးသုံးယောက်နဲ့ ယောက္ခမတွေကလည်း စီးပွားကျဆိုတော့"

သူတို့နှစ်ယောက်စကားပြောနေကြတာကို နားစွင့်နားများကြားသွားတဲ့သိန်းကြွယ်က သူ့ငယ်ရည်းစားမွှေးမွှေးအကြောင်းပြောမှန်းသိသွားသည်။ သို့နှင့် ...

"အစ်ကို့ရည်းစားမွှေးမွှေးက အစ်ကို့ကို ပစ်သွားတာအခြားကြောင့်မဟုတ်ဖူး ကိုကြီးအောင်မျိုးရေ၊ အစ်ကိုက သူ့ကို ၁၅၀ မေတ္တာနဲ့ပဲချစ်လို့တဲ့"

"ဘာ ၁၅၀ မေတ္တာလဲ၊ ၁၅၀၀ မေတ္တာပဲ ကြားဖူးပါတယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"မှားတုတ်ပါတယ်ဆို၊ မွေးမွေးကို အစ်ကို ရည်းစားစာပေး တုန်းက ၁၅၀၀ မေတ္တာနဲ့ချစ်တာပါလို့ရေးရမှာကို သုညတစ်လုံး ကျန်ခဲ့တော့ ၁၅၀ မေတ္တာဖြစ်သွားတာပေါ့၊ အကြီးမားဆုံးမဟာ အမှားကြီးကို မှားခဲ့တာရှင့်"

"ဟော!"

"ဟာ ... ဒီကောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"ဟဲ့ ... သက်ရှိဝင်း"

"ဟင်"

"ပြောတော့ဖြင့် ငါ့တာဝန်က Reception ဆို၊ ဟွန်း အခု ငါက ပြာတာလား၊ သူဌေးအတွင်းရေးမှူးလား၊ အထွေထွေလုပ်သားလား၊ ဘာမှန်းကိုမသိဘူး"

-"ဘာလဲ? မကောင်းဘူးလား သာယာ"

"ဟင့်အင်း၊ အဲ့ဒီသူဌေးလူ့ဝွစာရှေ့မသွားချင်ဘူး၊ လူကိုကြည့်ရင် မျက်လုံးပြူးကြီးနဲ့ကြည့်ပြီး သူ့အခန်းထဲ ဝင်ချင်လွန်းလို့ ဝင်နေတယ်များထင်နေလားမသိဘူး"

"ဒီကုမ္ပဏီမှာ သူဌေးပြီးရင် မန်နေဂျာဦးအောင်မျိုးပဲ၊

www.burmeseclassic.com



မန်နေဂျာက သခင့်တော်သလို စီမံပေးတဲ့ဥစ္စာ"

"အင်းလေ၊ မန်နေဂျာက ဖေးဖေးမမရှိတာရယ်၊ ငါ့ဘေး မှာ နင်ရှိတာရယ်ကြောင့် မေ့တတ်တဲ့ငါ့အတွက် အလုပ်ဖြုတ်ခံရ မယ့်ဒုက္ခက ကင်းလွတ်နေတာဆိုတော့ ..."

"မန်နေဂျာကခိုင်းတာ ငြင်းဆန်လို့မကောင်းဘူး"

"ဒါပေါ့လေ"

"ဘာပဲဖြစ်ဖြစ် မန်နေဂျာက နင့်ကို ပြာတာလိုသဘော ထားပြီး အဲသလို တောက်တိုမယ်ရခိုင်းနေတာမဟုတ်ပါဘူး"

"နားလည်တယ်၊ ဒါပေမယ့် ... နားမလည်ဘူး"

"ဟော ' ဘာလဲဟ"

"ဒီလိုလေ ... အရင်အတိုင်း ခိုင်းနေကျလူတွေရှိသားနဲ့ ကော်ဖီဖျော်ပို့ခိုင်းတာ၊ ရေနွေးကြမ်းပို့ခိုင်းတာ၊ အစီရင်ခံစာတွေ ဖုန်းသတင်းတွေနဲ့ သူဌေးကို တင်ပြရမယ့်ကိစ္စမှန်သမျှ တို့ကိုပဲ ခိုင်းနေတာ အံ့သြစရာပဲ"

"ဒါက ဒီလိုရှိတယ်လေ သာယာရဲ့၊ အခုခေတ်ကုမ္ပဏီ တွေက သူဌေးရဲ့အတွင်းရေးမှူးဆိုလည်း ငယ်ငယ်ချောချော ညွှန်ကြားဆိုလည်း ငယ်ငယ်ချောချော၊ အရောင်းစာရေး၊ ရုံးဝန် ထမ်း၊ Marketing ကအစ ငယ်ငယ်ချောချော၊ ဒါကြောင့် ငါတို့ကုမ္ပဏီမှာ အရမ်းချောလှတဲ့နင့်ကို သူဌေးအနီးနားကို လွှတ် ပေးတာဖြစ်မယ်"

"အံမယ် ... သူ့ဖာသာသူဌေးဖြစ်ဖြစ် ဘာဖြစ်ဖြစ် ငါက သူ့အသုံးတော်ခံလား"

"ရစ်မနေစမ်းပါနဲ့သာယာရယ်၊ မေ့လေးပေါ့ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ အလုပ်ခဏခဏပြုတ်ခဲ့ရတာ၊ အခု ငါက နှင်မမေ့အောင် အနားက သတိပေး၊ တော်တန်ရုံဆို မန်နေဂျာနားလည်ပေးပြီး သဘောကောင်းလို့ အလုပ်လေးမြဲဖို့ သေချာနေတာ၊ နှင်ကိုယ်တိုင် အလုပ်မပြုတ်ပြုတ်အောင် ပြဿနာမရှာချင်စမ်းပါနဲ့၊ ဘာ ခိုင်းခိုင်း ကိုယ့်ထိခိုက်တာမှမဟုတ်တာ"

"ဘာမထိခိုက်ရမှာလဲ? မာနထိခိုက်တယ်ဟဲ့"

"ဘဝမှာ အရေးမပါတဲ့မာနတွေ ခေါက်သိမ်းထားလိုက်စမ်းပါ၊ သူဌေးဆိုတာ ကိုယ့်ကိုယ်ထမင်းကျွေးနေတဲ့အလုပ်ရှင်၊ ပြီးတော့ ထိကပါးရိကပါး အကျောကြီးနဲ့ခိုင်းနေတာမှမဟုတ်တာ"

"ဟွန်း ... သူ့သူဌေးလူ့ငွစာကိုရုပ်ဆိုးကြီးဘက်က ပါနေသေးတယ်"

"အေး၊ ငါကတော့ အဲ့ဒီလူ့ငွစာကိုရုပ်ဆိုးကြီးကို အရမ်းကျေးဇူးတင်တယ်၊ ငါတင်မကဘူး၊ အသက်ကြီးတဲ့ဦးအေးရွှင်တို့လို ဝန်ထမ်းတွေကလည်း ကျေးဇူးတင်တာပဲ၊ သူ ငွတီးငွကျနိုင်လို့ ရုပ်ဆိုးသူတွေ၊ အသက်ကြီးသူတွေ အလုပ်ရတာ သိလား"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒီကုမ္ပဏီမှာ ရုပ်ချောပါတယ်ဆိုတဲ့ ငါပဲ အပြစ်ရှိပါတယ် ... ဟင်း ... မှားပါတယ် ... ရုပ်ချောမိတာ"

သာယာက ဆိုးနွဲ့ချင်၍သာပြောနေရပေမယ့် တကယ်တမ်းကျ အလုပ်လုပ်ရတာ အဆင်ပြေပါသည်။ အလုပ်အဖြစ်ဒ်ရှမှာမျိုးမဖြစ်ချင်ပါ။ သက်ရီဝင်းနှင့်အတူရှိနေရတာလည်း အဆင်ပြေသည်။ သာယာ့ဘဝက ဆယ်တန်းအောင်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ရရာအလုပ်လုပ်၊ ရသမျှလစာနှင့်မိသားစုအတွက် ဝင်ငွေရှာပေးခဲ့ရသည်။ တစ်ဖက်တစ်လမ်းက ပညာဒါနသင်တန်းကျောင်းတွေမှာ အင်္ဂလိပ်စာကို သင်ယူခဲ့သည်။

ထိုသို့ ပင်ပင်ပန်းပန်း အလုပ်လုပ်၊ ပင်ပင်ပန်းပန်းကြိုးစားရ၍ ဘဝလည်း နာခဲ့ရသည်။ သာယာ့မိခင်ကဆိုလျှင် ...

"မိဘဆင်းရဲတော့ ညည်းတို့ သားသမီးတွေပါ ဆင်းရဲတော့တာပေါ့အေ၊ ပညာကို အေးအေးသက်သာမသင်ရ၊ လှလှပပဝတ်စားပြီး ကျော့ကျော့မော့မော့လေး မနေခဲ့ရ၊ စိတ်ထဲ အမြဲမကောင်းဘူး"

"အဲသလိုတွေ လျှောက်တွေးမနေနဲ့အမေ၊ လူဆိုတာ သူ့ဘဝအကျိုးပေးနဲ့သူပဲ၊ အမေတို့လုပ်ယူတာမှမဟုတ်တာ"

"အင်းလေ၊ ငါ့သမီးလို နုနုနယ်နယ် လှလှပပလေး သူဌေးဗိုက်ဝင်စားပါရော့လား"

"တော်ပါ၊ အခု ဒီအဖေ၊ ဒီအမေ ဒီမိသားစုကိုပဲချစ်တယ်"

"သမီးလုပ်ကျွေးလာတဲ့နှစ်တွေလည်း မနည်းတော့ဘူး၊ ဒီကုသိုလ်ကြောင့် ငါ့သမီး ချမ်းသာဦးမှာပါ"

အမေ့စကားကြောင့် သာယာပြုံးခဲ့ဖူးသည်။ ထီဆုကြီးပေါက်လျှင် ချမ်းသာနိုင်တာပဲမဟုတ်လား။

သို့သော် ... ခုထိတော့ ထီမပေါက်၍ မချမ်းသာသေးပေ။ လူမချမ်းသာပေမယ့် စိတ်ချမ်းသာသောကြောင့် သာယာ့ဘဝက နေပျော်သည်။ ပိုက်ဆံမချမ်းသာတာကို တွေးပြီး စိတ်ညစ်နေတတ်တဲ့လူစားထဲမှာ သာယာမပါ။

"နာမည်ပေးထားတာကိုက ချမ်းမြေ့သာယာအေး၊

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့မယ်၊ သာယာမယ်၊ အေးမြမယ်”

ကြားလိုက်ရလျှင်တော့ ဘဝင်ခိုက်စရာတွေချည်းပါပဲ။

“ဟဲ့ ... ဆရာ့အိမ်က ထူးထူးခြားခြား ထမင်းချိုင့်တွေ ဘာတွေလာပို့နေပါလား”

သက်ရိဝင်းက အနားကဖြတ်သွားသော မောင်ဝင်းမိုးကို လှမ်းမေးသည်။ မောင်ဝင်းမိုးက ...

“ဆရာ့အိမ်မှာ ဆရာ့အမေရောက်နေတယ်လေဗျာ၊ အိမ်ပြန်ထမင်းမစားရင် ဆရာအဆူခံရမယ်၊ မအားရင် ခုလိုပဲ လာပို့တယ်”

“ဟယ် ... ဒီအရွယ်ကြီး၊ ကုမ္ပဏီသူဌေးကြီးက အဆူခံရတယ်”

“အိမ်ထောင်မပြုဘဲ မိဘအုပ်ထိန်းမှုအောက်မှာရှိသေးရင် ကလေးပေါ့ သာယာရဲ့”

“ခစ်”

“ထမင်းလာပို့တာ ဆရာ့ညီမဝမ်းကွဲလေ”

“ဩော်”

“မသိန်းကြွယ်၊ မတွေ့တာကြာပြီနော်”

သက်ရိဝင်းက သာယာ့ကိုပြောနေရာမှ ထမင်းချိုင့်ဆွဲဝင်လာသော မိန်းကလေးကို နှုတ်ဆက်လိုက်သည်။

“သင်တန်းတွေတက်နေတာလေ၊ အဲ့ဒါအကြောင်းပြပြီး အစ်ကိုနဲ့ဝေးဝေးနေတာ သိတယ်မဟုတ်လား ... ဟင်း ဟင်း ဟဲ ... သူက ဝန်ထမ်းအသစ်လား”

“ဟုတ်တယ်၊ တို့သူငယ်ချင်း၊ ချမ်းမြေ့သာယာအေးတဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ချောလိုက်တာ၊ ဒီလောက်ချောတဲ့သူက အစ်ကို့ကုမ္ပဏီမှာ ဘယ်လိုအလုပ်ရသွားတာလဲ၊ ဟီ အံ့ရော"

မသိန်းကြွယ်ကိုကြည့်ရတာ ရှိုးရိုးရှင်းရှင်းဘွင်းဘွင်း သမားမို့ ခင်စရာကောင်းမှန်းသိသာသည်။

"နေဦး ... အစ်ကို့ကို ထမင်းပြင်ပေးပြီးရင် သိန်းကြွယ် လာခဲ့မယ်"

"ပြင်ပေးမနေနဲ့ သိန်းကြွယ်၊ ထားခဲ့ ... ငါ့ဖာသာ တခြားလူပြင်ခိုင်းမယ်၊ နင်တို့မောင်နှမတွေ့ရင် တဲ့တာမဟုတ်ဘူး၊ ဒီမှာ ငါ့ကို စာရင်းတွေသာကူးပေးသွား"

မန်နေဂျာကိုအောင်မျိုးလာပြောတော့ သိန်းကြွယ်က ဒေးခနဲအော်သည်။ သာယာနှင့်သက်ရှိဝင်းမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ယခုတလော သူညီမသိန်းကြွယ်နှင့်အိမ်ကလူတွေကြည့်ရတာ သိပ်မသက်ာ။ တိုးတိုးကျိတ်ကျိတ်နှင့်ဘာတွေ ခေါင်းချင်းဆိုင်နေကြမှန်းမသိ။ ဒီကြားထဲ ကိုအောင်မျိုးတစ်ယောက် ရောက်လာလျှင် ပိုတောင်ဆိုးသေးသည်။

"မိန်းမလည်သိန်းကြွယ်၊ ဘာတွေ အတင်းအုပ်နေတာလဲ? ဘယ်သူနဲ့ တွေ့လိုက်၊ တွေ့လိုက် တွတ်ထိုးနေတာပဲ"

"ဘာမှ တွက်မထိုးဘူး"

"ငါ ကြားပါတယ်၊ လေ့လာရဦးမယ်ဆိုလား၊ ဘာလား"

"ဪ ... ဒါလား၊ အစ်ကိုထင်လင်း နောက်ဖြန့်မယ့်ဝတ္ထုသစ်ရဲ့ဈေးကွက်ကိုပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ထွပ် ... နင်လား အလုပ်အပေါ် အဲသလောက်စိတ်ဝင်စားမှာ ... မယုံသေးဘူး"

"ခက်ကပြီ၊ အစ်ကိုယုံအောင် သက်သေပြစရာတော့ လောလောဆယ်မရှိသေးဘူး"

"လုပ်မနေနဲ့ ... ကုမ္ပဏီက အလုပ်တွေ လေ့လာချင်ရင် ငါ့ကိုလာမေး ရသားပဲ၊ ကိုအောင်မျိုးနဲ့မှ တွတ်ထိုးရအောင် မဟုတ်မှလွဲရော နင်နဲ့ကိုအောင်မျိုး ရိုးကောရိုးရဲ့လား"

"အစ်ကိုထင်လင်းနော်"

"ဘာဖြစ်လဲ? ကိုအောင်မျိုးက ဘာငြင်းစရာရှိတာမှတ်လို့ ... ငါ သဘောတူတယ်"

"သူများလာပြောမနေနဲ့ ... အစ်ကိုသာ စွံအောင် အရင်ကြိုးစားဦး၊ အရွယ်က ဟိုင်းနေပြီ"

"မိန်းမတွေ ဘာအထင်ကြီးစရာရှိလဲ"

"အမလေး ကြီးကျယ်လို့ ... မမွေးကိုမရခဲ့လို့များ ခုရရင် ခုယူဦးမှာမဟုတ်လား"

"နင် အရမ်းစွတ်ပြောမနေနဲ့နော် မိသိန်းကြွယ်"

"တိတ်ကြစမ်းပါတော့ကွယ် ... နားငြီးလိုက်တာ"

"အမေက ကျွန်တော် ပြောတာကျ နားငြီးသလေး ဘာလေးနဲ့ သိန်းကြွယ်နဲ့တစ်ချိန်လုံး တွတ်ထိုးနေတာကျ မပြောဘူး"

"အဲဒါ မင်းအတွက်ပြောနေရတာ"

"ကျွန်တော့်အတွက်"

"အေး ... မင်းကို အိမ်ထောင်ရက်သားပြုစေချင်ပြီလေ၊ ဒါကြောင့် သင့်တော်တဲ့မိန်းကလေးမျိုးတွေ့ရင် ပြောဖို့ အမေမှာ



www.burmeseclassic.com

www.burmeseclassic.com


ထားတာ"

"အောင်မလေး အမေရာ၊ အိမ်ထောင်ရေးကိစ္စ ကုန်ဝစ္စည်းလို မှာလို့ရမလား၊ ပြီးတော့ သိန်းကြွယ်များ ဆရာတင်နေသေးတယ်"

"မင်းမသိပါဘူး၊ အသာနေပါ"

"ဘာမသိရမှာလဲ အမေရ ... အဲဒီကောင်မလေး ကုမ္ပဏီသာရင်လည်း ကိုယ့်နေရာ ကိုယ်မနေဘူး၊ နေရာတကာလူတိုင်းနဲ့ လိုက်ပလူးနေတယ်"

"အစ်ကို့ကို အဲဒါကြောင့် ဂွကျတယ်ပြောတာပေါ့၊ ပြောရင်လည်းမကြိုက်ဘူး၊ စိတ်ဆိုးသေးတယ်၊ ကုမ္ပဏီကိုလာရင် စတယ်ကြီးနဲ့မနေနဲ့၊ ရန်ကုန်မြို့မှာ ကိုယ့်ထက်ချမ်းသာပြီး ကိုယ့်ကုမ္ပဏီထက်ကြီးတဲ့လုပ်ငန်းရှင်တွေအများကြီး၊ ကိုယ်က ကုမ္ပဏီလေးတစ်ခုပိုင်တာ၊ ကြီးကျယ်တယ်ထင်လိမ့်မယ်၊ ဝန်ထမ်းတွေကို ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင်ခေါ်ပြောဆက်ဆံဖို့ ဘယ်သူပြောခဲ့တာလဲ၊ ခုကျခေါ်ပြောဆက်ဆံတော့လည်း တစ်မျိုးပြောပြန်ပြီ"

"ဟဲ့ ... မိန်းမလည်သိန်းကြွယ်ရဲ့၊ နင့်ကို မာနကြီးတစ်ခွဲ ဘားဟိတ်ကြီးဟန်ကြီးနဲ့ မနေဖို့ပြောတာ၊ ပလူးခိုင်းတာမဟုတ်ဘူး အခု နင်က ပလူးတာ"

"ဘယ်သူနဲ့ပလူးလို့လဲ၊ တစ်ရုံးလုံးကို ပြုံးပြနှုတ်ဆက်ပြီး လာက်ပဲနေတာ၊ သက်ရီဝင်းက ရှယ်တူမိန်းကလေးချင်းမို့ ခေါ်ပြီး နှုတ်ဆက်တာ၊ ခုနောက်ပိုင်း ချမ်းမြေ့သာယာအေး ရောင်း တော့ သူငယ်ချင်းတွေလို ခင်သွားကြတာ၊ ဘာမှားလဲ?


www.burmeseclassic.com

www.burmeseclassic.com


မိန်းကလေးသူငယ်ချင်းတောင်မထားရဘူးလား? ကုမ္ပဏီသူဌေးရဲ့ညီမမို့ ဝန်ထမ်းတွေနဲ့မခင်ရတော့ဘူးလား၊ ဟင့်"

"အောင်မလေး၊ တွေ့တယ်နော်အမေ့တူမ၊ ဘယ်လောက်နှုတ်သီးကောင်းလျှာပါးနိုင်လဲဆိုတာ"

"အေးပါ၊ အဲဒါ ငါဆုံးမမယ်၊ မင်းက မိန်းကလေးချင်းသူတို့ဖွာသာခင်တာ လိုက်မပြောနဲ့လေ၊ မင်းကိုယ်တိုင်ကျကလေးကို အောင်မျိုးနဲ့ပေးစားလို့ ပေးစား"

"ဒါတော့ ကိုအောင်မျိုးလိုယောကျ်ားမျိုး အမေ့တူမငြင်းစရာရှိလား"

"ကြီးကြီးနှင်း၊ ကြားတယ်နော်၊ အဲဒါ အစ်ကို့စကားနဲ့အစ်ကိုပဲ"

"မင်းက အကြီးပဲ၊ ငြင်းစရာမရှိလို့ပေးစားလည်း မင်းညီမက ယူရုံပေါ့၊ အေး ... ငါက မင်းအတွက် သင့်တော်တာတွေ့လို့စီစဉ်ရင် မင်းလည်း လက်ခံရမယ်"

"ဟင်! အမေတို့ကလည်း ကျွန်တော့်ဖွာသာ အေးအေးနေတဲ့ဟာကို"

"ဘာ! ဘာပြောလိုက်တယ်၊ ကျွန်တော့်ဖွာသာ အေးအေးနေတာ ဟုတ်လား၊ ပြန်ပြောလိုက်စမ်းဘာ ငထင်လင်းရယ်၊ မင်းလုပ်နေတာတွေ ငါမသိဘူးမျှားမှတ်နေလား"

အမေ့စကားကြောင့် သူ အနည်းငယ်တွေဝေသွားပြီး စကားသံ တိတ်သွား၏။ ပြီးမှ ဘာကိုဆိုလိုမှန်း သဘောပေါက်တော့သည်။ သူ့ ငယ်ချစ်ဟောင်းသင်းသင်းမွေးနှင့်အဆက်အသွယ်ရှိနေခြင်းကို ပြောတာဖြစ်မည်။ သူ မျက်နှာပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မဟုတ်တာ ဘာမှမလုပ်ဘူး အမေ၊ မွှေးမွှေးနဲ့ပတ်သက်ပြီး တစ်မျိုးထင်မနေနဲ့ဦး၊ အခုချိန်မှာ သူက အဆင်မပြေဖြစ်နေတော့ မိတ်ဟောင်းဆွေဟောင်းအနေနဲ့ တတ်နိုင်သလောက် အကူအညီပေးရုံသက်သက်ပဲ"

"ဘာကူညီစရာလိုသလဲ? သူ့မှာ ယောကျ်ားကြီးငုတ်တုတ်တစ်ယောက်လုံးရှိနေတာပဲ"

ယောကျ်ားကြီးကတော့ ထားပါ။ ငုတ်တုတ်က ဘာကိုဆိုလိုမှန်း သူ နားမလည်။ ရှိပါစေတော့။

"သူ့ယောကျ်ားကြီးက အသုံးမကျလို့ပေါ့ အမေရာ"

"ဟဲ့ ... အဲဒါ နင့်အပူလား၊ သူရွေးယူခဲ့တာလေ၊ နင့်ထက်သာတယ်ထင်လို့ နင့်ကိုပစ်ပြီး ယူခဲ့တာလေ၊ မင်းမို့ မနာတတ်တယ်၊ အံ့ပါရဲ့"

"ဟိုက စီးပွားရေးကလည်း အဆင်မပြေ၊ အိမ်ထောင်ရေးကလည်း လှုပ်တုတ်တုတ်ရယ်၊ ဒါပဲနော် အစ်ကိုထင်လင်း၊ [illegible]ခုလပ်၊ ကလေးသုံးယောက်အမေနဲ့တော့ ကိုယ့်အစ်ကိုကို ဘယ်နည်းနဲ့မှ သဘောတူ မပေးစားနိုင်ဘူး"

"နင် ဆရာလာလုပ်မနေစမ်းပါနဲ့ သိန်းကြွယ်ရာ၊ ငါ သိပါတယ်"

"ဘာသိတာလဲ? မင်းတို့ချင်း စာနဲ့တောင် အဆက်အသွယ်ရှိနေကြတဲ့ဟာ"

"အဲဒါက ကျွန်တော် ချေးပေးထားတဲ့ပိုက်ဆံကိစ္စပြောတာပါ၊ ဘာမှမဟုတ်ဘူး"

သူ့အမေနှင့်ညီမက ဘာမှထပ်မပြောတော့ဘဲ နေနှင့်ဦး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဆိုတဲ့အကြည့်တွေနှင့်ငြိမ်သက်သွား၏။

ရန်ကုန်ဆောင်း၏ တနင်္ဂနွေရုံးပိတ်ရက်သည် အိုက်စပ်စပ် ပူလောင်လောင်ဖြင့် ခပ်ငြိမ်ငြိမ်ရှိနေသည်။ တိတ်ဆိတ်သော ဝန်းကျင်တွင် ခေါင်းရွက်ဈေးသည်များ ကြို့ကြားကြို့ကြား အော်သံ၊ ကားတွေဖြတ်မောင်းသွားသံမှအပ တခြားအသံ သိပ်မကြားရပေ။

"ဘာတဲ့ ... ဘာအော်တာလဲ"

ရန်ကုန်တွင် အကြိမ်ကြိမ်နေခဲ့ဖူးသော်လည်း အမေသည် ဈေးသည်တွေအော်သံကို ယခုထိ နားမယဉ်သေးပေ။ ဘယ်ဈေးသည်အော်အော် ဘာတွေအော်လို့ ဘာတွေရောင်းမှန်းမသိဟု မေးမြဲဖြစ်သလို သူတို့က အမြဲဘာသာပြန်ကာ ရှင်းပြရ၏။

"အုန်းသီးစိမ်းအော်ရောင်းတာ ကြီးကြီးနှင်းရဲ့"

"အမလေးဟဲ့ ... အုန်းသီးကို လှည့်ရောင်းရတယ်လို့ အော်တော့လည်း ပီပီသသမအော်ဘူး၊ အံ့ရော"

အမေသည် ထိုသို့ လူတိုင်းအရာတိုင်းကို အံ့သြနေတတ်သူဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

ရွက်စုတ်ပြက္ခဒိန်စာရွက်အဟောင်းများများ အမှိုက်ခြင်းထဲ ရောက်သွားသောအခါ အရာရာသည် နေသားတကျရှိလာ၏။

ယခင်ကဆိုလျှင် ထင်လင်းအခန်း ကော်ဖီပဲပို့ပို့၊ အလုပ် နှင့်ပဲဝင်ဝင် သာယာ့မျက်နှာကို မော့ကြည့်လေ့မရှိ။ ဒီနေ့တော့ ခိုင်းစရာရှိလျှင်ခိုင်း၊ မေးစရာရှိလျှင်မေးပြီး တစ်ခါတစ်ရံ စမြည်ပြောဆိုတာမျိုးထိ ရှိလာသည်။

ယခုပင်ကြည့်။

"ညည်းနာမည်ကလည်းဟာ ရှည်လျားထွေပြားလွန်းလို့ ခေါ်ရတာ မောလိုက်တာ"

ထိုသို့ တရင်းတနှီးဟန်ပြောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အများခေါ်သလို သာယာလို့ပဲခေါ်ပါဆရာ"

"အေး ... အဲသလိုပဲခေါ်မယ်၊ ဒါနဲ့ ညည်းနာမည်က အဓိပ္ပါယ်တော့ရှိသားပဲ"

"ဟုတ်၊ သာယာ့ဖေဖေနဲ့မေမေပေးတဲ့နာမည်ပါ၊ အဲဒီ နာမည်မှာ မိဘနှစ်ပါးရဲ့မေတ္တာ၊ စေတနာတွေအပြည့်အဝပါပါ တယ်"

"ဩော် ဩော်"

ထင်လင်းက သူ့တွင် သူ့ဒွေးဆိုသော မာန်မာနမရှိ ကြောင်းပြသည့်သဘောပင်ဖြစ်သည်။ ဒါတင်မက ...

"နေဦး ... ငါကြားရသလောက်တော့ ညည်းက အလုပ် ခဏခဏပြုတ်တယ်ဆို၊ ဘယ်လိုအပြစ်တွေလုပ်မိလို့လဲ၊ ခုထိ တော့ ညည်းအပြစ်လုပ်တာမတွေ့မိပါဘူး"

"ဟုတ်ကဲ့ဆရာ၊ အဲသလို အပြစ်မလုပ်မိအောင် သာယာ့ ဘေးကနေ သက်ရှိဝင်းကထိန်းပြီး ကူညီပေးနေတာပါ၊ ပြီးတော့ မန်နေဂျာဦးအောင်မျိုးက အများကြီး သင်ပြပေးပါတယ်"

"ဒါဆို ... ညည်းကို ဘေးကနေ ကူညီပေးမယ့်သူမရှိတာ နဲ့အလုပ်ပြုတ်လောက်တဲ့အပြစ်မျိုး လုပ်မိတယ်ဆိုပါတော့ ... ဟုတ်လား"

"အဟင်း ... ဟုတ်ကဲ့ဆရာ"

"နေစမ်းပါဦး၊ အဲဒါ ဘယ်လိုအပြစ်မျိုးတွေလဲ"

"မေ့တတ်တာပါ ဆရာ၊ အရေးကြီးဖုန်းတွေလက်ခံပြီး မေ့တာ၊ သူဌေးခိုင်းထားတာတွေမေ့တာ၊ အရေးကြီးတဲ့ကိစ္စ မှန်သမျှ အကုန်မေ့တာပါပဲဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တရားထိုင်လေ၊ အလုပ်တစ်ခုခုလုပ်တဲ့အခါ နည်းနည်းသတိထား၊ လေ့ကျင့်တာများရင် သတိမေ့တာ နည်းလာလိမ့်မယ်"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ ကြိုးစားပါ့မယ်"

အဲသလိုအစပြုပြီး နှစ်ယောက်သားရင်းနှီးမှုရှိလာသည်။ ပြောရဲဆိုရဲဖြစ်လာသည်။ သူသည် တခြားဝန်ထမ်းတွေနှင့်စာလျှင် သာယာ့အပေါ် ရှိုးတိုးရှန့်တန့်ဖြစ်နေတတ်တာတော့ အမှန်ပင်။

ဒါကို တခြားသူသိ၍မဖြစ်။ အထူးသဖြင့် ကိုအောင်မျိုး။ တော်ကြာ သူ့ကို ဆရာကြီးလုပ်ကာ "ကောင်မလေးအပေါ်ခင်ဗျားစိတ်မရိုးသားလို့နေမှာပေါ့" ဟု ပြောနေဦးမည်။

ထို့ကြောင့် တခြားဝန်ထမ်းတွေကို ရင်းရင်းနှီးနှီးဆက်ဆံသလို သာယာ့ကိုလည်း ဆက်ဆံရသည်။

"သာယာရေ၊ မန်နေဂျာ အပြင်ကပြန်လာရင် ကိုယ့်အခန်းလွှတ်လိုက်ပါဦး"

သာယာ့ကို ထင်လင်းခိုင်းတဲ့အချိန်မှာ သက်ရှိဝင်းက Toilet သွားနေ၍ သူမှာခိုင်းတာကိုမသိတော့ သာယာ့ကို သတိပေးဖြစ်ခဲ့ပေ။ ခဏအကြာ သာယာမေ့ပြီ။ မန်နေဂျာပြန်လာလည်း သတိမရ၍ ပြောဖို့မေ့နေသည်။ ထင်လင်းကိုယ်တိုင်ထွက်လာပြီး ...

"ကိုအောင်မျိုး ပြန်ရောက်ပြီလား"

"ဟော် တော်"

ထိုအခါမှ အလန့်တကြားဖြစ်ကာ သတိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရောက်ပြီ မစ္စတာလင်းရေ၊ စတိုးဆိုင်အသစ်တွေ နယ်ချဲ့နေတာနဲ့ ကြာသွားတယ်"

"ကျွန်တော်လည်း ခင်ဗျားကို တိုင်ပင်စရာရှိလို့ စောင့်နေတာ၊ ကိုအောင်မျိုး ပြန်ရောက်ရင်ပြောဖို့ သာယာ့ကိုမှာထားတာ မေ့နေလို့တဲ့လေ"

ကိုအောင်မျိုးက သူ စံတင်ထားတဲ့ရွှေမင်းသမီးရဲ့အမှား ကို ပြောလိုက်တော့ နည်းနည်းမျက်နှာပျက်သွားသည်။ ပြီးမှ တဟဲဟဲရယ်ရင်း ...

"တဲ ဟဲ၊ အဲဒီကောင်မလေးကတော့လုပ်ပြီ၊ အလုပ်ရှင် တုမ္ပဏီသူဌေးကို မေ့နေလို့ဆိုတာပြောလို့ရမလား၊ နေဦး ကိုယ့် သတိပေးမှုဖြစ်တော့မယ်"

"ထားလိုက်ပါဗျာ၊ ကျွန်တော်တို့ Promotion လုပ်ဖို့ ကိစ္စပြောရအောင်"

"ဒီနှစ်အတွက် ဘယ်လိုလောက်လုပ်မယ် စိတ်ကူးလဲ"

"ကျွန်တော်တော့ ဒီနှစ်သကြ်န်ကို ရည်ရွယ်ထားတယ် ခင်ဗျားသဘောကရော"

"သကြ်န်ကို ရည်ရွယ်ရင်တော့ သကြ်န်မှာ လူငယ်ကြိုက် အသုံးများမယ့်ပစ္စည်းတစ်မျိုးမျိုး အသစ်ထုတ်နိုင်ရင် ပိုကောင်း တာပေါ့"

"အဲ့ဒီအတွက် ကျွန်တော် စဉ်းစားထားတယ်၊ လူကြိုက် လူငယ် ကျားမ မရွေးဝတ်နိုင်မယ့် ဒီဇိုင်းဆန်းဆန်းရောင်စုံတီရှပ် ကလေးတွေကို ဖြန့်ချိဖို့ စီစဉ်ထားတယ်၊ ပြီးတော့ သကြ်န် အထူးစီးဖိနပ်နဲ့ခေါင်းစီးပါမကျန်ထုတ်မယ်"



"ကောင်းသားပဲ၊ ဆုံးဖြတ်ပြီးရင် အစည်းအဝေးလုပ်ကြ တာပေါ့၊ သကြ်န်မတိုင်ခင် ကြိုတင်ဖြန့်နိုင်အောင် စီစဉ်မယ်"

"အဲဒီအတွက် ကိုအောင်မျိုးကို စိတ်ချတယ်၊ မပူဘူး၊ ကျွန်တော်စဉ်းစားတာက ဒီလိုဗျ"

"အင်း ... ပြောပါဦး"

"သကြ်န်ပစ္စည်းသစ် Promotion ကို ဒီအတိုင်း ရိုးရိုး လုပ်ဘဲ စတိုးဆိုင်ကြီးတွေနဲ့ပေါင်းပြီး မော်ဒယ်လ်ရှိုးပွဲပါလုပ်ဖို့ပဲ အဲဒီကိစ္စအတွက် 'ကြံကြီးစည်ရာ' စတိုးက ပိုင်ရှင်နဲ့ဆွေးနွေး ထားတယ်"

"ခင်ဗျား Idea ကောင်းတယ် မစ္စတာလင်း၊ စတိုးဆိုင် ကြီးတွေနဲ့ပူးပေါင်းတာ ကိုယ်တို့အတွက် အလားအလာ အကောင်းဆုံးပဲ၊ စတိုးဆိုင်ဆိုတာက အရောင်းစာရေးချောချော လှလှလေးတွေများတယ်၊ ဒီတော့ ငွေကုန်ခံပြီး နာမည်ကြီး မော်ဒယ်လ်တွေငှါးစရာမလိုဘဲ ကိုယ့်လူကိုယ်သုံးလို့ရတယ်"

"အင်း ... ခင်ဗျားပြောတဲ့အကြံ ပိုကောင်းတယ်၊ ခုထဲက အချို့ဆိုင်ကြီးတွေနဲ့ညှိပြီး လေ့ကျင့်ပေးရင်ကောင်းမယ်"

"ဖြစ်ပါတယ်၊ နေဦး ကုမ္ပဏီကပစ္စည်းကို ကြော်ငြာပြသ ဖို့ ကျွန်တော်တို့ဆီက သင့်တော်တဲ့ဝန်ထမ်းလည်း အဆင်သင့် ရှိနေသားပဲ၊ ဘယ်သူဆိုတာ မစ္စတာလင်းသိပါတယ်"

"သိပါပြီ၊ ချမ်းမြေ့သာယာအေး၊ အံမယ် ကျွန်တော်တို့ ကုမ္ပဏီရဲ့မော်ဒယ်လ်က အားလုံးထဲမှာ အလန်းဆုံးတောင်ဖြစ် သွားနိုင်တယ်"

"ဟုတ်တယ်၊ မွှမ်းမံပြင်ဆင်ပြီး ပွဲထုက်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com


"ကောင်းသားပဲ၊ ဆုံးဖြတ်ပြီးရင် အစည်းအဝေးလုပ်ကြတာပေါ့၊ သကြ်န်မတိုင်ခင် ကြိုတင်ဖြန့်နိုင်အောင် စီစဉ်မယ်"

"အဲဒီအတွက် ကိုအောင်မျိုးကို စိတ်ချတယ်၊ မပူဘူး၊ ကျွန်တော်စဉ်းစားတာက ဒီလိုဗျ"

"အင်း ... ပြောပါဦး"

"သကြ်န်ပစ္စည်းသစ် Promotion ကို ဒီအတိုင်း ရိုးရိုးလုပ်ဘဲ စတိုးဆိုင်ကြီးတွေနဲ့ပေါင်းပြီး မော်ဒယ်လ်ရှိုးပွဲပါလုပ်ဖို့ပဲ၊ အဲဒီကိစ္စအတွက် 'ကြံကြီးစည်ရာ' စတိုးက ပိုင်ရှင်နဲ့ဆွေးနွေးထားတယ်"

"ခင်ဗျား Idea ကောင်းတယ် မစ္စတာလင်း၊ စတိုးဆိုင်ကြီးတွေနဲ့ပူးပေါင်းတာ ကိုယ်တို့အတွက် အလားအလာအကောင်းဆုံးပဲ၊ စတိုးဆိုင်ဆိုတာက အရောင်းစာရေးချောချောလှလှလေးတွေများတယ်၊ ဒီတော့ ငွေကုန်ခံပြီး နာမည်ကြီးမော်ဒယ်လ်တွေငှါးစရာမလိုဘဲ ကိုယ့်လူကိုယ်သုံးလို့ရတယ်"

"အင်း ... ခင်ဗျားပြောတဲ့အကြံ ပိုကောင်းတယ်၊ ခုထဲက အချို့ဆိုင်ကြီးတွေနဲ့ညှိပြီး လေ့ကျင့်ပေးရင်ကောင်းမယ်"

"ဖြစ်ပါတယ်၊ နေဦး ကုမ္ပဏီကပစ္စည်းကို ကြော်ငြာပြသဖို့ ကျွန်တော်တို့ဆီက သင့်တော်တဲ့ဝန်ထမ်းလည်း အဆင်သင့်ရှိနေသားပဲ၊ ဘယ်သူဆိုတာ မစ္စတာလင်းသိပါတယ်"

"သိပါပြီ၊ ချမ်းမြေ့သာယာအေး၊ အံမယ် ကျွန်တော်တို့ကုမ္ပဏီရဲ့မော်ဒယ်လ်က အားလုံးထဲမှာ အလန်းဆုံးတောင်ဖြစ်သွားနိုင်တယ်"

"ဟုတ်တယ်၊ မွှမ်းမံပြင်ဆင်ပြီး ပွဲထုက်လိုက်ရင်


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူမတူအောင်လှသွားမှာအမှန်ပဲ”

“ကောင်းပြီလေ၊ ကျွန်တော်တို့ အတည်ဆုံးဖြတ်ပြီး စလုပ်ရအောင်ကြစို့ ... ညနေအစည်းအဝေးခေါ်လိုက်ပါ၊ ကျွန်တော် တချို့စတိုးဆိုင်ကြီးတွေနဲ့ အကြမ်းဖျင်းတိုင်ပင်လိုက်ဦးမယ်”

ထင်လင်းအခန်းထဲက ကိုအောင်မျိုးထွက်လာခဲ့သည်။ အပြင်ဘက်တွင် စိုးရိမ်သောကမျက်နှာလေးဖြင့် လှမ်းကြည့်နေသူက သာယာ။ ကိုအောင်မျိုးက ...

“ညနေ အစည်းအဝေးရှိတယ်၊ တို့ကုမ္ပဏီရဲ့ Promotion အတွက်ပဲ၊ သာယာရေ ညည်းတော့သတိထား၊ မေ့တဲ့ကိစ္စ အတွက် ပြစ်ဒဏ်ပေးခံရလိမ့်မယ်”

“ရှင်”



# အခန်း (၁၃)

သူတို့ Promotion က မမျှော်လင့်ဘဲ ခမ်းခမ်းနားနားကြီးကြီးကျယ်ကျယ်ဖြစ်သွားသည်။ စတိုးဆိုင်ကြီးတွေရဲ့ အရောင်းစာရေးတွေက ထင်ထားတာထက် ပို၍ ချောမောလှပသည်။

သို့သော် သူတို့ကုမ္ပဏီက သာယာ့ကိုမှီသူတော့မရှိပေ။ သာယာသည် အသားအရည်၊ ခန္ဓာကိုယ်အချိုးအစား၊ ရုပ်ရည်အရုပ်အမောင်း ဘာမှကိုပြောစရာမရှိအောင် အဆင်ပြေသည်။

“ကုန်ပစ္စည်းသရုပ်ပြပွဲဆိုပေမယ့် မော်ဒယ်လ်တွေကို ဆုပေးဦးမှာ၊ လုပ်ငန်းရှင်တွေပေါင်းပြီး ဆုပေးမှာဆိုတော့ ဆုကြေးငွေကမနည်းဘူး၊ ကြိုးစား၊ ရုပ်ချောတာတစ်ခုတည်း



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

သူတို့ Promotion က မမျှော်လင့်ဘဲ ခမ်းခမ်းနားနားကြီးကြီးကျယ်ကျယ်ဖြစ်သွားသည်။ စတိုးဆိုင်ကြီးတွေရဲ့ အရောင်းစာရေးတွေက ထင်ထားတာထက် ပို၍ ချောမောလှပသည်။

သို့သော် သူတို့ကုမ္ပဏီက သာ်ယာ့ကိုမှီသူတော့မရှိပေ။ သာယာသည် အသားအရည်၊ ခန္ဓာကိုယ်အချိုးအစား၊ ရုပ်ရည်အရုပ်အမောင်း ဘာမှကိုပြောစရာမရှိအောင် အဆင်ပြေသည်။

“ကုန်ပစ္စည်းသရုပ်ပြပွဲဆိုပေမယ့် မော်ဒယ်လ်တွေကို ဆုပေးဦးမှာ၊ လုပ်ငန်းရှင်တွေပေါင်းပြီး ဆုပေးမှာဆိုတော့ ဆုကြေးငွေကမနည်းဘူး၊ ကြိုးစား၊ ရုပ်ချောတာတစ်ခုတည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မရွေးဘူး၊ ဟာန်ပန်အမူအယာလည်းလိုတယ်၊ မေးခွန်းနည်းနည်းလည်းမေးဦးမှာ၊ ကြားလား သဘိယာ"

"ဟုတ် ... ကြိုးစားပါ့မယ်"

သူက ကောင်မလေးကို သေချာမှာသည်။ ပါဝင်ယှဉ်ပြိုင်မည့်မော်ဒယ်လ်အားလုံးကို သူ လေ့လာပြီးပြီ။ သာယာ့ကို နိုင်စရာမရှိ။ သို့သော် မယ်မင်းကြီးမက ပြောလို့ရတာမဟုတ်။ ကိုယ့်ရှပ်ကိုယ့်ရည်ကို မာန်တက်ပြီး တလွဲလုပ်နိုင်သည်။ ဒါကြောင့် ခဏခဏသတိပေးရ၏။ ကိုယ့်လူကိုယ် ဆုရစေချင်တာတော့ အမှန်ပဲ မဟုတ်လား။

သကြ်န်အမှီ ပစ္စည်းထုတ်လုပ်၊ ဖြန့်ချိရမှာမို့ သရုပ်ပြမော်ဒယ်လယ်လောင်းတွေအတွက် လေ့ကျင့်ချိန် သိပ်မရပါ။

သို့သော် ... ပြိုင်ပွဲမစခင်ကတည်းက သာယာ့အမည်သတင်းကြီးနေသည်။ ရေပန်းစားနေသည်။

တချို့ကုမ္ပဏီတွေ စတိုးဆိုင်ကြီးတွေက ပိုင်ရှင်သူဌေးလူပျိုကြီးတွေ၊ မုဆိုးဖိုတွေကအစ သူ့ဆီဖုန်းဆက်ပြီး သာယာ့အကြောင်း စုံစမ်းလာကြသည်။ ချည်းကပ်ချင်ကြသည်။

ဒီအတွက် သူ့တွင် ပြောပိုင်ခွင့်မရှိပါ။ တစ်ခုပဲရှိသည်။ သူ့ကုမ္ပဏီက လက်အောက်ဝန်ထမ်းမို့ ကိုယ်ရေးကိုယ်တာကိစ္စတွေ မရောယှက်ဖို့တော့ ပြောပိုင်ခွင့်ရှိသည်။

"ထင်ပေါ်ရင် ဘုရင်ကတော်ဖြစ်မှာပဲလေ"

ကိုအောင်မျိုးက ထိုသို့ပြောသည်။ သူက ...

"ဒါနဲ့ပဲ ခင်ဗျားတပည့်အောက်ခြေလွတ် ဘဝင်မြင့်ပြီး အနေမတတ်အထိုင်မတတ်ဖြစ်လို့ တော်ကြာ မသူတော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေဦးမယ်"

"အောင်မယ်၊ အဲဒါတော့ စိတ်ချဗျို့၊ မပူနဲ့၊ ကောင်မလေးက အဲဒီကိစ္စနဲ့ပတ်သက်ရင် အလွန်မာနကြီးတာ၊ ဒါတင်မက ဧည့်စားချင့်ချိန်တွေးခေါ်တတ်သေးတယ်"

"နေစမ်းပါဦး၊ ခင်ဗျားက အဲဒီကောင်မလေးအကြောင်း တော်တော်စိတ်ဝင်တစားရှိလှပါလား"

"သြော် သြော်၊ မစ္စတာလင်းကပဲ ပြောရတယ်ရှိသေး၊ ကိုယ်က မောင်ရင်စပြောလို့ပြောရတာပါနော်၊ ဘာစိတ်မှမရှိဘူး၊ ကိုယ့်ထက်အများကြီးငယ်တဲ့ ညီမလေးပဲ၊ အဲ ... ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"လေ့လာလက်စနဲ့ကိုယ် သူ့ကို ဆက်ပြီးလေ့လာလိုက်ဦးမယ်၊ ဝန်ထမ်းတစ်ယောက်အနေနဲ့မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂလိကခံစားချက်အနေနဲ့ပြောရရင် ကောင်မလေးက ဆင်းရဲတာကလွဲပြီး တော်တယ်၊ တတ်တယ်၊ လိမ္မာရေးခြားရှိတယ်၊ တန်ဖိုးရှိတဲ့မိန်းကလေးပဲ"

"မေ့တတ်တာလည်း ထည့်ပြောဦးလေ"

"ဒါထားပါ၊ သတိထားထိန်းပေးလိုက်ရင် ရတယ်၊ အဲ ကိုယ်ပြောချင်တာက ဒီခေတ်ထဲမှာ ဒီလိုမိန်းကလေးမျိုးတွေ့ဖို့ ရှားတယ်"

"ရှားတော့ ဘာလုပ်ရမှာလဲ? ပြတိုက်ပြစားမလို့လား"

"နောက်မနေနဲ့၊ ကိုယ့်စကားမဆုံးသေးဘူး"

"ဟုတ်ပါပြီ၊ ဆက်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း၊ သာယာကို ကိုယ့်ညီမလေးလို သဘောထားတယ်၊ ဒီတော့ ညီမဖြစ်သူကို အစ်ကိုဖြစ်သူက လူကောင်းသူကောင်းနဲ့တွေ့စေချင်တယ်၊ အဲဒါ"

"ဖြစ်မှဖြစ်ရလေတယ်ဗျာ၊ အဲဒါ သူ့အမေပူရမယ့်ကိစ္စပါဗျ၊ ခင်ဗျားနဲ့က အဝေးကြီး"

"တန်ဖိုးရှိတဲ့မိန်းကလေး လက်မလွှတ်သင့်ဘူး မစ္စတာလင်းရေ၊ ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ထဲဖိတ်"

"အင်း ... အင်း ... ခုမှပဲ သဘောပေါက်တော့တယ်၊ ခင်ဗျားအကြံ ဒါအကုန်ပဲလား ကိုအောင်မျိုး"

"ဟဲ ဟဲ၊ မကုန်သေးဘူး၊ ကြံမယ့်ကြံ အထမြောက်တဲ့အထိတော့ ကြံရမှာပဲ"

"ဟင်း! ခင်ဗျားရယ်၊ အမေနဲ့သိန်းကြွယ်တို့က တစ်ကျိတ်တည်းတစ်ဉာဏ်တည်းပဲဗျ၊ လူကို မိန်းမပေးစားဖို့ပဲ လှည့်ပတ်ချောင်းနေကြတယ် ... နို့ ... နေစမ်းပါဦး၊ ခင်ဗျားကိုယ်တိုင်တောင် ဒီအရွယ်ထိ မိန်းမယူဘဲ ကျွန်တော့်ကျမှ ဘာလို့ ချောက်တွန်းနေရတာလဲ"

"ချောက်ကလေးက လှလှလေးမို့ပေါ့"

"တော်ပါဗျာ၊ ကလေးကလားအလုပ်တွေမလုပ်ချင်စမ်းပါနဲ့၊ ပြီးတော့ ကိုယ့်လက်အောက်ဝန်ထမ်းကို ကြံစရာလားဗျ"

"ဒါကလွယ်ပါတယ်၊ အချိန်တန်ရင် ကုမ္ပဏီက ထွက်ခိုင်းရမှာပေါ့"

"ဟင်း! စွမ်းမယ်ထင်ရင် လုပ်ကြည့်လိုက်လေ"

သူက မြင်းတွေလို ကြောက်ကန်ကန်တုန်းပါ၏၊ သို့သော်



www.burmeseclassic.com

www.burmeseclassic.com


သော့ ကောင်မလေးကို သတိထားဆက်ဆံမိနေတာကိုတော့ သူ ကိုယ်သူ သိနေသည်။ Marketing အဖွဲ့နှင့်သာသာယာအပြင် ထောပါသွားလျှင်တောင် ကုမ္ပဏီသည် အထီးကျန်ခြောက်သွေ့ သွန်းသည်ဟု ထင်ရလောက်အောင် သူ့စိတ်က မူမမှန်မဟုတ်တာ တော့ သေချာသည်။

ဤသို့ဖြင့် Promotion ရက် နီးလာပြီ။

"ကဲ … ဒေါ်ချမ်းမြေ့သာယာအေးရေ၊ Catwalk ကျ ရင် သေချာကြိုးစား၊ ညည်းဆုရရင် ကုမ္ပဏီလည်း နာမည်ရ မယ်၊ ညည်းလည်း အကျိုးရှိမယ်၊ ကြားလား၊ နမော်နမဲ့ မေ့မေ့ လျော့လျော့ပေါ့ပေါ့ဆဆမဖြစ်စေနဲ့"

ပြိုင်ပွဲမရောက်ခင် ထိုသို့ အကြိမ်ကြိမ်ပင် သတိပေးခဲ့ သည်။ လေ့ကျင့်ရက်က ဘယ်လောက်မှ မရှိတာမို့ အလွဲလွဲ၊ အချော်ချော်၊ အယောင်ယောင် အမှားမှားဖြစ်မှာ စိုးရိမ်မိတာတော့ အမှန်ပင်။

စိုးရိမ်ပြီး အကြိမ်ကြိမ်အခါခါ သတိပေးနေတဲ့ကြားက အကယ့် Catwalk လျှောက်သောနေ့ကျမှ တလွဲတချော် ရစ် ချက်ဆင်းပျက်ဖြစ်အောင် လုပ်မိအောင့်လုပ်သည်။

ဖြစ်ပုံကိုကြည့်။

ဘယ်နေရာမှ အပြစ်ပြောစရာမရှိ လိုအပ်ချက်မရှိအောင် သည်ဟု အားလုံးက ဝိုင်းဝန်းသြဘာပေးနေချိန်။

သာယာတစ်ယောက် စင်ပေါ်ကို ပျော့ပျော့ပျောင်းပျောင်း နွဲ့နွဲ့ နှောင်းနှောင်းလှမ်းတက်လို့လာသည်။

စင်ပေါ်ကို သာယာတက်လှမ်းသည်နှင့် သူကိုယ်တိုင်ပင်


www.burmeseclassic.com

www.burmeseclassic.com


မေ့လျော့မှင်တက်စွာ ငေးမောနေမိသည်။ လှလိုက်တာဟုလည်း စိတ်ထဲက ရေရွတ်နေမိ၏။

သာယာသည် စင်ရဲ့ညာဘက်ကွေ့လျှောက်၊ ဘယ်ဘက်ကွေ့လျှောက်နှင့်ဟုတ်နေသည်။ စင်ရဲ့အလယ် တည့်တည့်တွင် ကိုယ်ဟန်ပြတော့မှ ကိုယ်ကျိုးနည်းတော့၏။

"ဟယ်"

"ဟင်"

"အလို"

သာယာ့အလှတွင် မှင်သက်ငေးမောနေကြသော ပရိသတ်ပေါင်းများစွာထံမှ အာမေဋိတ်သံမျိုးစုံထွက်ကျလာသည်။ လုပ်ငန်းရှင်တွေနှင့်ရှေ့ဆုံးတန်းမှာ ထိုင်နေသော ထင်လင်းမှာလည်း သာယာ့လုပ်ပုံကြောင့် မျက်နှာကြီးထူပူသွားသည်။ ဆောဆောက သူ့ကုမ္ပဏီကဝန်ထမ်းသာယာ့ကိုပဲ ချီးကျူးပြောဆိုနေကြတာမဟုတ်လား။

ခုတော့ သွားပြီ။ ဆုရဖို့ထား အရှက်တကွဲအကျိုးနည်းဖြင့် စင်ပေါ်ကနေ သာယာဆင်းပြေးသွားလေပြီ။

ဘယ်လိုလုပ်လိုက်တာလဲ ချမ်းမြေ့သာယာအေးရယ်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"ကဲပါဟာ ... ငိုမနေပါနဲ့တော့ ပွဲလည်းပြီးသွားပါပြီ၊ ပြင်လို့လည်းမရတော့ဘူး၊ အားလုံးပြီးပြီ"

တရှုံ့ရှုံ့ငိုနေသော သာယာ့အားတွင် သက်ရိဝင်းက ထိုင်ပြီး မန်နေဂျာကိုအောင်မျိုးက ထိုသို့ပြောသည်။ သာယာက ရာမှ ...

"အဟင့် ... အရှက်ဟက်တက်ကွဲခဲ့တဲ့ဟာကို၊ ပြီးတော့ ရာလာရင်လည်း အဆူခံရဦးမယ်"

"မဆူပါဘူး၊ ဆူလည်း ငါတစ်ယောက်လုံးရှိတယ်၊ မှမဖြစ်ဘူး၊ အခု လုပ်စရာရှိတာလုပ်နေ၊ ဒါကြောင့် အ ည်းက သေချာလုပ်ပါ၊ ဂရုစိုက်ပါလို့ တဖွဖွသတိပေး "

www.burmeseclassic.com

www.burmeseclassic.com



"ခစ်"

သက်ရီဝင်းက ရယ်ချင်စိတ်ကို မမြိုသိပ်နိုင်တော့ဘဲ ခစ်ခနဲရယ်လိုက်မိသည်။ သာယာက လှမ်းထုရင်း ...

"ဟင်း နင်ကပါ ငါ့ကို ဟားတယ်ပေါ့လေ၊ ဟုတ်လား"

"ဟဲ့ ... သက်ရီဝင်း၊ သူများက ဝမ်းနည်းနေတာ နင်က"

မန်နေဂျာကိုအောင်မျိုးက သက်ရီဝင်းကို မာန်မဲဝင်ဟန့်သည်။ သက်ရီဝင်းက ...

"သမီးကိုသာ ပောက်စားလုပ်နေတယ်၊ ဂျာကြီးမျက်နှာကြီးကလည်း ပြုံးစိစိ၊ စပ်ဖြဲဖြဲကြီးပဲဟာ"

"တယ် ... ဒီကောင်မလေး"

မန်နေဂျာလည်း ဒါပဲပြောနိုင်ပြီး တစ်ဖက်လှည့်ကာ ပြုံးသည်။ သက်ရီဝင်းက ...

"သာယာရယ် ... နင်လည်း အမှတ်တမဲ့ ဘာလုပ်လို့ လုပ်လိုက်မှန်းမသိဘဲမှားသွားတာ ရှက်မှာပဲ၊ ဒါပေမယ့် နင့်အရှက် ကွဲခံစားရတာ တစ်ကဏ္ဍ၊ ရယ်စရာကောင်းတာက တစ်ကဏ္ဍပေါ့၊ ငါတို့ စင်အောက်ကြည့်နေတဲ့လူတွေကတော့ ပထမ အံ့ဩသွားတယ်၊ နောက်မှ ရယ်လိုက်ရတာ ပြောမနေနဲ့"

"ဟုတ်ပါပြီ၊ ငါ့ကိုတော့ လူတွေအားလုံး ဝိုင်းဟားနေကြမှာပေါ့"

"အံမယ်၊ တချို့က ရယ်ရမှန်းတောင်မသိကြဘူး၊ နင့်ရဲ့နောက်ဆုံးပေါ် မော်ဒယ်လ်'က'ကွက်လေးကို တအံ့တဩနဲ့ မှင်သက်ငေးမောနေကြတာ၊ ခစ်"

"အား ... တော်တော့နော်၊ ငါ ရှက်ပါတယ်ဆို၊ သေချင်

www.burmeseclassic.com

www.burmeseclassic.com


ပဲ၊ အိး ဟိး ဟိး”

“ရှက်လည်း ဘာလုပ်လို့ရတော့မှာလဲ? ငါတို့ကတော့ တလွဲဖြစ်ပြီဆိုတာ သိလိုက်ပြီလေ၊ သွားပြီဆိုပြီး မျက်စိ လိုက်ကြရတာ”

“တော်ပါတော့ဆို”

သာယာတို့ ပြောဆိုနေကြတုန်းမှာပဲ ကုမ္ပဏီထဲကို ထင် ၊ သူ့မိခင်နှင့်သိန်းကြွယ်တို့ ဝင်လာကြသည်။ တခြားဝန် တွေကတော့ ကုန်ပစ္စည်းဖြန့်သူ၊ Promotion လုပ်သော တွင်ကျန်ခဲ့ကြတာမို့ လူနည်းနေ၏။ သန့်ရှင်းရေးနှင့်ရှုံး လေးသာရှိနေသည်။

“အမေ ဒီမှာ ခဏနားပြီး ပြန်ရင် ကိုအောင်မျိုး ပို့ပေး ပါ၊ ကျွန်တော် 'မြရတနာ'စတိုးပိုင်ရှင်ကိုကျော်ဝေနဲ့ချိန်း တာရှိလို့”

“ပို့ပေးမယ်၊ ဪ ဒါနဲ့ မစ္စတာလင်းရေ၊ ရောင်စုံတီရှပ် တာတော့ သကြီန်မတိုင်ခင် ပြတ်ထွက်သွားမယ်ထင်တယ်၊ သေးက အမှာတွေဝင်လာတာကိုမနည်းဘူး”

“ဒီနေ့ပွဲမှာလည်း ကလေးတွေ တော်တော်ရောင်းရတာ ကျွန်တော်တို့ပစ္စည်းပေါက်သွားပြီဗျ”

“ဝမ်းသာစရာပဲ၊ ဒါပေမယ့် ...”

ထင်လင်းက စကားကို ရပ်လိုက်သည်။ ပြီးမှ ...

“ထားပါဗျာ၊ ကျွန်တော် ဘာမှမပြောချင်တော့ပါဘူး”

သူ့အခန်းထဲ ဝင်သွားသည်။ ကိုအောင်မျိုးက ...

“ကြီးကြီးနှင်း၊ ခဏနားပါဦး၊ ကော်ဖီသောက်မလား၊

www.burmeseclassic.com


အအေးသောက်မလား"

"တော်ပါပြီ၊ မင်းတို့ ကာဖီတွေ အအေးတွေလည်း ကြီးကြီးမကြိုက်ပါဘူး၊ မင်းတို့ညီထင်လင်းက အိမ်ထဲ ပျင်းမှာ စိုးလို့ သူ့ပွဲခေါ်လာတာ၊ ကြီးကြီးဖြင့် မျက်စိနောက် ခေါင်းတွေ မူးနေတာပဲ"

"ခေတ်က ဒီအတိုင်းပဲ ကြီးကြီးရဲ့"

"မိန်းကလေးတွေ ဝတ်စားထားတာကလည်းကွယ် ဒူးပေါ်၊ ခါးပေါ်နဲ့မလုံမခြုံတွေ၊ ဒီလိုဝတ်တာ စားတာ ပက်စက် ကြလို့လည်း စီးပွားရေးတွေ အဆင်မပြေဖြစ်ကြတာပေါ့"

ဒေါ်နှင်းရီစကားကြောင့် အားလုံးရယ်ရအခက်၊ ငိုရ အခက်နှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ သိန်းကြွယ်က ...

"ကြီးကြီးကတော့ လုပ်ပြီ၊ ခေတ်နဲ့အညီဝတ်စားတာနဲ့ စီးပွားရေး အဆင်မပြေတာ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ဟဲ့ ... ခါးပေါ်ရင်ပေါ်ဆိုတော့ လာဘ်တိုက် တာပေါ့၊ သမီးတို့ကရော ရုံးပြင်ပမှာ အဲသလိုပဲ ဝတ်ကြသလား"

ဒေါ်နှင်းရီက သာယာနှင့်သက်ရှိဝင်းကို မေးလိုက်သည်။ သူတို့နှစ်ယောက် ပြန်မဖြေခင် သိန်းကြွယ်က ...

"ကြီးကြီး၊ သူက ချမ်းမြေ့သာယာအေးလေ၊ အစ်ကို ကုမ္ပဏီက ပိတ်စည်းတွေဝတ်ပြီး ဒီနေ့ သရုပ်ပြတဲ့မော်ဒယ်လ်တွေ ထဲမှာ သာယာ ပါတယ်"

"ဟော! ဟုတ်လား၊ စင်ပေါ်ကြည့်ပြီး အခုတွေ့တော့ မမှတ်မိတော့ဘူး၊ သမီးက အချောအလှလေးပါလား"


www.burmeseclassic.com

www.burmeseclassic.com


"ကျေးဇူးတင်ပါတယ် ကြီးကြီး"

သာယာက မန်နေဂျာနှင့်သိန်းကြွယ်ခေါ်သလို ကြီးကြီး ခေါ်လိုက်သည်။ ကိုအောင်မျိုးက ...

"သူက ရုပ်တင်ချောတာမဟုတ်ဘူး ကြီးကြီးရေ၊ အလုပ် ည်း အားကိုးရတယ်၊ ဒီခေတ်လူငယ်တွေထဲမှာတော့ တော် ည်းတော်၊ လိမ္မာရေးခြားလည်းရှိတယ်၊ ကျွန်တော့်ညီမလိုပါပဲ"

"ဩော် ... အေး၊ ငါ သိပြီ၊ ဒီလောက်ဆို သဘောပေါက် သိန်းကြွယ်သူငယ်ချင်းတွေကို အိမ်အလည်ခေါ်လေ"

ဘာတွေဘယ်လိုပြောလို့ ဘယ်လိုတွေ သဘောပေါက် ထဲမသိ။ မန်နေဂျာကလည်း ဘယ်တုန်းက သာယာ့ကို ညီမ ာ်သွားမှန်းမသိ။ သိန်းကြွယ်ကလည်း သာယာ့ကို ညီမလေး ခင်နေသည်တဲ့။ ယခု ဒေါ်နှင်းရီကပါ အိမ်အလည်ခေါ်နေ သည်။

သာယာကဖြင့် ထင်လင်းနှင့်ဘယ်လိုရင်ဆိုင်ရဦးမလဲ သေးပေ။ လက်ရှိအနေအထားအရတော့ သာယာ့ကို ဘာမှ ချင် မဆိုချင်လောက်အောင် စိတ်ကုန်နေပုံရသည်။ မျက် င်ကုပ်ကြီးနှင့်မျက်နှာက သုန်မှုန်နေ၏။

ဖြစ်ထိုက်ပါပေသည်။ Catwalk မှာ သာယာလုပ်ခဲ့ပုံ တုမ္ဘဏီကို ဂုဏ်မတက်စေတဲ့အပြင်၊ ကဲ့ရဲ့ပြစ်တင်ခံရဖွယ်ဖြစ် ၏။ ဒါက နမော်နမဲ့ဖြစ်တတ်လွန်းသော သာယာအပြစ်ပင်။

လှေ့ကျင့်ချိန်နည်းတာရယ်၊ စင်ပေါ်မတက်ဖူးတာရယ်၊ ်တာတွေရယ် ပေါင်းလိုက်တော့ အယောင်ယောင်အမှားမှား ဖြစ်ကုန်၏။ ကိုယ်ဟန်ပြရမည့်အနေအထားကို ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလုပ်နေတဲ့ကြားက ကိုယ်ဟန်ပြကွက်တွေကို မေ့သွားတာ လည်းပါသည်။

ရှိုးလျှောက်စင်ရဲ့အလယ်ရောက်တော့ လက်နှစ်ဖက်ကို ခါးပေါ်ရှုရှုလေးထောက်ကာ ခန္ဓာကိုယ်ကိုခပ်စောင်းစောင်းလေး ရပ်သည်။ ထို့နောက် ဒူးတစ်ဖက်ညွတ်လိုက်၏။ ပြီးတော့ ဘာဆက်လုပ်ရမည်ဆိုတာ ရုတ်တရက်မေ့သွားပြီ။ ကံဆိုးစွာ ကျန်တဲ့ခြေတစ်ဖက်က ဒေါက်ဖိနပ်မှာ ဘေးကို ယိုင်သွား၍ ဒူးနှင့် ပြန်ထိန်းလိုက်ရသောကြောင့် ပြကွက်က ဘာပုံ ပေါက်သွားမှန်းပင် မသိတော့။ ဒူးနှစ်ဖက်စလုံးခွင်၍ ကော့ကားပြပုံပေါက်သွား၏။ ရှက်ဖို့ကောင်းလိုက်တာ။

ပြန်ခါနီးတော့ ဒေါ်နှင်းရီက ပြောသွားသေးသည်။

"သမီးရယ်၊ နောက်ကို ညည်းတို့သူဌေးခိုင်းလည်း အဲသလို စင်ပေါ်တက် သရုပ်ပြတဲ့အလုပ်တွေမလုပ်ပါနဲ့၊ ဘယ်နှယ် ဘာတွေမှန်းကိုမသိဘူး၊ ကော့ပြ ကွပြ ကားပြနဲ့" တဲ့။

အင်းလေ။ တကယ်လည်း အဲသလိုဖြစ်သွားခဲ့တာကိုး ဟင်း ... ရှက်လိုက်တာ လွန်ပါရော။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"သာယာရေ ... ကိုလင်းရဲ့အမေကို ပူတင်းသွားပို့ပေးဦး၊ နေ့ခင်း အဆာပြေစားဖို့"

မန္တလေးရုံးခွဲကို ဖုန်းဆက်ခိုင်းလို့ ဆက်ပြီးတော့ မန်နေဂျာက ထိုသို့ပြောလာပြန်သည်။ အဲဒီမန်နေဂျာကြီးကိုလဲ သာယာ့မှာ နားကိုမလည်နိုင်တော့ပေ။

သာယာ့အပေါ် ညီမတစ်ယောက်လို အကောင်းလွန်နေ၍ အားနာပြီး ဘာမှပြန်မပြောသာသော်လည်း ကုမ္ပဏီလုပ်ငန်းနှင့်မပတ်သက်တာတွေ ခိုင်းနေ၍ စိတ်ရှုပ်သည်။

"သူဌေးမိသားစု ကိုယ်ရေးကိုယ်တာတွေ ခိုင်းတယ် ထောင်ပါနဲ့သာယာ၊ အကူအညီတောင်းတာ၊ ညည်းတို့ဆရာ

www.burmeseclassic.com

www.burmeseclassic.com



မိသားစုနည်းတော့ ကူမယ့်သူမရှိဘူး၊ ကိုယ့်လူရင်းမို့ သူ့ဒွေးအိမ်ဝင်ထွက်တာခိုင်းရတာ"

ကိုအောင်မျိုးက သာယာ့အတွေးကိုသိ၍လားမသိ။ ထိုသို့ရှင်းပြသည်။ ဘယ်လိုပဲ ရှင်းပြရှင်းပြ အသိသာကြီးပဲဥစ္စာ။ ဒီလိုခိုင်းချင်လျှင် ဦးအေးရွှင်လည်း ခိုင်းလို့ရသလို၊ အလုပ်သမားတွေထဲကလည်း ခိုင်းလို့ရသည်။

ထားပါတော့။ ပင်ပန်းတာလည်းမဟုတ်။ ကိုယ့်အပေါ်ကောင်းနေတဲ့မန်နေဂျာခိုင်းတာဆိုတော့ လုပ်ပေးရမှာပေါ့။

"သာယာ သွားပေးပါ့မယ်၊ ဒါပေမယ့် ... ဆရာခိုင်းထားတဲ့အလုပ်တွေရှိသေးတယ်၊ မပြီးလို့ ဆူခံထိနေဦးမယ်"

"ငါသိပါတယ်၊ ပူမနေနဲ့ ... ငါ ပြောလိုက်မယ်၊ သက်ရှိဝင်းအားရင်လည်း လုပ်ခိုင်းထားလိုက်မယ်"

တကယ့်ကို အံ့သြစရာပါပဲ။ ဒီကုမ္ပဏီမှာ သာယာ့ကိုအလှမွေးငါးလို မွေးထားသလားမသိ။

သာယာသည် ဘာမှထပ်မတွေးတော့ဘဲ ထွက်လာခဲ့၏။ တစ်နေ့တစ်နေ့ ရုံးနှင့်အိမ်မို့ ပျင်းနေတာ အတော်ပဲပေါ့။

သူ့ဒွေးအိမ်ရောက်တော့ သူ့ဒွေးအမေတင်မက သူ့ဦးလေးနှင့်အဒေါ်ကိုပါ တွေ့ရသည်။ သိန်းကြွယ်ကိုတော့ မတွေ့ပေ။

"မန်နေဂျာက ကြီးကြီးကို ပူတင်းပို့ခိုင်းလိုက်လို့ပါ ကြီးကြီး"

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ ကြီးကြီးက သူ့တင်းသိပ်ကြိုက်တာ၊ ထမင်းစားမကောင်းတာနဲ့အတော်ပဲ၊ ဒါ ထိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com


သမီး"

"မထိုင်တော့ပါဘူး ကြီးကြီး၊ သမီးပြန်တော့မယ်၊ ဆရာ ...ထားတဲ့အလုပ်တွေရှိသေးလို့ပါ"

"အမလေးကွယ်၊ သမီး မရှိလည်း ရှိတဲ့သူလုပ်လိမ့်မယ်၊ ကြီးကြီးမှာပျင်းလွန်းလို့ သမီးလာတုန်း စကားပြောရအောင်၊ ...ကြွယ်လည်း ပြန်လာတော့မှာ"

"အိမ်မှာ ဘာလုပ်စရာရှိလဲ ကြီးကြီး၊ သမီးလုပ်ပေးမယ်"

"အို ဘာမှလုပ်ပေးစရာမလိုပါဘူး သမီးရယ်၊ သိန်း ...ယ် ပြန်လာရင်သာ ကြီးကြီးတို့ တစ်ခုခုလုပ်စားကြတာပေါ့"

"သမီးအကြာကြီးနေလို့မရဘူး ကြီးကြီး၊ ဆရာ ခိုင်း ...တာတွေရှိသေးတယ်"

"အမလေး သမီးရယ်၊ ဒီက အဲဒီဆရာကို မွေးထားတဲ့ ...ပါ၊ ဒီအမေခေါ်ထားလို့နေတာ သူ ပြောရဲပြောကြည့်ပါ ... တွေ့သွားမှာပေါ့"

ဒေါ်နှင်းရီစကားကြောင့် သာယာ ပြုံးမိသည်။ ကြည့်ရ ... ရန်ကုန်မြို့ကြီးမှာ ဆွေမျိုးသားချင်းမရှိ၊ ဘယ်မှလည်း ...သွားတတ်၊ မလာတတ်နှင့် အထီးကျန်ပြီး ပျင်းနေပုံရသည်။

"ကိုယ့်ရွာမှာတော့ လုပ်စရာလည်းပေါ၊ လည်စရာလည်း ...ချုပ်စပ်တွေရှိတော့ ဘယ်မှာပျင်းချိန်ရှိမှာလည်း သမီးရယ်၊ ...တိုက်နဲ့ကားနဲ့ထားပေမယ့် မပျော်ပါဘူးကွယ်"

"နှစ်ကြာလာရင် နေသားကျသွားမှာပါ ကြီးကြီးရဲ့"

"အဲ့ဒါပြောတာပေါ့ တူမကြီးရယ်၊ ဒီမှာပဲ စွဲစွဲမြဲမြဲနေဖို့ ...ကိုပြောနေတာ၊ ဒါမှ ရပ်မိတ်ဆွေမိတ်၊ ဈေးမိတ်၊ တရားစခန်း



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတွေရတော့မပေါ့၊ ခုတော့ ရွာနဲ့ကူးချည်သန်းချည် လုပ်နေတာကိုး"

အဲဒီစကားကို သိန်းကြွယ်အဖေဦးဘစိက ဝင်ပြောခြင်းဖြစ်သည်။ သိန်းကြွယ်အမေကတော့ ခပ်အေးအေးသာ နားထောင်နေ၏။

"တော်တို့လို ဇာတိမခင်တွယ်၊ မွေးရပ်မခင်တွယ်တဲ့သူတွေကတော့ နေနိုင်တာပေါ့တော်၊ ကျုပ်တို့က ဇာတိခင်တယ်"

"သေလည်း ထားခဲ့ရမှာပဲ အစ်မရယ်"

"သေခါမှ သေရောပဲ"

သာယာက သူတို့ကိုကြည့်ပြီး ရယ်သည်။ သူတို့စကားပြောနေစဉ် သိန်းကြွယ် ပြန်ရောက်လာ၏။ သာယာ့ကိုမြင်သည်နှင့် ...

"ဟယ် ... သာယာ၊ ဘယ်လိုရောက်နေတာလဲ"

"မောင်အောင်မျိုးက ပူတင်းလာပို့ခိုင်းလို့တဲ့လေ"

ဒေါ်နှင်းရီက ဦးစွာဖြေသည်။ သာယာက ...

"မသိန်းကြွယ်၊ သင်တန်းတွေ အများကြီးတက်တယ်နော်"

"အပဲ ... အကြံအစည်ရှိတယ်လေ"

"မပြောချင်ပါဘူးကွယ်၊ ဒီမှာ ကိုယ့်အစ်ကိုကုမ္ပဏီရှိနေတာကို မကူဘဲ နိုင်ငံခြားသွားဖို့ပဲ စိတ်ကူးနေတယ်"

ဒီတစ်ခါတော့ သိန်းကြွယ်အမေဒေါ်လှမြိုင်က ဝင်ပြောသည်။

"နိုင်ငံခြားသွားမှာ အစ်ကို့ကို ကူတာပဲလေ၊ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တိုင် သွားခိုင်းတယ်၊ နိုင်ငံခြားမှာ ရုံးခွဲဖွင့်မှာပါဆို"

"ဖွင့်လည်း တခြားလူလွှတ်ရတာပဲ၊ မိသားစုမှ ဒါလေးရှိတာ သူမို့ပစ်သွားချင်တယ်"

"ဒါကြောင့်ပြောတာပေါ့၊ မိသားစုများအောင် အစ်ကို့ကို မိန်းမမြန်မြန်ပေးစားပြီး ကလေးတွေ တစ်ခါဇင်လောက် မွေးခိုင်းလိုက်ပါလို့၊ ဟွန်း"

"ခစ်"

"အဲဒါသာကြည့် သာယာရေ၊ သူကျတော့မယူဘဲ အစ်ကို ဖြစ်သူကိုပဲ ပေးစားချင်နေတယ်"

"အဲဒါတွေနောက်မှပြော သာယာ့ကို ဘာကျွေးပြီးပြီလဲ"

"ကျွေးမလို့ပဲ၊ ညည်းကို စောင့်နေတာ မိသိန်းကြွယ်၊ ထို့ ကြာဇံကြော်စားရအောင်"

"သာယာ၊ အခု ရုံးပြန်မသွားနဲ့တော့ အစ်ကို့ဆီ ကြီးကြီးနှင်းက ဖုန်းဆက်ပေးလိုက် … နော် ကြီးကြီး"

"အေး"

"အယ်"

တကယ့်ကို အတိုင်အဖောက်ညီသော တူဝရီးတွေဖြစ်သည်။ သာယာ ဘာပြန်ပြောနိုင်မည်နည်း။ သူဌေးမိသားစုက အရေးပေးချစ်ခင်တာ ကံကောင်းတာပဲမဟုတ်လား။

"ဒါနဲ့ သမီးကို မေးကြည့်ရဦးမယ်"

"ဟုတ် … ကြီးကြီး"

"သမီးရဲ့ဆရာကို အမျိုးသမီးတွေဘာတွေနဲ့တွဲတာ တွေ့မိ၊ မကြားမိဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြားဘူး ကြီးကြီး၊ ဆရာက အလုပ်ပဲ ဖိလုပ်နေတာ"

"သူ စိတ်ဝင်စားနေသူလေး ဘာလေးရောမရှိဘူးတဲ့လား"

"သမီးတော့ မသိဘူး ကြီးကြီး"

သာယာ အံ့သြပြီးရင်း အံ့သြနေရသည်။ ဆရာတို့မိသားစုဟာ အတော့်ကို ထူးဆန်းလှပါလား။

သာယာသည် ကူညီချက်ပြုတ်စားသောက်ပြီး ညနေစောင်းမှ အိမ်ကိုပဲ တန်းပြန်ခဲ့၏။ သာယာပြန်ခါနီးမှ ထင်လင်းရောက်လာ၍ နှုတ်ဆက်တော့ လူကို တဲ့တဲ့မကြည့်ဘဲ "အင်း" ဟု တစ်လုံးသာဖြေသည်။ ဘယ်လိုလူကြီးမှန်းမသိ။

"သမီးရေ၊ ရုံးပိတ်ရက် လာခဲ့ဦးနော်"

ကြီးကြီးက မလာဘဲမနေနိုင်အောင် အားနာစရာကောင်းလောက်အောင် ထပ်ခါထပ်ခါခေါ်သည်။ ခေါင်းညိတ်ရုံမှတစ်ပါးအခြားမရှိပြီ။ သိန်းကြွယ်ကလည်း သူ့အစ်ကို လူပျိုကြီးအကြောင်း ဖောက်သည်ချလိုက်သေးသည်။

ဘာတဲ့ ...။

ဆရာက အသည်းကွဲချစ်လူမိုက်ကြီးဆိုပါလား။





www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

သာယာက တင်ပြစရာ၊ အစီရင်ခံစာဖိုင်တွဲကို MD စားပွဲပေါ် တင်ထားခဲ့ပြီး ပြန်ထွက်ရန် ခြေလှမ်းပြင်သည်။ ထင်လင်းက ဖုန်းပြောနေရာမှ ထွက်မသွားဖို့ လက်ကာပြသည်။ သာယာ ရပ်စောင့်နေရ၏။

ထင်လင်းသည် မည်သူနှင့်ဖုန်းပြောနေသည်မသိ။ လက်ဟန်ခြေဟန်တွေသာမက ဟက်ဟက်ပက်ပက် အားပါးတရရယ်မောနေသည်။ မျက်နှာသေဖြင့်သာ မြင်ဖူးနေ၍ သာယာ့မှာ ထိုမြင်ကွင်းကို ငေးကြည့်နေမိ၏။

ကြည်နူးချမ်းမြေ့ဖွယ်မြင်ကွင်းကို မျက်နှာမလွှဲကြည့်ချင်နေသေးသော်လည်း ကိုယ့်သိက္ခာကိုယ်ထိန်း၍ အကြည့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သိမ်းလိုက်ရသည်။

"နေဦး သာယာ ... ကိုယ် မင်းကို မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဒါပေမယ့် မနေနိုင်မထိုင်နိုင်မေးရဦးမယ်၊ မင်း Promotion ပွဲနေ့က သေချာအထပ်ထပ်မှာရဲ့နဲ့ ဘယ်လို လုပ်တာလဲ၊ အရမ်းစိတ်ကုန်လို့ ကိုယ်မင်းကို ဘာမှကို မမေးတော့တာ"

ဒါများ၊ အခုလည်း မမေးဘဲ နေပါတော့လား။

"ဆရာရယ်၊ သာယာက မင်းသမီးလည်းမဟုတ်၊ မော်ဒယ်လ်လည်းမဟုတ် အစကတည်းက ကိုယ်မကျွမ်းကျင်တဲ့ အလုပ်ကို မလုပ်ချင်ဘူးလို့ပြောခဲ့သားပဲ၊ ခုတော့ ... သာယာ လည်း အရှက်ကွဲတယ်"

"ဟာ! အရှက်ကွဲအောင် မင်းဟာမင်း လုပ်တာလေ၊ ငါ့မှာ အခုထိ ဒီကိစ္စကို ဖြေရှင်းနေရတုန်းပဲ၊ မင်းသာ တလွဲမလုပ်ရင် ဆုရမှာသေချာနေတဲ့ဥစ္စာ"

"သာယာလည်း ဘယ်ဖြစ်ချင်မှာလဲ ဆရာရယ်"

"ကဲ ... ထားပါ၊ ပြီးတာလည်း ပြီးပါပြီ၊ ဒါနဲ့ ... မင်းကို မေးရဦးမယ်"

"ဟုတ်"

"ကိုယ့်အိမ်က ကိုယ့်အကြောင်း မင်းကို ဘာတွေပြော သေးလဲ"

"ရှင်!"

အတော့်ကို အံ့သြစရာကောင်းသောမေးခွန်းကို သာယာ ကြားရသည်။ ဤမိသားစုကတော့ အံ့သြမကုန်နိုင်ဖွယ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သာယာ့မှာ သူ့ဧွေးမိသားစုကြား ဟိုဘက်လည်းမဟုတ်၊ ဒီဘက်လည်းမဟုတ်။ အတော့်ကို ခက်လှသည်။

"အမေ့အကြောင်း ကိုယ်သိတယ်၊ တစ်ခုခုမပြောဘဲတော့ နေမှာမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား သာယာ"

"ဟို … မပြောပါဘူး၊ အဲ … ပြောတော့ပြောတယ်"

"ဘာတွေပြောလဲ"

"ဆရာက စီးပွားရေးတွေပဲ ဖိလုပ်နေတယ်တဲ့၊ သားကျွေးမွေး၊ မယားကျွေးမှုလည်းရှိတာမဟုတ်ဘဲနဲ့တဲ့၊ စားဝတ်နေရေးက ဖွာလုံးရုံမက ပိုလျှံနေပြီတဲ့"

"အင်း … နောက်တော့ရော"

"ဒါပဲလေ ဆရာရဲ့"

"ဘာ! ဒါပဲလဲ၊ မင်းစကားကို ချန်ထားတယ်"

"တကယ်ပါ ဆရာရဲ့၊ သာယာ့ကိုပြောတာ အဲဒါပဲ"

"ဟင်း! မင်းလည်း အမေတို့နဲ့တစ်ဂိုဏ်းတည်းပဲနေမှာ တော်ပြီ၊ သွားတော့"

သာယာသည် ရယ်ချင်စိတ်ကို မနည်းအောင့်အီးမြိုသိပ်ကာ ထင်လင်းအခန်းထဲက ထွက်လာခဲ့သည်။ ဒီလူဟာ တကယ့်လူ။ သူ့မိသားစုပြောတာတွေကို သာယာက ပြန်ပြောစရာလား။

ကြီးကြီးနှင်းပြောပြခဲ့သော စကားတွေကို သာယာ့နားမှာ ပြန်ကြားယောင်မိသည်။

"သမီးရဲ့ဆရာက လူ့ဝွစာ လူတစ်မျိုးရယ်၊ တခြား မကြည့်နဲ့၊ ကုမ္ပဏီစထောင်ကတည်းက ဝန်ထမ်းတွေခန့်တော့ ကိုးလိုးကန့်လန့်တွေလုပ်တာပဲကြည့်၊ အဲ ပြောရဦးမယ်၊ အဓိက



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက သူ့ငယ်ချစ်ဦးပြဿနာပဲ၊ ဟိုတုန်းကတည်းက ကြိုက်ရင်ယူလို့ ကြီးကြီးခွင့်ပြုခဲ့တာပဲ၊ အဲဒီတုန်းကတော့ ကျောင်းတက်ဦးမှာ၊ မြို့ကြီးပြကြီးမှာ အလုပ် လုပ်ဦးမှာနဲ့ သူပဲ လက်တခါခါ၊ ခြေတခါခါလေ၊ ဟော ... ခု သူ့အိမ်ထောင်နဲ့သူ ကလေးတစ်ပြုံတစ်မကြီးဖြစ်မှ ပတ်သက်နေတယ်၊ အခု အဲဒါပဲ ကြီးကြီးမှာ စိတ်ဆင်းရဲနေရတာ"

"အစ်ကိုတို့ချင်း စာအဆက်အသွယ်ရှိတယ်နော် ကြီးကြီး၊ သိန်းကြွယ် စောင့်ဖမ်းဦးမယ်၊ လက်ပူးလက်ကြပ်မိလို့ကတော့ ရှာပြန်ပြီး ဟိုကောင်မကို တစ်စစီဆွဲဖြဲပစ်လိုက်မယ်၊ ဒီကိစ္စ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

သိန်းကြွယ်ကပါ ခါးခါးသီးသီး ဝင်ကန့်ကွက်ခဲ့သည်။ ဒါတော့ သာယာလည်း ကန့်ကွက်ချင်သည်။ သို့သော် ... ထင်လင်းသည် ထိုမျှလောက် အသိတရားခေါင်းပါးသူဟုတ်မည် မထင်ပါ။

ခက်တာက သာယာကိုယ်တိုင်လည်း ဘာကိုမှန်းမသိ စိုးရိမ်နေမိသည်။ လူရိုးတဖောက်ကန်းတွေရဲ့စိတ်က နားလည်ရခက်၏။ လူ့ဝစာတွေရဲ့သဘောထားက ဝတီးဝကျလုပ်တတ်သည် မဟုတ်လား။

သာယာသည် ထင်လင်းလှုပ်ရှားမှုအရိပ်အခြေကို စောင့်ကြည့်ဖို့ ကြီးကြီးနှင်းတာဝန်ပေး၍ပဲလား၊ ကိုယ်တိုင် စိတ်ဝင်စားနေ၍လားမသိ။ ထင်လင်းကို ဂရုတစိုက်လေ့လာစောင့်ကြည့်နေမိသည်။

"ဟဲ့ ကောင်မလေး၊ ဘာတွေချောင်းချောင်းနေတာလဲ?

www.burmeseclassic.com

www.burmeseclassic.com


အခုတလော နင့်ကြည့်ရတာ တစ်ခုခုပဲ"

"အာ ... ဂျာကြီးကလည်း လန့်လိုက်တာ၊ ချောင်းတာ မဟုတ်ဘူး၊ လေ့လာနေတာ၊ ဆရာများ တစ်ခုခုထူးခြားမလား လို့"

"အေး ... စောင့်ကြည့်ထား၊ နင့်ဆရာ မဟုတ်မဟပ် မိန်းမတွေနဲ့တွေ့သွားမှာစိုးရတယ်"

"ဆရာက ကလေးမှမဟုတ်တာ မဖြစ်နိုင်ပါဘူး"

"ဟ! ဒါမျိုးက ကြီးတာ ငယ်တာနဲ့မဆိုင်ဘူး၊ နင့်ဆရာ လို ဝတီးဝကျသမားတွေက ဖြစ်လိုက်ရင် အသဲအသန်၊ အဆန်း တကြယ်ဟ"

"ဟင် ... ဂျာကြီးကလည်း ပြောရှေ့မယ်"

"ပြောရှေ့မယ်မလုပ်နဲ့၊ တကယ်ပြောနေတာ၊ အခုဆို ရွာက သူ့ရည်းစားဟောင်းနဲ့ပြန်ဆက်သွယ်နေလို့ သူ့အိမ်က *စိတ်ညစ်နေကြတာ၊ ဟိုက ...*"

"သာယာသိပါတယ် ဂျာကြီးရဲ့၊ ဒါပေမယ့် ... အထင်ပဲ မဟုတ်လား? အထောက်အထားဖြင့်မရှိဘဲ စွပ်စွဲနေကြတယ်"

"ဟဲ့ ... ဘယ့်နှယ့်အထောက်အထားမရှိရမှာလဲ? လူက သာ မသွားတာ စာအဆက်အသွယ်အမြဲရှိတယ်"

"အဲ့ဒါက သာရေးမာရေးကိစ္စပဲဖြစ်မှာပါ၊ ဆရာတို့က ငယ်သူငယ်ချင်းတွေဆိုတော့"

"နင်မသိဘူးနော်၊ ငယ်ကချစ် အနှစ်တစ်ရာမမေ့သာလဲ ဆိုက အဆင်မပြေဖြစ်နေတော့ သနားဂရုဏာပိုနေတာ၊ မပြီးပါ ဘူး၊ ဒီကောင် မိန်းမမြန်မြန်ရမှအေးမှာ"

www.burmeseclassic.com

www.burmeseclassic.com



သာယာ တွေခနဲတစ်ချက်ဖြစ်သွားသည်။ ရင်ထဲမှာလည်း ဗလောင်ဆူပြီး ယောက်ယက်ခတ်သွား၏။ မည်သို့လုပ်လျှင် ကောင်းမည်နည်း။

"ဟင့်အင်း၊ အဲသလိုတော့ အဖြစ်မခံနိုင်ပါဘူး၊ အိမ်ထောင်နဲ့ကလေးတွေနဲ့ဟာကို"

"အေး ... အဲဒါကြောင့် ညည်းကိုပြောရတာပေါ့၊ ညည်းဆရာကို ဂရုစိုက်၊ ကိုယ့်ဘက်ပါအောင်လည်းကြိုးစား"

"ဟင် ... ဂျာကြီးကလည်း ဘာဆိုင်လို့လဲ"

"ဟ! မဆိုင်ဘူး မပြောနဲ့လေ၊ ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ထဲဖိတ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

မနေ့ညနေက ရွာက လူကြုံလာ၍ ထင်လင်းလက်ထဲ
တစ်စောင်ပေးလိုက်တာကို ဒေါ်နှင်းရီရော သိန်းကြွယ်ပါ
ချာမြင်ပြီးပြီ။ ထို့နောက် ... တိုးတိုးကျိတ်ကျိတ်ပြောဆိုပြီး
ကြုံပြန်သွားသောအခါ ထင်လင်းလည်း အခန်းထဲဝင်သွား
၊ ဒေါ်နှင်းရီနှင့်သိန်းကြွယ်တို့တူဝရီးနှစ်ယောက် တစ်ယောက်
တစ်ယောက် မျက်စပစ်ပြသည်။ ပြီးမှ ဒေါ်နှင်းရီက ...

"ဟိုအကောင်မဆီကနေမှာပေါ့၊ ဘာတွေ ပတ်ချွဲနှပ်ချွဲ
ထားသလဲမသိဘူး"

"ဟုတ်ပ့ါ ကြီးကြီးရယ်၊ ငွေကိုမက်ပြီး လင်ကို ဈေးတွက်
တ်ယူသွားတဲ့မိန်းမ၊ ခုမှ အစ်ကို့ကိုမယူခဲ့မိတာ မှားမှန်းသိပြီး



www.burmeseclassic.com

www.burmeseclassic.com


နှောင်တွေ တစ်သီကြီးနဲ့ ပြန်ကပ်ချင်နေတာလေ"

"ရမလား၊ ဟင်း ... ငါနော် ... အသည်းတွေယားလိုက်တာ အဆက်အသွယ်ရှိနေမှန်းသိရဲ့နဲ့လက်ပူးလက်ကြပ်မမိတော့ ဘာမှလည်းလုပ်လို့မဖြစ်၊ ပြောလို့ကလည်းမရ၊ ဒီပုံအတိုင်းဆို ကြာရင်ခက်ရချည်ရဲ့"

"သင်းသင်းမွေးလူဆိုးမကို၊ ဒေါသဖြစ်လိုက်တာနော်"

"နင်ကလည်း ဒေါသဖြစ်တာ နောက်ထား၊ ဘယ်လို လုပ်ရင်ကောင်းမလဲဆိုတာ နည်းနည်းပါးပါး အကြံလေးဉာဏ် လေးထုတ်စမ်းပါဦး သိန်းကြွယ်ရယ်"

"အဲဒီကောင်မမွေးမွေးနဲ့မျက်နှာချင်းဆိုင်ပြီး နပမ်းသတ် ဆို သဏ်နိုင်တယ် ကြီးကြီးရဲ့၊ အကြံဉာဏ်ကိုတော့ စဉ်းစား မထွက်ဘူး"

"ဟွန်း ... သူ့များ အားကိုးရမလားမှတ်ပါတယ်"

"နေဦး ကြီးကြီး၊ ဒီလိုလုပ်မယ်"

"အေး ... ပြော၊ ဘယ်လိုလုပ်မှာလဲ"

"အခု အစ်ကို အလုပ်သွားရင် သူ့အခန်းထဲဝင်ပြီး သဲလွန်စရှာမယ်၊ အဓိကကတော့ မနေ့က ပူပူနွေးနွေးရောက်လာ တဲ့စာပဲ"

"ဟုတ်တယ်၊ သူတို့ချင်း ဆက်သွယ်တဲ့စာတွေဖတ်ရရင် ဘယ်လိုအခြေအနေဆိုတာ သိရမှာပဲ၊ ကြိုးစားလိုက်စမ်း သိန်းကြွယ်"

"OK"

ပြောပြောဆိုဆို သိန်းကြွယ်က ထင်လင်းအခန်းနား


www.burmeseclassic.com

www.burmeseclassic.com



ဆောင်မလည်ကပ်သည်။ တံခါးက စေ့ထားရုံပဲဆိုတာသိ၍ အနားကပ်ကာ အသာတွန်းပြီး အခန်းထဲ ချောင်းကြည့်ဖို့ ကြိုးစား၏။ ထိုအခိုက် …

"ကျွိ"

"အမလေး … ပလုတ်တုတ်"

"ဟာ … ဘာလဲ? နင် ဘာလုပ်နေတာလဲ မိသိန်းကြွယ်"

"ဟို … ဘာမှမဟုတ်ပါဘူး၊ အစ်ကို့အခန်းတံခါးပေါက်မှာ ဂျူလီရဲ့ပိုစတာကပ်ပေးရမလားလို့ ကြည့်နေတာ"

"ဘာဂျူလီလဲ? ကျက်သရေမရှိမင်္ဂလာမရှိ၊ ခုနစ်အိုရှစ်အိုပါလောက်ရှုပြနေတဲ့ဟာကြီး ဘာလုပ်ရမှာလဲ၊ မိသိန်းကြွယ်နော်၊ ငါ့အခန်းမှာ ပေါက်တတ်ကရတွေ လာမလုပ်နဲ့ … မကြိုက်ဖူး"

"အမလေး၊ လာလာချေသေး၊ ခုနစ်အိုရှစ်အိုလိုဟာ မကြိုက်ရင် မွေးမွေးနဲ့လည်း မပတ်သက်နဲ့ပေါ့"

"ဘာ … ဘာ၊ ပြန်ပြောစမ်း၊ နင် အလိုလိုက်အမိုက်စော်ကားမလုပ်နဲ့နော်၊ ကြပ်ကြပ်သတိထား၊ ငါ့လက်သီးစာ ဘယ်လောက်မိမလဲဘဲ"

"မိရင်မိ၊ မွေးမွေးနဲ့တော့ ဘယ်လိုမှအဖြစ်မခံနိုင်ဘူး၊ ဒီထက်အကြီးဆိုလည်း မဟုတ်တာလုပ်ရင် ပြောရမှာပဲ"

"ငါက ဘာမဟုတ်တာလုပ်နေလို့လဲ? မွေးမွေးနဲ့ နင်တို့အင်သလိုမဟုတ်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"မဟုတ်ရင် အဆက်အဆံလုပ်မနေနဲ့လေ၊ အခုတော့ အစ်ကိုက ပတ်သက်နေတာကိုး"

"ငွေရေးကြေးရေးကိစ္စလေးတွေမပြတ်သေးလို့ ဆက်ဆံ

www.burmeseclassic.com



နေရတာပေါ့ဖဲ့၊ သူ အကူအညီတောင်းလို့ ပိုက်ဆံချေးပေးထား တာ၊ စပါးပေါ်တိုင်း ဖဲ့ဆပ်မယ်လို့ပြောတယ်၊ ငါ့ဆီကချေးလို့ရ တဲ့ငွေကို သူက သူများကို အတိုးနဲ့တစ်ဆင့်ပြန်ချေးပေးပြီး ရတဲ့ အတိုးနဲ့စားနေရှာတာပါဟာ"

ထင်လင်းစကားဆုံးတော့ သိန်းကြွယ်က မျက်နှာကို မဲ့ရွဲ့ ပစ်လိုက်သည်။

"မင်းလိုလူက ဘယ်တုန်းကများ အတိုးတွေ အရင်းတွေ ချေးငှါးတာတွေ စိတ်ဝင်စားသွားရတာပါလိမ့်"

အနားရောက်လာသော ဒေါ်နှင်းရီက ပြောလိုက်ခြင်း ဖြစ်သည်။ ထင်လင်းက ...

"အမေတို့ကလည်းဗျာ၊ လူကို အမြဲတမ်းရိုသလို ထေ့ သလိုလုပ်နေတော့တာပဲ၊ ဘာမှမဟုတ်ပါဘူးဆိုတာ ရှင်းပြပေါင်း လည်း မနည်းတော့ဘူး၊ အမေတို့ မတရားစွပ်စွဲပြောဖန်များရင် ကျွန်တော် တကယ်လုပ်ပစ်လိုက်မှာ"

"အမလေး ... ဘုရား ... ဘုရား"

ဒေါ်နှင်းရီက ရင်ဘတ်ဖိရင်း ဘုရားတသည်။ သူ့သား လူ့ဝွစာအကြောင်း ကောင်းကောင်းသိသူ မဟုတ်လား။ ထို့ကြောင့် ဘာမှဆက်မပြောတော့ဘဲ သိန်းကြွယ်ကို မျက်ရိပ်ပြ ကာ ထွက်လာခဲ့၏။

ခဏအကြာ မျက်နှာမှုန်ကုပ်ကုပ်ဖြင့် ထင်လင်း လည်း ရုံးသို့ထွက်သွားသည်။ သိန်းကြွယ်က ...

"လူ့ဝွစာကြီးတော့ သွားပြီ ကြီးကြီးရေ၊ လုပ်ငန်းလေး စလိုက်ကြစို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး … စလေ၊ ညည်း မွေနှောက်ရှာပေတော့၊ ကြီးကြီး ဘုရားပန်းလဲပြီး ဆွမ်းတော်လေးကပ်လိုက်ဦးမယ်"

ဒေါ်နှင်းရီ စကားမဆုံးသေးခင်မှာပင် သိန်းကြွယ်သည် ထင်လင်းအခန်းထဲ စွတ်ခနဲပြေးဝင်သွား၏။ ဒါကိုကြည့်ပြီး ဒေါ်နှင်းရီကလည်း ကျေနပ်နေသည်။ ဒီနေ့အဖို့ သူ့သား ထင်လင်း၏မမှန်မကန်၊ နည်းလမ်းမကျသော လျှို့ဝှက်ဇာတ် လမ်းကို ဖော်ထုတ်နိုင်တော့မည်။

သက်သေနှင့်တကွ လက်ပူးလက်ကြပ်မိလို့ကတော့ နှင်းရီအကြောင်းသိအောင် လုပ်ပြလိုက်ချင်သေးသည်။ ဟုတ်နေ လို့ကတော့ ဒင်းဇာတ်လမ်းကို အဆက်ဖြတ်ရင်ဖြတ်၊ မဟုတ်လျှင် တစ်ဦးတည်းသောသားတွေ ဘာတွေ နားမလည်ဘူး၊ ပိုင်ဆိုင်မှု တွေ အကုန်ပြန်သိမ်းပစ်မည်။

ထင်လင်းအခန်းထဲ ဝင်မွှေနေသော သိန်းကြွယ်မှာ စားပွဲအံဆွဲ၊ ဗီရိုအံဆွဲတွေမကျန် ပိုက်စိတ်တိုက်ရှာသည်။ မတွေ့။ စာအုပ်စင်၊ စာကြည့်စားပွဲတွေမှာလည်းရှာသည်။ ဘယ်မှာမှ မတွေ့ပေ။

"ဒုက္ခပါပဲ၊ မီးခံသေတ္တာထဲများ သော့ခတ်သိမ်းထား သလားတောင်မသိဘူး"

သိန်းကြွယ်က စိတ်ပျက်စွာတွေးသည်။ နောက်မှ တစ် ချက်သတိရကာ မွေ့ယာအောက် လှန်ကြည့်၏။ ခေါင်းအုံး အောက် လှန်ကြည့်ပြန်သည်။ ဒီလိုစာမျိုးဆိုတာ အိပ်ရာပေါ် လှဲရင်း ဖိမ်နှင့်ဖတ်တတ်ကြတာ မဟုတ်လား။

"ဟာ … တွေ့ပြီ၊ တွေ့ပြီ၊ ဒါပဲ၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com


သိန်းကြွယ်က ဝမ်းသာအားရ အသံပြုရင်း သေချာအောင် စာကိုထုတ်ကြည့်သည်။ ဘာတဲ့။

သို/

ထင်လင် တဲ့။

"ခစ်"

သိန်းကြွယ်က သဘောကျစွာရယ်လိုက်၏။ သင်းသင်းမွှေးဆိုတဲ့မိန်းမလည်း အတန်းပညာဘာရှိလို့လဲ။ ဒါကြောင့် စာသိပ်မတတ်ပေ။ စာရေးလျှင် ဝစ္စနှစ်လုံးပေါက်နှင့်အောက်ကမျှင်တွေဆို ထည့်သင့်တဲ့နေရာမထည့်ဘဲ၊ မထည့်သင့်တဲ့နေရာ ထည့်တတ်သည်။

"မိသိန်းကြွယ်"

"ဟင်! အစ်ကိုလင်း"

"အဲ့ဒါ ဘာလုပ်တာလဲ? ပြောစမ်း ... တောက်"

သိန်းကြွယ်ခေါင်း ပုပ်လောက်ကြီးသွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

“ငါထင်တယ်၊ အဲသလိုလုပ်လိမ့်မယ်ဆိုတာ ငါသိနေတယ်၊ မဖြစ်ဖူး၊ နောက်နေ့ကစပြီး ငါ့အခန်းတံခါးကို သော့ခတ်ပစ်တော့မယ်၊ အမေ့ကိုရော၊ နင့်ကိုရော ငါ မယုံတော့ဘူး”

ထင်လင်းက သူ မေ့ကျန်ခဲ့သော ဖိုင်တွဲကို စားပွဲပေါ်က ထုတ်ယူရင်းပြောသည်။ ပြီး တစ်ဆက်တည်း သိန်းကြွယ် ဖွင့်ထားနေသော စာကို စာအိတ်ထဲ ပြန်ထည့်ပြီး ဖိုင်ထဲညှပ်ထည့်လိုက်၏။

“စာတစ်ကြောင်းမှ မဖတ်ရသေးဘူး၊ ရိုးရိုးသားသားစာဆိုရင် အစ်ကို ဘာမှမပြရဲစရာ မရှိဘူး”

“အေး ... အစကတော့ နင်တို့ကိုပြမလို့ပဲ၊ ခုတော့ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့အတွက် ပြကိုမပြတော့ဘူး၊ သူခိုးမ၊ သူများအခန်းထဲဝင်ပြီး သူခိုးကျင့်သူခိုးကြံနဲ့"

"ဘာ သူခိုးမလဲ? အဟင့် ... အခုလိုလုပ်နေတာ အစ်ကိုလင်းအတွက်၊ ကြီးကြီးခိုင်းတာပဲ၊ ကြီးကြီးခိုင်းလို့ သိန်းကြွယ်လည်းလုပ်တာ"

"ဟုတ်တယ်ဟော့၊ ဟုတ်တယ်၊ ငါ လုပ်ခိုင်းတာ၊ ဘာဖြစ်သေးလဲ? မင်းဘက်က မှန်နေရင် ဘာစိတ်ဆိုးစရာရှိလဲ"

ဒေါ်နှင်းရီက ဘုရားခန်းက ထွက်လာပြီး ပြောသည်။

"စိတ်ဆိုးတာပေါ့၊ အမေတို့က အမှန်အတိုင်းပြောလည်း ယုံမှမယုံတာ"

"မယုံဖူးလေ၊ ယုံစေချင်ရင် ငါတို့ပြောစကားနားထောင် အဆက်ဖြတ်ပြပေါ့"

"ဟား ... နောက်ဆုံးတော့ ဒီနေရာပဲပြန်ရောက်တာပဲ တော်ပြီ ... တော်ပြီ၊ ကျွန်တော် ဘာမှမပြောတော့ဘူး၊ ရှေ့လျှောက် အမေတို့ပဲပြောနိုင်မလား၊ ကျွန်တော်ပဲ နေနိုင်မလား ကြည့်ကြသေးတာပေါ့"

"အောင်မာ၊ နင်ကများ ငထင်လင်းရယ်၊ အေး နေပေါ့၊ ဒီ မအေစကားနားမထောင်ရင် မင်းပဲ ဒုက္ခရောက်မှာ မသိဘူးလား ဟင်"

ထင်လင်းက ဘာမှထပ်မပြောတော့ဘဲ အိမ်ပေါ်ကနေ ဖောင့်ဖောင့် ဖောင့်ဖောင့်ဖြင့် ဆင်းသွားသည်။ သူ့နောက်တွင် ဒေါ်နှင်းရီတစ်ယောက် စိတ်ဆိုးမာန်ဆိုးဖြင့် အော်ဟစ်ပြီးတွန် ကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရောက်တော့ သူ့ကိုစောင့်နေသော ဧည့်သည် တစ်ယောက်ကိုတွေ့ရသည်။ တစ်နေ့က သင်းသင်းမွှေးစာကို ယူလာပေးသော ရွာက လူကြုံ။

“ဟာ ... ကိုဘလင်း၊ ဘယ့်နှယ် အိမ်မလာဘဲ ဒီမှာ လာစောင့်နေတယ်”

“အိမ်မလာတော့ဘူးလေဗျာ၊ ခင်ဗျားအမေ ကျုပ်ကို အမြင်မကြည်ဘူးမဟုတ်လား၊ ညနေပြန်တော့မှာမို့ ခု လာတာ”

“အေးဗျာ ... ကျွန်တော့်အမေကို စိတ်မဆိုးပါနဲ့၊ အထင်လွဲနေလို့ပါ”

“ဒါပေါ့၊ မိဘဆိုတာ အားလုံး ဒီလိုပါပဲ၊ သားသမီးတွေကို ကောင်းစားစေချင်လို့ စိတ်ပူတာပါ”

“နားလည်ပေးလို့ ကျေးဇူးတင်တယ် ကိုဘလင်း၊ ဒါနဲ့ စောင့်နေရတာကြာရောပေါ့၊ ဖုန်းလေးဘာလေးဆက်တာတော့ မဟုတ်ဘူး၊ ဟဲ့ သာယာ”

“ရှင်”

“နင်တို့က ဧည့်သည်ကို ဒီအတိုင်းပဲ ငုတ်တုတ်ထိုင်ခိုင်းထားတာလား”

“အဲ ... ဆရာ့ဆီဖုန်းဆက်ပေးမယ်ဆိုပြီး သာယာမေ့သွားတယ်ဆရာ”

“လာပြန်ပြီလား ဒီမေ့တာ”

“ဟုတ်”

“ဘာဟုတ်လဲ? ကိုအောင်မျိုး မရောက်သေးဘူးလား”

“ရောက်ပါပြီ ဆရာ၊ လက်ဖက်ရည်သောက်ပြီးဘာဏ်



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်ဆိုပြီး ထွက်သွားပါတယ်"

"နှင်တလေ ကိုအောင်မျိုးဖြစ်ဖြစ်၊ သက်ရီဝင်းဖြစ်ဖြစ် တစ်ယောက်ယောက် အနားကသတိမပေးရင် မေ့တော့တာပဲ၊ ကဲ ... ငါ ညှော်သည့်ကို တစ်ခုခုကျွေးရင်း အပြင်ခဏသွားလိုက်ဦးမယ်၊ အရေးကြီးကိစ္စရှိရင် ဖုန်းဆက်၊ ရော့ ... ဒီဖိုင်ယူထား၊ ဒီထဲက တချို့အစီရင်ခံစာတွေမှာ ငါ မှတ်ချက်ပေးထားတာတွေ ရှိတယ်၊ ဖတ်ကြည့်ပြီး လုပ်နိုင်တာလုပ်ထားနှင့်"

"ဟုတ်"

"ဟုတ် ဟုတ်နဲ့ ပြီးမှ တလွဲလုပ်၊ မေ့ပစ် ကြားလား"

သာယာ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေလိုက်သည်။ ထင်လင်းထွက်သွားမှ နောက်ကျောကို မျက်စောင်းလှမ်းထိုး၏။

"ဟွန်း ... ရှာက သူ့ရည်းစားဟောင်းအကြောင်းပြောမှာမို့ ငါ မသိစေချင်လို့ အပြင်ကို ခေါ်ထုတ်သွားတာပေါ့လေ၊ ကြီးကြီးနှင်းကို လှမ်းတိုင်မယ်၊ ဒင်းလှုပ်ရှားမှုတွေ ငါ့ကို စောင့်ကြည့်ခိုင်းထားတာပဲ"

သာယာက ထိုသို့တွေးပြီးမှ ဖိုင်တွဲကို သတိရကာ မတိုင်ဖြစ်တော့ပေ။ ချက်ချင်းမလုပ်လျှင် ထင်လင်းခိုင်းထားတာ မေ့မှာစိုးရသည်။ ထို့ကြောင့် ဖိုင်တွဲကို အရင်ဖွင့်ပြီး လုပ်စရာရှိတာ ပြီးအောင်လုပ်ဖို့ စိတ်ကူး၏။

ဖိုင်ကိုဖွင့်လိုက်သည်နှင့်စာရွက်စာတမ်းများကြားမှ စာအိတ်တစ်အိတ်ကိုတွေ့ရသည်။ သာယာက ကုန်ပစ္စည်းအမှာစာ ထင်လိုက်၍ စာအိတ်ထဲက စာကို ထုတ်သည်။

ပြီးလျှင် စာကိုဖွင့်ဖတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့/

ထင်လင်

နင် နေကောင်ဒယ်နော်၊ ငါကတော့ စိတ်ကနေမကောင် တော့ လူကပါနေလို့မကောင်ဘူး။ အခုချိန်ထိ ငါဘက်က အဆဉ်မပြေသေတော့ နင်တောင်နေတာ ငါ မပေးနိုင်ဘူးဖြစ်နေ ဒယ်၊ နောက်ထပ် ဆက်စောင့်ပေးပါအုန်း။

"ဟင်! ဒါ ဒါက ဘာတွေလဲ"

သာယာမှာ အူကြောင်ကြောင်ဖြင့် စာကို ဆက်ဖတ်ပြန် သည်။

နောက်နှစ် စပေါ့ပေါ်ချိန်ဆိုး အကျပ်အတည်က လွတ် မှာပါ။ ဒီလိုပဲ လှည့်ပြီးလုပ်နေရဒယ်။ ဖေးရောင်းဖေးဝယ်ကလဲ ကောင်ဘူး။ သံ့ဘွားမော်ကလဲ ဂတိခုနှခနှပျက်ဒယ်။ ဒီတစ်လာ သော့ သိခံပါဆိုလို့ သိခံနေရဒယ်။

နောက်နှစ်တော့ နင်မတောင်လဲ အဆဉ်ပြေအောင် ငါ လုပ်ပေးမှာပါ။ စပေါ့ပေါ်ချိန်မယောက်ခင် နင် ရှာပုံလာမှ တဖြေး ဖြေးချင်းတောင်ယူကြတာပေါ့။ အဆဉ်ပြေအောင် ချော့တောင်ကြ ဖယ်နော်။

နင်စိတ်မဆိုရင် စာပုံရေးပါ။

စက်စက်မျှော်နေမယ်။

ကျေဇူလဲ တင်ပါဒယ်။

သင်းသင်းမွှေ

"ဟော့ တော်"

သာယာသည် စာတစ်စောင်လုံးကိုဆုံးအောင်ဖတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပြီးမှ ရှက်ရွံ့ထူပူပြီး လန့်ဖျပ်သွား၏။

ဒါ ထင်လင်းရဲ့ရည်းစားဟောင်းက ရေးပေးလိုက်တဲ့စာပေါ့။ ဘုရား ဘုရား။ ဘာတွေလဲ။

သာယာသည် အထိတ်ထိတ်အလန့်လန့်ဖြင့် စာကို ပြန်ခေါက်ကာ စာအိတ်ထဲထည့်သည်။

ထင်လင်းကို အညာသား လူရိုးတစောက်ကန်း၊ လူ့ဝွစာဆိုပြီး လေးစားမြတ်နိုးနေခဲ့တာ။

ဟင်း ... ခုတော့ ... ဘာတွေလဲ။

ထင်လင်းမျက်နှာကို ရင်ဆိုင်ကြည့်ဖို့တော့ ခက်ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

ဒီကောင်မလေးကြည့်ရတာ တစ်မျိုးတော့တစ်မျိုးဟု ချင်သည်။ "ဘာတွေလုပ်ထားလဲ" မေးတော့လည်း ကောင်း ကောင်း မွန်မွန် သွက်သွက်လက်လက်မဖြေဘဲ အိုးတိုးအမ်းတမ်း နှင့် ဖိုင်တွဲကိုစားပွဲပေါ်တင်ကာ တက်သုတ်ရိုက်ပြန်ထွက်သွား၏။

ဒါကိုကြည့်ပြီး သူ ပြုံးသည်။ ဒီကောင်မလေး ခိုင်းထား ဘာမလုပ်ဖြစ်ဘဲ မေ့ပြန်ပြီပေါ့။

"ဘယ်လိုဟာလေးမှန်းကိုမသိဘူး"

သူက ချစ်စနိုးပင် တွေးလိုက်ပါသေးသည်။ တကယ်ဆို သူလို "လူ့ဝွစာ" ဟု အများက သတ်မှတ်ထားသောသူက အလုပ် နှင့်ပတ်သက်လျှင် နည်းနည်းလေးမှ အလျှော့ပေးတတ်သူဟုတ်

www.burmeseclassic.com

www.burmeseclassic.com


ပါ။ ဝန်ထမ်းတွေခန့်ကတည်းက ရုပ်ရည်လှပတာတွေ၊ အသက် ၂၅ နှစ်အောက်တွေ၊ လုပ်ငန်းအတွေ့အကြုံရှိသူတွေ ရွေးခန့်ခဲ့တာ မဟုတ်။

မည်သူမှ မွေးကတည်းက လုပ်ငန်းအတွေ့အကြုံနှင့် ဖက်မွေးလာသူ မရှိ။ လုပ်ငန်းအတွေ့အကြုံမရှိတာနှင့်ဘဲ အလုပ်မလုပ်ရတော့ဘူးတဲ့လား။ သူကတော့ အလုပ်ကို လိုလိုချင်ချင် လုပ်ချင်သူသာဖြစ်ပါစေ၊ လက်တွဲခေါ်သွားဖို့ ဝန်မလေးပေ။

ခုတော့ အလုပ်နှင့်ပတ်သက်ပြီး ကောင်မလေးရဲ့ မေ့လျော့ပေါ့ဆမှုတွေက ချစ်စနိုးအဖြစ်သာ ပြောင်းလဲသွားခြင်းမှာ သာမန်ရိုးရိုးပြောင်းလဲခြင်းတော့ မဖြစ်နိုင်။

ဒီအသက်အရွယ်ရောက်မှ ရင်ခုန်ကြည်နူးစရာပေါ်နေပြီလား။ သူသည် ထိုသို့တွေးလိုက်မိပြီးမှ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ ရှက်ရှက်နှင့်ဖိုင်တွဲကို ဆွဲယူဖွင့်သည်။

ထိုအခါ မနက်က အိမ်တစ်ခေါက်ပြန်ပြီး ဖိုင်ယူတော့ သိန်းကြွယ်နှင့်အမေ့ကို စိတ်ဆိုးပြီး ဖိုင်တွဲထဲ အလျင်စလို ညှပ်ထည့်လိုက်သော စာအိတ်ကို သွားတွေ့၏။

"ဟိုက်! ပြဿနာပဲ"

သူ ခေါင်းနပမ်းကြီးပြီး မျက်နှာတစ်ခုလုံး ထူပူသွားသည်။ ဟိုကောင်မလေးများ ဒီစာကိုဖတ်မိသွားပြီလားမသိ။ ဒါဆိုရင်တော့ သွားပြီ။ စာထဲပါ အကြောင်းအရာနှင့်စာသားတွေက လှပချောမွေ့ပြီး ကဗျာဆန်တာမဟုတ်။ ဒါကြောင့်လည်း သင်းသင်းမွေးဆီက စာလာလျှင် မည်သူ့ကိုမှ မပြရဲခြင်း ဖြစ်သည်။ ထို့ကြောင့် ပိုပြီး အထင်လွဲခံနေရ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဒုက္ခပါပဲ"

သူ အတော့်ကို စိတ်ရှုပ်သွားသည်။ အဲဒီစာကို ကောင်လေးဖတ်မိလား၊ မဖတ်မိဘူးလားဆိုတာ ပြောင်ပြောင်တင်းတင်း မေးလိုက်ရအောင်ကလည်းမဟုတ်။ မမေးဘဲ မသိချင်ယောင်ဆောင်ပြီး နေလိုက်ရအောင်လည်း အခက်။

ပြီးတော့ ဘာ့ကြောင့်မှန်းမသိ။ သူ့ထက်လေးငါးနှစ်ငယ်သောကောင်မလေးကို ရှက်ရွံ့အနေခက်မိသည်။ တစ်မျိုးတစ်မည်ထင်သွားမှာကိုလည်း စိုးရိမ်ပူပန်နေမိသည်။ ယခုလိုခံစားချက်မျိုး တစ်ခါမှမဖြစ်ဘူးပေ။

တကယ်တမ်း စာထဲကအကြောင်းအရာတွေက ဘာမှထွေထွေထူးထူးမပါပါ။ သူ့ဆီကချေးထားသောငွေတွေကို သင်းသင်းမွှေးက သူများတွေတစ်ဆင့်ချေးပေးထားတာ ပြန်တောင်း၍အဆင်မပြေကြောင်းသာ ဖြစ်၏။ သို့သော် အကြောင်းရင်း မသိသူက တစ်မျိုးထင်နိုင်သည်။

သူက ရည်းစားဟောင်း မမေ့နိုင်၍ ကူညီခဲ့တာမဟုတ်။ သူ့အတွက် လေးငါးသိန်းက ယခုချိန် မုန့်ဖိုးပဲရှိသည်။ တစ်ရွာတည်းသား သူငယ်ချင်းအဖြစ် သဘောထား ကူညီခဲ့ခြင်းဖြစ်သည်။

ထိုသို့ ငွေချေးတာ၊ ငွေတောင်းတာတွေကို သင်းသင်းမွှေးက အကျိုးအကြောင်း စာရေးလေ့ရှိသည်။ ဖြစ်ပုံက ဒါပဲ။

သူသည် အူကြောင်ကြောင်ဖြင့် မျက်နှာချင်းဆိုင်က နံရံကို စိုက်ကြည့်နေမိ၏။ ခဏအကြာ အခန်းတံခါး ချပ်ခနဲပွင့်ပြီး တိုးအောင်မျိုးဝင်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဈေးရောင်းပွဲတော်ရှိတယ် မစ္စတာလင်း"

"အင်း ... ကျွန်တော်သိတယ်၊ ရက်မသေချာသေးလို့ မပြောသေးတာ"

"ပစ္စည်းသစ်ထုတ်ဖို့ စိတ်ကူးရှိလား"

"ရှိတယ်"

"အချိန်ရပါ့မလား"

"ကုန်ကြမ်းပေါ်မူတည်တယ် ကိုအောင်မျိုး"

"အဲဒါ ကိုယ်တာဝန်ယူတယ်"

"ကောင်းပြီလေ၊ ကျွန်တော် ဒီညနေ အပြီးသတ်ဆုံးဖြတ်ချက်ချလိုက်ပါ့မယ်"

"ဒါနဲ့ ... အိမ်က ထမင်းလာမပို့ဘူးလို့ ကြီးကြီးနှင်းဖုန်းဆက်တယ်"

"မပို့နေပေါ့၊ ဘယ်မှာဝယ်စားစား ပေါလွန်းလို့၊ ဟင်း"

"အင်း ... ဘာဖြစ်ကြပြန်ပြီလဲ"

"ပြော မပြောချင်ပါဘူး ကိုအောင်မျိုးရာ၊ အိမ်ကဟာတွေက လူကို အလကားနေရင်း စိတ်ရှုပ်အောင် လုပ်နေကြတယ်"

"သင်းသင်းမွှေးကိစ္စပဲလား"

"ဒါပဲပေါ့"

"ဒါများ စိတ်ရှုပ်ခံနေသေးတယ် မစ္စတာလင်းရာ၊ မြန်မြန်မိန်းမယူပြလိုက် ပြီးရော"

"သြော် ... ပြောတာလွယ်တာ၊ ဘယ်ကမိန်းမသွားကောက်ယူရမှာလဲ"

"ခင်ဗျားမှာ မျက်စိပါတာပဲ၊ ကြည့်ပေါ့၊ ကြည့်တတ်ရင်



www.burmeseclassic.com

www.burmeseclassic.com


…လာမယ်၊ ဒါနဲ့ သာယာ့ကို ခင်ဗျား ဆူပူထားသလား မစ္စတာ …င်း"

"ကြံကြံဖန်ဖန်၊ ကျွန်တော့်အခန်းထဲ တစ်ခေါက်တောင် …မလာသေးဘူး"

"သိပါဘူး၊ ထမင်းချိုင့်လာမပို့လို့ ဘယ်အချိန် ဘာစား …လဲ သွားမေးဆိုတာ ခိုင်းမရဘဲ၊ ဟိုအကြောင်းပြ ဒီအကြောင်း …လုပ်နေတယ်"

"အလကား၊ ကောက်စရာမရှိ ရှာကြံကောက်တာနေမှာ"

"အံမယ် … ခင်ဗျားတို့နှစ်ယောက်က တစ်ယောက်နဲ့တစ် …ယောက်ကောက်တဲ့အဆင့်ရောက်နေကြပြီလား"

"ဟာဗျာ၊ ခင်ဗျားကလည်း ကိုအောင်မျိုးရာ"

"ဟား ဟား ဟား ဟား"

"ရယ်မနေနဲ့ … တစ်ယောက်ယောက်ကြားသွားရင် …ကောင်းဘူး၊ ဘယ့်နှယ် ကိုယ့်လက်အောက်ကဝန်ထမ်းကို"

"ခင်ဗျားရင်ထဲနေရာပေးနိုင်ရဲ့သားနဲ့ ဝန်ထမ်းဆိုတဲ့ အရံ …တားအဆီးဖြစ်နေတယ်ဆိုရင် ကိုယ်ဖြုတ်ပစ်လိုက်မယ်လေ၊ …ယ့်နှယ်လဲ"

"ခင်ဗျား အရမ်းအရမ်းတွေ လျှောက်မလုပ်နဲ့နော်"

"မလုပ်ပါဘူး၊ မစ္စတာလင်းကို အားမရလို့ပြောနေတာ၊ …ဗျား ဘာတွေ အချိန်ဆွဲနေမှန်းမသိဘူး၊ ဒါနဲ့ပဲ ကောင်မလေး …ရှားနောက်ပါသွားလိမ့်မယ်"

ကိုအောင်မျိုးစကားက သူ့ကို တော်တော်လေး တုန်လှုပ် …ောက်ချားသွားစေသည်။ ခက်တာက သူ့စိတ်သူ ပြတ်ပြတ်သား…


www.burmeseclassic.com

www.burmeseclassic.com



သား ဝေခွဲမရဖြစ်နေခြင်းပင်။

"အချစ်ဆိုတာ ဘာလဲ ကိုအောင်မျိုး"

"ဟော!"

"ခင်ဗျားကိုယ်တိုင်ကရော ချစ်ဖူးလို့လား"

"မေးတာကောင်းတယ် မစ္စတာလင်း"

"အိမ်ထောင်တစ်ခုကို ချစ်တာမချစ်တာတွေ မစဉ်းစားဘဲ မျိုးဆက်ပြန့်ပွားဖို့အတွက် ပြုလိုက်ရမှာလား"

"နိပ်ဟ!"

"ချစ်တော့ ချစ်ကြည့်ချင်သေးတယ်ဗျာ"

"အလို!"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

မနက်ဖြန် သူ့အိမ်တွင် ဝါဆိုသင်္ကန်းကပ်မည်။ ယခင်နှစ်
နှ်းကတော့ ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းနှင့်ဝတ္ထုငွေ
ပ်လိုက်၏။ အိမ်မှာ အလှူတစ်ခုဖြစ်မြောက်အောင်လုပ်
ယ်တာမဟုတ်။ ဒီနှစ်တော့ အမေရှိနေ၍ အိမ်မှာပဲ အလှူ
စ်သည်။

"ရုံးက ဝန်ထမ်းတွေရော၊ အိမ်နားပတ်ဝန်းကျင်က
တွေပါ ကျွေးရတာပေါ့၊ ဒါမှ အမေလည်း အသိအကျွမ်း

သူ့မိခင်၏ အကြံအစည်က ထိုသို့ဖြစ်၏။ သူက ...
"ပြီးရင် ဘယ်အိမ်မှာ ချေးမလောင်းရှိနိုင်မလဲ စုံစမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com


ပေါ့"

"မင်းရွှေ့မပြောလည်း ငါက ကြည့်မှာပါပဲ၊ ဒီအလှူလုပ်တဲ့ ရည်ရွယ်ချက်ကိုက ကုသိုလ်လည်းရ၊ ချွေးမလည်းရ"

"အမေရာ၊ ကိုးရိုးယားဇာတ်လမ်းတွဲတွေကြည့်ပြီး အတု ခိုးမနေပါနဲ့၊ ဖြစ်နိုင်မယ်မထင်ပါဘူး"

"အေး၊ ဒီတစ်နှစ်ကုန်လို့မှ မဖြစ်ရင် ငါ ရှာပြန်ပြီးပဲ နေ တော့မယ်၊ မြို့ကြီးပြကြီးမှာ အခြေချချင်တဲ့ မင်းရဲ့ဆန္ဒကို လိုက် လျောပြီးပြီ၊ ငါ့ဆန္ဒကျတော့ ဖြည့်ဆည်းမပေးဘူး"

"ဖြစ်လာမှာပေါ့ အမေရာ"

"ဘယ်တော့ဖြစ်လာမှာလဲ? ငါက အိုပဲသေတော့မယ်"

"ကျွတ်"

မဖြစ်ချေဘူး။ ဒီပုံအတိုင်းဆို သူ မိန်းမတစ်ယောက် အမြန်ရှာယူမှဖြစ်မည်။ ထိုအခါ ကောင်မလေးကို ဖျပ်ခနဲ မြင် ယောင်၏။ မျက်နှာပူစရာတော့ ကောင်းသည်။

အမေက ကောင်မလေးကို မျက်နှာသာပေးတာတော့ အမှန်ပင်။ ဒါလည်း စကားပြောဖော် မိတ်ဆွေအဖြစ် ခင်မင်တ မျိုးလည်း ဖြစ်နိုင်သည်။

သူက သူ့အတွေးကို ပြန်ရှက်ရင်း ကုမ္ပဏီကို ခပ်စေ စော ထွက်လာခဲ့၏။ သူ ထွက်လာတော့ ...

"ညနေ သာယာ့ကို အိမ်စောစောလွှတ်လိုက်၊ မနက်ဖြ အတွက် လုပ်စရာရှိတာ လုပ်ရအောင်"

"အမေ့ဖာသာ ဖုန်းဆက်ပြောပေါ့"

"တယ် ... ငါလေ၊ ဒီလူ့ဥစ္စာနဲ့ ခုတော့"

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ အမေမွေးထားတာလေ၊ ဒါနဲ့ အမေ၊ ကောင်မ လေးကို ညအိပ်ညနေတော့ မနေခိုင်းပါနဲ့၊ သူများ သားသမီး အားနာစရာကြီး၊ အချိန်တန် ကိုအောင်မျိုးကို ပြန်ပို့ခိုင်းလိုက်ပါ"

"မလိုပါဘူး၊ ငါကိုယ်တိုင် သူ့မိဘအိမ်လိုက်ပြီး ခွင့် တောင်းပေးမယ်လို့ပြောတာ၊ သာယာက မလိုပါဘူးတဲ့၊ သူ့အိမ် က သူ့ကိုယုံလို့ သူပြောရင်ပြီးတယ်တဲ့၊ ဘယ်တုန်းကမှ မဟုတ် တာ မလုပ်တဲ့မိန်းကလေးဆိုတော့ ဟုတ်မှာပေါ့"

အမေတို့က သူတို့ကောင်းချင်ရင် အဲသလို။

သူ ရုံးကိုရောက်တော့ ကောင်မလေးမရောက်သေးပါ။ ဦးအေးရှင်တစ်ယောက်သာ တံမြက်စည်းလှဲနေတာ တွေ့ရ သည်။

"ဆရာ ... အစောကြီးပါလား"

"ဟုတ်တယ်၊ လုပ်စရာလေး မပြတ်သေးလို့၊ ပြီးတော့ အိမ်မှာလည်း ဘာမှ လုပ်စရာမရှိတာ"

"မနက်ဖြန်အလှူနော်"

"ဟုတ်တယ်၊ ဦးအေးရှင်တို့ ဘာမှ လာလုပ်ကူဖို့မလိုဘူး နော်၊ စားချိန်မှသာလာကြ၊ ရပ်ကွက်ထဲကလူငယ်တွေ ဝိုင်းလုပ် တယ်။ ကျွန်တော့် တာဝန်က ဘုန်းကြီးသွားပင့်ပေးရုံပဲ"

"ကျွန်တော်တို့ ကြီးကြီးကို အိုးခွက်တွေ သွားဆေးကူ မယ်ဗျာ"

"ဟာ ... မလိုဘူး ဦးအေးရှင်၊ အဲဒါလည်း ရပ်ကွက် ထဲက ကလေးတွေရှိတယ်"

သူတို့စကားပြောနေတုန်း ကျောပိုးအိတ်ကလေးနှင့်


www.burmeseclassic.com

www.burmeseclassic.com


ကောင်လေးတစ်ယောက် ရုံးထဲ ဝင်လာသည်။ ကောင်လေး

"ကျွန်တော် ရဲထွဋ်ပါခင်ဗျာ၊ မန်နေဂျာဦးအောင်မျိုး ထားလို့ပါ"

"ဟာ! ခုမှ ကိုးနာရီတောင်မထိုးသေးဘူး၊ ဒီအချိန် ဘယ် ရုံးက ဖွင့်ဦးမှာလဲ"

"ဟုတ် ... ခေါ်တာက ကိုးနာရီခွဲပါ၊ ကျွန်တော် အိမ် ထွက်တာ စောသွားလို့၊ ခု ရုံးထဲ လူမြင်တာနဲ့ ဝင်လာတာပါ"

"မန်နေဂျာက ကိုးနာရီဆို ရောက်ပြီ၊ မင်း ဟောဟို စားပွဲမှာ သွားစောင့်"

"ဟုတ်"

"ဪ ... ဒါနဲ့ မင်းကို ဘာကိစ္စခေါ်ထားတာလဲ"

"ဒီမှာ အလုပ်လုပ်ဖို့ပါ"

ဒီတော့မှ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က ကားမောင်း တတ်ပြီး နယ်သွားနိုင်သော လူငယ်အမျိုးသားဝန်ထမ်း တစ်ယောက် ခန့်ဖို့ပြောထားတာ သတိရသည်။

ဝန်ထမ်းတွေ တစ်ယောက်ပြီး တစ်ယောက် ထပ်ခန့်နေ ခြင်းသည် သူတို့လုပ်ငန်းတွေ အောင်မြင်ကြောင်း သက်သေ ဖြစ်၏။ ဒီနောက်ပိုင်း ဝန်ထမ်းကိစ္စနှင့်ပတ်သက်လျှင် သူ ဝင်ပါ လေ့မရှိပါ။

သူသည် ကောင်လေးကို တစ်ချက်လှမ်းကြည့်လိုက်ပြန် သည်။ သာယာတို့အရွယ်လောက်ပါပဲ။ ပြီးတော့ တစ်ခုထူးခြား တာက မင်းသားလေးလို နုဖတ်ချောမောလွန်းနေတာပါပဲ။ သူ့စိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်သွား၏။ သို့နှင့် ...


www.burmeseclassic.com

www.burmeseclassic.com



"မန်နေဂျာခေါ်တာက အင်တာဗျူးဖို့လား၊ လျှောက်လွှာ အင်ဖို့လား"

"ကျွန်တော့် ကိုယ်ရေးအချက်အလက်နဲ့စာရွက်စာတမ်း တွေလည်း အကုန်ပေးပြီးပါပြီ၊ အင်တာဗျူးလည်းပြီးသွားပါပြီ၊ အခုက သူဌေးရဲ့အတည်ပြုချက်ယူပြီးရင် အလုပ်စဆင်းရုံပါပဲ"

"နေဦး ... မင်းက အပင်ပန်းခံနိုင်ပါ့မလား၊ ကားက ချိုးဝေးမောင်းချင်မောင်းရမယ်၊ ပစ္စည်းတွေ ကူညီတင်ချလုပ် အင့်လုပ်ရမယ်၊ နယ်ခရီးထွက်ရင် အိပ်ရေးပျက်ချင်ပျက်မယ်"

"လုပ်ရမယ့် တာဝန်တွေနဲ့ပတ်သက်ပြီး အားလုံးကို မန်နေဂျာက စိတ်ကြိုက်စစ်ဆေးမေးမြန်းပြီးမှ ကျွန်တော့်ကို သဘောကျလို့ ခေါ်တာပါခင်ဗျာ"

"ဟေ! ဟုတ်လား၊ မင်းကိုကြည့်ရတာတော့ ဖြူဖပ်ဖြူ ရော်နဲ့ရုပ်ရှင်မင်းသားလို နွဲ့နွဲ့လေး၊ ကြည့်ရတာ ပျော့လွန်း တယ်"

"အဟဲ! အဲ့ဒါ အပြင်ပန်းမို့ပါ၊ အတွင်းက မာပါတယ်"

"ဘာ!"

"ဩော်၊ ကျွန်တော့်အတွင်းစိတ်ကမာပြီး အကြမ်းခံ နိုင်တယ်လို့ ပြောတာပါခင်ဗျာ"

"ပြီးရောကွာ၊ နားရှုပ်လို့သာကြားရတယ်၊ ယုံစရာမရှိဘူး"

သူကပြောပြီး အခန်းထဲဝင်ခဲ့သည်။ သူ့နောက်ကျောမှ ဦးအေးရှင်၏ "အဲ့ဒါ ဒီကုမ္ပဏီရဲ့သူဌေးပဲ" ဆိုသော စကားနှင့် ကောင်လေးရဲ့ "ဗျာ" ဆိုသော စကားကို ခပ်သဲ့သဲ့ကြားရ၏။ ဘာကြောင့်မှန်းမသိ။ ကောင်လေးကိုမြင်ရတာ သူ့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်လှသည်။ စကားအပြောအဆို ယဉ်ကျေးချောင်း၍ မျက်နှာလေးချိုရွှင်နေတာကိုလည်း သတိထားမိသည်။

ဒါဆို ဒီကောင်လေးက ရုပ်ရည်ရော၊ လုပ်ရည်ကိုင်ရည်ပါရှိသူဆိုတော့ အပြစ်ဆိုစရာမရှိဘူးပေါ့။

သူသည် ယောက်ျားကြီးတန်မဲ့ မကျေမနပ်ဖြင့် နံရံကိုမျက်စောင်းထိုးလိုက်မိလေသည်။

www.burmeseclassic.com

# အခန်း (၂၁)

“ရဲထွဋ်ကို အလုပ်ခန့်ဖို့ သေချာစဉ်းစားဆုံးဖြတ်ပြီးမှ ကိုယ်ခေါ်လိုက်တာ၊ ဒီကောင်လေး လုပ်ရည်ကိုင်ရည်ရှိတယ်၊ အဲ့ဒါ မစ္စတာလင်းကို အသိပေးတာ၊ ဘာပြောဦးမလဲ”

“ဘာပြောစရာလိုသလဲဗျာ၊ ဝန်ထမ်းခန့်တဲ့ကိစ္စ ကိုအောင်မျိုးကို အာဏာကုန်လွှဲပြီးပြီပဲ၊ စိတ်ချပြီးသား”

“ဒါဆို ပြီးပြီလေ ... အရင်ဆုံး အစမ်းခန့်သုံးလပေါ့”

“ကောင်လေးက သိပ်ပြီး ရုပ်ချောလွန်းမနေဘူးလား”

“ချောတယ်လေ၊ ဒါ သူ့ကုသိုလ်ပဲ”

“ကျွန်တော်တို့ကုမ္ပဏီလည်း တဖြည်းဖြည်း မော်ဒယ်လ်တွေများလာပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မစ္စတာလင်း၊ အဲဒီရုပ်ရှည်နဲ့ပတ်သက်ရင် ခင်ဗျား မှာ အကြီးစားဆိုက်ကိုဝင်နေပြီထင်တယ်"

"မဟုတ်ပါဘူး၊ အဲ့ဒီရုပ်ရှည်ကြောင့် လူမှုရေးပြဿနာ တွေ ပေါ်ပေါက်လာမှာစိုးလို့"

"ခင်ဗျားပြောချင်တာ အဲဒါ အဓိကလား မစ္စလင်း၊ ဒါဆို လည်း လွယ်ပါတယ်၊ ကိုယ်က သူ့ဒွေးပဲ၊ စည်းကမ်းဖောက်တာ ရှိရင် ထုတ်လိုက်ရုံပေါ့"

"အဲဒါတော့ ခင်ဗျားပြောမှလား ဟင်း"

"ဒီမှာ မစ္စတာလင်း၊ ကိုယ်တို့ကုမ္ပဏီက ကုန်ပစ္စည်းသစ် ထွက်တိုင်း အမျိုးသားပိုင်စတိုးဆိုင်ကြီးတွေကို သက်ရီဝင်းသွား တာနဲ့ သာယာသွားတာ ရောင်းအားချင်းမတူဘူး၊ အမျိုးသမီး တွေထိုင်တဲ့ဆိုင်တွေဆို ရဲထွင့်ကို လွှတ်ရမယ်၊ သရုပ်ဆောင်တွေ မှ ရုပ်ပြစားလို့ရတာမဟုတ်ဖူး၊ ဈေးသည်လည်း ရုပ်လိုတယ်"

"အဲ့ဒါကို ကျွန်တော် လက်မခံချင်တာ၊ ကျွန်တော့် ကုမ္ပဏီကထွက်တဲ့ပစ္စည်းရဲ့ Quality ကို အာမခံတယ်၊ ရုပ်ဆိုး လို့ မဝယ်ဘူးဆိုနေပေါ့ဗျ၊ လေညာက အနေသာကြီး"

"ဒါက ခင်ဗျားရဲ့ 'ဂွ' တိုက်တဲ့စိတ်လေ၊ စီးပွားရေးလုပ် ပြီဆိုမှတော့ စီးပွားရေးနဲ့တူအောင် လုပ်ရမှာပဲ၊ တော်ပြီ ခင်ဗျား အရှုံးပေးလိုက်တော့ ကိုလင်း၊ ကိုယ် ရဲထွင့်ကို အလုပ်ခန့်လိုက်ပြီ"

"အင်းပါ၊ ခင်ဗျားနဲ့လက်တွဲလုပ်ရမှာ၊ ခင်ဗျား အဆင်ပြေ ရင် ပြီးတာပါပဲ"

ဝန်ထမ်းအသစ်ကိစ္စ အောင့်သက်သက်ဖြင့် ပြီးသွား သည်။ အမှန်အတိုင်းပြောရလျှင် ထိုကောင်လေးကို သူ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ့ချင်ပါ။ သို့သော် ... အကြောင်းပြချက်မရှိတော့ ခက်သည်။ သူ့စိတ်ထဲ ဘာကိုဘဝင်မကျမှန်းမသိပေ။ မနာလိုဖြစ်နေတယ် ပြောရအောင်ကလည်း ကလေးနှင့်တူပြီး ရှက်စရာ။

ရဲထွဋ်ကို ပြစ်ချက်ရှာတွေ့လို့ကတော့ အလုပ်က ချက်ချင်းထုတ်ပစ်မည်ဟု စိတ်ထဲ တေးမှတ်ထားလိုက်၏။

ထိုသို့ စိတ်ခံစားချက်ရှိပါသည်ဆိုမှ ဖြစ်ပုံကိုလည်းကြည့်။

"ကဲ ... ဒီနေ့ ဝန်ထမ်းအသစ်ကို အားလုံးနဲ့မိတ်ဆက်ပေးပြီးပြီ၊ မောင်ရဲထွဋ်ရေ ... ဒီနေ့ပဲအလုပ်စဝင်တဲ့မင်းကတော့ ကံကောင်းတယ်၊ မနက်ဖြန် သူဌေးအိမ်မှာ အလှူရှိတယ်၊ အဲဒါလည်း ကူညီလုပ်ကိုင်ပေးရမယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

"ရုံးမှာ လုပ်စရာရှိတာတွေကို ချမ်းမြေ့သာယာအေးကကူပြပေးလိမ့်မယ်၊ အတူလက်တွဲလုပ်ကြပေါ့"

"ကောင်းပါပြီခင်ဗျာ"

သူ့နားမှာ အဲသလိုတွေကြားနေရတာကို အသည်းယားသည်။ အခုတလော ကိုအောင်မျိုးလုပ်ပုံတွေကို နားကို မလည်နိုင်ပေ။ ဒီနေ့မှရောက်လာတဲ့လူကို မနက်ဖြန် အလှူလာဖို့ခေါ်စရာလား။ ကိုယ်က မခေါ်နဲ့ပြောလိုက်ရအောင်ကလည်း မကောင်းဖြစ်ရော့မည်။

နောက်မှ သူ ဘာတွေတွေးနေမိပါလိမ့်ဟု သတိရကာ ကိုယ့်ကိုယ်ကိုယ် ရှက်မိ၏။ အလှူပါဆို ဘယ်သူပဲလာလာပေါ့။ ဟုတ်တယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com


အဲသလို ဖြေတွေးတွေးပြီးမှ စိတ်တိုစရာတွေက တစ်ခုပြီးတစ်ခု တွေ့နေရသည်။

ရဲထွဋ်ဆိုတဲ့ကောင် လုပ်ပုံကိုလည်းကြည့်။ ဒီနေ့ မနက်မှ ရုံးကို စရောက်သည်။ တစ်ခါပဲပြောပြရုံနှင့် အားလုံးရဲ့နာမည်တွေကို မှတ်မိသည်။

ဝေမိုးလုပ်နေတဲ့အလုပ်တွေကို ကူလိုက်၊ ဦးအေးရွှင်ကို ပစ္စည်းကူသယ်ပေးလိုက်၊ မန်နေဂျာကို စာရင်းကူတွက်လိုက်နှင့် ဘယ်သူ့ကိုမှ ကူစရာမရှိလျှင် Reception သွားပြီး လာသမျှ ဧည့်သည် ဒိုင်ခံကြိုသည်။

တစ်ခဏချင်း အားလုံးနှင့်ခင်မင်ရင်းနှီးသွားပြီး ဟီးဟီးဟားဟားဖြစ်နေ၏။ ဒါကို မန်နေဂျာက ...

"တကယ်သွက်တဲ့ကောင်၊ ခိုင်းစရာမလိုအောင် ဖင်ပေါ့တယ်"

ဟု သဘောကျနေသော်လည်း သူ့ကတော့ ပရောပရီနိုင်လွန်းသည်ဟုထင်ကာ မျက်စိနောက်ပြီး ကြည့်မရပေ။ ဒီ့ထက်ဆိုးတာက နေ့ဝက်ကျော်၍ ထမင်းစားချိန်တွင် သက်ရီဝင်း၊ သာယာတို့နှင့်အတူ ဟီးဟီးဟားဟားဖြစ်နေပြီ။

"ကိုအောင်မျိုး၊ ခင်ဗျားလူက ဟုတ်ပါ့မလား၊ ကြည့်လည်းလုပ်ဦးနော်"

သူ မနေနိုင်မထိုင်နိုင်ဖြစ်ကာ ကိုအောင်မျိုးကို ပြောမိ၏။ ကိုအောင်မျိုးက

"နို ... ဘာဖြစ်လို့လဲ၊ ကျွန်တော်ဖြင့် ဒီကောင့်ကို ကိုယ့်ဘာ တစ်ကောင်လို သဘောထားတာ၊ နေရာတိုင်းသုံးလို့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျားက ကောင်လေးကို ဘာသဘောမကျတာလဲ ကိုလင်း"

"နေရာတကာ ဟိုစပ်စပ်၊ ဒီစပ်စပ်နဲ့ ... ပြီးတော့ မိန်းကလေးတွေကို ရောလွန်းသလားလို့"

"ပျော်တတ်တာပါ၊ မိန်းကလေးမှမဟုတ်ဖူး၊ ယောကျ်ားလေးချင်းလည်း သူက ဒီအတိုင်းပါပဲ"

သူ ဘာမှဆက်၍ မပြောသာတော့ပေ။ ထိုကောင်လေး၏ အသံသြသြချိုချိုကိုကြားတိုင်း၊ သာယာ၏ ခိုးခိုးခစ်ခစ်ရယ်သံကြားတိုင်း သူ့မှာ နေမထိ ထိုင်မသာဖြစ်နေရသည်။

"ချမ်းမြေ့ သာယာအေး"

နောက်ဆုံးတော့ အခန်းထဲကနေ သူ လှမ်းအော်လိုက်၏။ သူ့အသံကြောင့် ရယ်သံတွေရပ်သွားပြီး ထိုင်ခုံတွန်းရွှေ့သံကို ကြားရသည်။ ပြီး သာယာဝင်လာ၏။

"ဟုတ်ကဲ့ ဆရာ"

"မင်း ဘာလုပ်နေတာလဲ"

"ရှင်!"

"အားနေသလား၊ ဘာမှလုပ်စရာမရှိဘူးလား"

"ဟို ... ဆရာခိုင်းထားတာတွေ လုပ်နေတာပါ"

"အဲဒီတစ်ခုနဲ့တစ်နေကုန်တော့မှာလား"

"ခုပဲ လက်စသပ်မလို့ ... ဆရာခေါ်လို့လာတာ၊ ဘာခိုင်းစရာရှိလို့ပါလဲရှင်"

"အရင်ခိုင်းထားတာတောင်မပြီးသေးဘဲ ဘာခိုင်းရဦးမှာလဲ? သွား အဲဒါပဲ ပြီးအောင်လုပ်၊ အလုပ်တွေဆောင်းချပြီး အသီးဟီး၊ တဟားဟားလုပ်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

သာယာ့မှာ အောင့်သက်သက်ဖြင့် ဟုတ်ခဲ့ရသည်။ အရင်လည်း အလုပ်တွေ နေ့စဉ်ဒီလိုပဲလုပ်နေကျဥစ္စာ။ ဒီနေ့မှ ထူးထူးဆန်းဆန်း ဘာဖြစ်ရပြန်တာလဲမသိ။

သူ့ငွေးလူပျိုကြီးနှင့်တော့ ခက်သေးသည်။ သူ့ မဟုတ်မဟပ်စာကိစ္စကျ မသိချင်ယောင်ဆောင်နေပြီး သာယာတို့ကိုတော့ တဟီးဟီးတဟားဟားနှင့်ဆိုပါလား။

တော်တော်ဝွကျတဲ့လူ့ဝွစာ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

ကြီးကြီးနှင်း ဖုန်းဆက်ခေါ်လိုက်မှ သာယာ့အဖို့ ထွက်ပေါက်ရသွားတော့သည်။ ဒီနေ့တစ်နေ့လုံး အလုပ်သာလုပ်နေရသော်လည်း အတော့်ကို စိတ်ကသိကအောင့်နိုင်သည်။

လူ့ဥစ္စာကြီးက သူ့အခန်းနဲ့ရုံးတွင်းကို ထွက်လိုက်ဝင်လိုက်၊ မျက်ထောက်နီကြီးဖြင့်ကြည့်လိုက်၊ ဆူပူကြိမ်းမောင်းလိုက်ဖြင့် ဘာတွေဖြစ်နေမှန်းကိုမသိ။

"ဂျာကြီး၊ ဆရာက ဘာတွေဖြစ်နေတာလဲ"

သာယာက မနေနိုင်မထိုင်နိုင် မန်နေဂျာကို မေးမိသည်။ မန်နေဂျာက ...

"သိချင်ရင် ညည်းဖာသာမေးကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဂျာကြီးကလည်း မေးစရာမလိုပါဘူးနော်၊ သာယာ ခန့်မှန်းလိုက်မယ်၊ ဆရာက ရည်းစားပူမိနေတာနေမှာ၊ သူ့ရည်းစားနဲ့အဆင်မပြေဘူးထင်တယ်"

"ဟား ဟား၊ ဟုတ်မှာပေါ့၊ ရည်းစားလေးကို သဝန်တွေ တိုပြီး ပေါက်ကွဲနေတာပဲဖြစ်ရမယ်"

"ဟင်! ဆရာက သဝန်တိုတတ်သလား"

"ဟ! ဘယ်သူမဆို ချစ်ရင် သဝန်တိုမှာပဲလေ"

"ဩော်"

သာယာက ထင်လင်းအိမ်သွားတော့လည်း ထိုအကြောင်းပဲ စဉ်းစားနေမိသည်။ ထင်လင်းမျက်နှာက သုန်မှုန်နေလျှင် ကြည့်မကောင်းဘဲ ရယ်မောနေမှ နှစ်လိုဖွယ်ကောင်း၏။

ထင်လင်းသည် အစွဲအလမ်းကြီး၍ ချစ်တတ်လွန်းသူ တစ်ယောက်လား။ ကိုယ့်ကို သစ်စိမ်းချိုးချိုး၍ ရက်စက်သွားသော ရည်းစားဟောင်းကို ယခုထိ မမေ့နိုင်သေးတာ ချီးကျူးစရာလား။ အသည်းနာစရာလား။

သူ့အဆင့်အတန်းနှင့်ဆိုလျှင် ရန်ကုန်မြို့ကြီးတွင် ဂုဏ်ရည်တူမိန်းမမျိုး ခေါင်းခေါက်ရွေးယူနိုင်၏။ သူ့ရှာက ရည်းစားဟောင်းဆိုတာက ရုပ်ရည်ချောမောလှပတာပဲရှိပြီး၊ ပညာမတတ် ကလေးသုံးယောက်အမေ၊ စီးပွားရေးအဆင်မပြေဖြစ်နေသော အိမ်ထောင်သည်တစ်ယောက်။

သာယာသည် သက်ရီဝင်းမပါဘဲ တစ်ယောက်တည်း လာခဲ့ရတာမို့ စကားပြောဖော်မရှိ တွေးချင်ရာတွေးလာသည်။ ရုံးတွင် သာယာမရှိလျှင် သက်ရီဝင်းရှိမှဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနှင်းတို့အိမ်ရောက်တော့ သိန်းကြွယ်အဖေနှင့် အမေက ကြက်သွန်နီ၊ အဖြူ၊ ဂျင်းတွေ အခွံခွာနေကြ၏။

"လာ ... သမီး၊ သမီးလာရင် ဗိုက်ဆာနေမှာစိုးလို့ ကော်ဖီနဲ့မုန့် အရံသင့်လုပ်ထားတယ်"

"အို ... မဟုတ်တာ ကြီးကြီးကလည်း ဆာရင် သမီး ဘာသာ ဖျော်သောက်မှာပေါ့၊ အားနာလိုက်တာ"

"အားနာမနေနဲ့ သာယာရေ၊ နင်လာပေးတာကို ကြီးကြီး ဝမ်းသာပြီးပျော်နေပြီ"

သိန်းကြွယ်က အခန်းထဲကထွက်လာပြီး ပြောလိုက်ခြင်း ဖြစ်သည်။ အံ့သြစရာတော့ကောင်း၏။ တကယ်တမ်းကျ အလှူ အတွက် ကူညီလုပ်ကိုင်ဖို့ဆိုတာ သာယာမရှိလည်းရသည်။ သာယာ့ကို တကူးတကန့်ခေါ်ခေါ်နေခြင်းက ဆန်း၏။

"မိန်းမပျိုလေးကို ညအိပ်ညနေခေါ်ရတာ ကြီးကြီးက သမီးအိမ်ကို အားနာနေတာ၊ ဒါကြောင့် ကိုယ်တိုင်အိမ်လိုက်ပြီး ခွင့်တောင်းမယ်ပြောတာပေါ့"

"ရပါတယ် ကြီးကြီးရယ်၊ ထုံးတမ်းစဉ်လာအရတော့ မိန်းမပျိုလေး ညအိပ်ညနေ အပြင်မှာရှိတာမကောင်းဘူးဆိုကြပေ မယ့် မကောင်းတာလုပ်မယ့်သူက ညမှနေ့မှမဟုတ်ပါဘူး ကြီးကြီးရယ်၊ သမီးအိမ်က သမီးကို မဟုတ်တာမလုပ်ဘူးဆိုတာ သိတယ်"

"အေးပါကွယ်၊ ကျေးဇူးတင်တယ်၊ ကြီးကြီးက ချက်ဖို့ ပြုတ်ဖို့ ပတ်ဝန်းကျင်က သူစိမ်း ဘယ်သူ့ကိုမှ မခေါ်တော့ဘူး လေ၊ ကိုယ့်မိသားစုလေးပဲ ဝိုင်းဝန်းချက်လိုက်မယ်၊ စားဖို့နဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



လာဖို့ ဖိတ်ထားတာ၊ မကောင်းဖူးလား သမီးရယ်"

"ကောင်းပါတယ် ကြီးကြီး၊ သမီးချက်နိုင်ပါတယ်"

သာယာက အပြောမဟုတ်ပါ။ လက်တွေ့တွင်လည်း သွက်လက်မြန်ဆန်၍ အရသာရှိသော ဟင်းတွေကို တစ်ခွက်ပြီး တစ်ခွက်ချက်ပြသွား၏။ ညနေစောင်းက ချက်ပြုတ်သည်မှာ ဘာလချောင်ကြော်တစ်ခွက်၊ လက်ဖက်နှပ်ပြီးသွားကာ ညဆယ့် တစ်နာရီဆိုလျှင် ဝက်သားနှပ်၊ ကြက်သားဆီပြန်ကျက်ပြီ။

"မနက်စောစောထပြီး ချဉ်ရေချက်မယ်၊ ဘုန်းကြီးဖွဲ့ အတွက် အစိမ်းကြော်တစ်ခွက်နဲ့ မှိုကန်စွမ်းတစ်ခွက် ပူပူနွေးနွေး ကြော်လိုက်ရင် ပြီးပြီ"

"သာယာရယ်၊ သမီး အရမ်းပင်ပန်းသွားပြီ၊ ဒီအရွယ် လေးနဲ့အလှူအတွက် လုပ်နိုင်တာ ကြီးကြီးတော့ ချီးကျူးပါရဲ့"

"အမလေး ကြီးကြီးရယ်၊ သာယာက အပေါ်ယံနမ်းဖြူး သွားတာပါ၊ ကြီးကြီးတို့ အရံသင့်ပြင်ဆင်ပေးထားတာတွေနဲ့ ကြော်လှော်ချက်ရုံပဲဟာ"

ဒေါ်နှင်းရီက သာယာ့ကို နှစ်ခြိုက်သဘောကျစွာကြည့် သည်။ သူ့တွင် ဒီလိုသမီးလေးတစ်ယောက်မရှိတာကို ဝမ်းနည်း ၏။ သမီးမရနိုင်တော့ပေမယ့် ချွေးမနှင့်မြေးမတော့ ရနိုင်ပါသေး သည်။

ထို့ကြောင့် ဒီမိန်းကလေးကို ဒေါ်နှင်းရီက ဘယ်နည်းနှင့် မျှ လက်လွှတ်မခံချင်ပါ။ ဒီနေ့အဆင်ပြေလျှင် ဒီနေ့ သူ့သား နှင့်ပေးစားလိုက်ချင်၏။

"ဆယ့်နှစ်နာရီထိုးပြီ၊ အမေ အိပ်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com


ကိုအောင်မျိုးနှင့်စကားပြောနေရာမှ ထင်လင်းက ထလာပြီးပြောသည်။ ကိုအောင်မျိုးက …

"ကျွန်တော်လည်း ပြန်မယ် ကြီးကြီး၊ မနက်မှပဲ စောစောလာခဲ့တော့မယ်၊ မနက်ကျရင် သာယာ့လက်ရာတွေ စားရမယ်၊ သိန်းကြွယ်ကတော့ အိပ်ယောင်ဝါးမဟုတ်လား"

သာယာက ချိုးကျူးတာကို အနေခက်ပြီး ခေါင်းငုံ့သည်။ ထင်လင်းကို ခိုးကြည့်မိတော့ မျက်နှာပေးက ရှုတည်တည်နှင့်။ ဘယ်လိုလူကြီးမှန်းမသိ။

မနက်ဝေလီဝေလင်းရောက်တော့ အနည်းငယ်ထူးဆန်းသော မြင်ကွင်းကို တွေ့ရ၏။ ကိုအောင်မျိုးနှင့်အတူ လုပ်သက်တစ်ရက်သာရှိသေးသော ဝန်ထမ်းသစ်ရဲထွဋ်ပါလာခြင်းပင်။

ဒါကို ထင်လင်းမြင်လျှင် မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ မြင်စကတည်းက အလကားနေရင်း ကြည့်မရတာ၊ ခေါ်တဲ့သူကလည်းခေါ်သည်။ လိုက်လာတဲ့သူကလည်း မျက်နှာပြောင်သည်။

"ကဲ … ရဲထွဋ်ရေ၊ ဒါ မင်းဆရာအိမ်၊ အမြင်မတော်တာ ဝိုင်းလုပ်ကွာ"

ကိုအောင်မျိုး အဲသလိုပြောပြီးနောက် ရဲထွဋ်ဟာ မျက်စိနောက်စရာကောင်းလောက်အောင်လုပ်တော့၏။ ဒေါ်နှင်းရီက

"ဒီကောင်လေး အတော်သွက်သားပဲ" ဟု သဘောကျနေသည်။

ထင်လင်းအတွက် အဆိုးဆုံးက သာယာ့အနား ဝဲလည်နေခြင်းပင်။ သာယာလုပ်နေတဲ့အလုပ်ဆို "ပေး၊ ပေး၊ ကိုလုပ်

www.burmeseclassic.com

www.burmeseclassic.com


လိုက်မယ်” ဆိုတာမျိုး၊ ပစ္စည်းတစ်ခုခုကိုင်တာနှင့်လုသယ် သွားတာမျိုး၊ သာယာ့ကိုဦးတည်ပြီး မေးမြန်းနေတာမျိုးတွေကို တစ်မနက်လုံး တလစပ်လှုပ်ရှားတော့၏။

ဒါကို ထင်လင်းက မျက်ခြေမပြတ်ကြည့်နေသည်။ သာယာတို့ တစ်ညလုံး ချက်ပြုတ်လုပ်ကိုင်နေတုန်းကတော့ အနားကို ရစ်သီ၍ပင်မလာဘဲ ခုမှ ဘုန်းကြီးဆွမ်းကျွေးပြီး ဧည့်သည်တွေစဲသွားတဲ့အထိ မယောင်မလည်အကဲခတ်နေသည်။

သာယာသည် တော်တော်ငွကျသော ထင်လင်းကို အမြင်ကပ်ပြီး အရွဲ့တိုက်ချင်စိတ်က ပေါ်လာ၏။ ထို့ကြောင့် ရဲထွဋ်အနားကပ်၍ ပရောပရီလုပ်ပြလိုက်ဦးမှပဲဟုတွေးကာ ရုတ်ခနဲလှည့်လိုက်သည်။

“အို ... အမေ့”

ဆန္ဒစောတော့ ဟန်ချက်ပျက်ပြီး ခြေခေါက်သွား၏။ လဲမလိုဖြစ်တာကို ရဲထွဋ်က ဝင်ထိန်းသည်။ ဒါကို ထင်လင်း မြင်တော့ ...

“ဟော့ကောင် ... မင်း အဲ့ဒါ ဘာလုပ်တာလဲ”

“ဗျာ”

တကယ်တမ်းကျ ရဲထွဋ်က ကူညီတာကို သူက ရမ်းနေခြင်းဖြစ်၏။ ရဲထွဋ် ဝင်ဖမ်းမထိန်းလျှင် သာယာလဲကျသွားမှာ သေချာသည်။ ခုတော့ ခြေသပွတ်တိုင်လည်ကာ ခြေထောက်မရ တော့ပေ။

“အား ကျွတ် ကျွတ်”

“သမီး တော်တော်နာသွားလား၊ ခြေထောက် ထောက်လို့


www.burmeseclassic.com

www.burmeseclassic.com



ရောဘူးလား"

"ဟုတ်၊ ခြေခေါက်သွားတယ်"

"ဟယ် … ဆေးခန်းသွားမှဖြစ်မယ်၊ ဟဲ့ သိန်းကြွယ်၊ သာယာ့ကိုတွဲ"

"အာ … ကြီးနှင်းကလည်း သိန်းကြွယ်က ဘယ်လိုလုပ် သာယာ့ကိုယ်ကြီးကို နိုင်မှာလဲ"

ဒေါ်နှင်းရီ ဗျာများသွားသည်။ သူ့ခမျာ ပင်ပန်းရတဲ့ကြား ထဲ အနာတရဖြစ်ရသည်။

"ဟဲ့ … ကားအရံသင့်ထုတ်ထားလေ၊ ချက်ချင်းကြီး ခြေ ချင်းဝတ်တောင်ယောင်လာပြီ … ဟဲ့ လုပ်ကြ"

ဒေါ်နှင်းရီ ပျာယာခတ်နေပေမယ့် ထင်လင်း၊ ကိုအောင် မိုးနှင့်တခြားယောကျ်ားသားတွေက မိန်းမပျိုလေးကို အသား ချင်းထိတွဲရမှာ ဝန်လေးအားနာ ရွံ့နေကြသည်။

ထိုအချိန်မှာပဲ …

"ကန်တော့နော် သာယာ၊ ကားပေါ်ရောက်အောင် ကျွန်တော် ပွေ့တင်ပေးမယ်"

ရဲထွဋ်က သွက်သွက်လက်လက်၊ ဖိုးဖိုးဇတ်ဇတ်နှင့် သာယာ့ကိုယ်လေးကို ဈွေ့ခနဲမြောက်သွားအောင် ပွေ့ချီလိုက်၏။

"ဟော့ကောင်"

သူ့အသံကြီးက ဟိန်းထွက်သွားပြီး လူကလည်း ရဲထွဋ်ရှေ့ နား ကျားတစ်ကောင် ခုန်အုပ်သည့်အတိုင်း ရောက်သွားသည်။

"ချစမ်း၊ မင်း အခု သာယာ့ကို အောက်ချလိုက်စမ်း"

"ကျွန်တော် … ကျွန်တော်က"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ချဆို အခုချ"

အားလုံး တအံ့တသြအလန့်တကြား ကြောင်ငေးကြည့်နေကြသည်။ ပထမဆုံး သတိဝင်လာသူက ကိုအောင်မျိုး။ ရဲထွင်ကို မျက်ရိုပ်ပြလိုက်တော့ ရဲထွင်က သာယာ့ကို အောက်သို့ ပြန်ချသည်။

"ဖယ်"

သာယာ့ကို သူ ဇွေ့ခနဲကောက်ပွေ့လိုက်ပြီး ကားဆီ လှမ်းသွားသည်။ အဖြစ်အပျက်သည် မြန်လွန်း၍ ဘာတွေဖြစ်သွားမှန်းပင် မစဉ်းစားတတ်တော့ပေ။

မည်သူ့ကိုမှ မခေါ်ဘဲ သာယာ့ကို ကားပေါ်တင်ကာ ဆေးခန်းတစ်ခုသို့ သူ မောင်းသွားသည်။

"ဟော ဟော ဟော့်တော်"

"ကောင်းကွာ"

"ဘာဖြစ်တာလဲ"

တစ်ယောက်တစ်ပေါက်အသံများကြား ဒေါ်နှင်းရီကရင်ဘတ်လက်နှင့်ဖိပြီး ပြုံးနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

သူသည် သူ့အဖြစ်ကို သေချာစေ့စေ့တွေးလေ ရှက်စရာ ကောင်းမှန်းသိလေဖြစ်ရသည်။ သူ့လုပ်ပုံက လူကြီးလူကောင်း သုံးဝ မဆန်။ ခက်တာက သူ့ကိုယ်သူ ဘာလုပ်လို့လုပ်လိုက်မိ မှန်းပင် သတိမထားခဲ့မိပေ။ ယခုမှ ပြန်တွေးပြီး ရှက်နေခြင်းဖြစ် သည်။

သို့သော် ... အလျှုနေ့က သူ့လုပ်ရပ်ကို မည်သူကမျှ အစမဖော်ဘဲ မသိချင်ယောင်ဆောင်နေခဲ့ကြသည်။ ဒါကို သူက ချုပြီး အနေခက်၏။ အဆိုးဆုံးက ကိုအောင်မျိုး။ တစ်ခုခုပြော လိုက်တာကမှ တော်ဦးမည်။ ခုတော့ ... ။

"အေးဗျာ ... ကိုအောင်မျိုးတပည့်ရဲထွင့်က အလုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တာ သွက်လက်ပြီး ခိုင်းရတာ ဖင်ပေါ့ရုံမကဘူး၊ အင်မတန်ကို လက်သွက်ခြေသွက်လည်း ရှိတာပဲနော်"

သူက မလုံမလဲနှင့်မနေနိုင်မထိုင်နိုင် စ, ပြောမိသည်။ ကိုအောင်မျိုးက ...

"ဒါတောင် တစ်ရက်နှစ်ရက်ရှိသေးတာ ... နောက်ဆို ခင်ဗျားတွေ့ပါလိမ့်မယ်၊ ကောင်လေးက ရုပ်လည်းချော လုပ်ရည်ကိုင်ရည်လည်းရှိတော့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်လေးဗျ"

ကိုအောင်မျိုးက သူ မျှော်လင့်သလို အလှူနေ့က ရုပ်ပျက်ဆင်းပျက်အဖြစ်အပျက်ကို အစတောင်မဖော်ဘဲ သူ့လူ အကြောင်းကိုသာ အမွှန်းတင်ပြောနေသည်။

သူ့မှာဖြင့် အဲဒီ ရဲထွဋ်ဆိုတဲ့ကောင်လေးကို စတွေ့ကတည်းက ရင်တွေပူနေရသည်။ သူ့နှလုံးသားက ငုပ်နေတဲ့ ဓာတ်တစ်မျိုး တွန်းကန်ထွက်လာသည်။ အဲဒီဓာတ်တစ်မျိုးထဲ တွင် ရဲထွဋ်ကို မနာလိုခြင်း၊ သာယာအနားကပ်တာ မကြိုက်ခြင်း၊ စိတ်မချခြင်း၊ သဝန်တိုခြင်းတွေပါ၏။

သို့သော် သာယာ့ကို ချစ်မြတ်နိုးနေကြောင်း ထုတ်ဖော် ဖွင့်ဟဖို့တော့ ခုထိ သူ့တွင် သတ္တိမရှိသေးပါ။

ဤသို့ဖြင့် တုန်လှုပ်ချောက်ချားဆူညံနေသော သူ့နှလုံး သားကို တိတ်ဆိတ်ချင်ယောင်ဆောင်ထားခဲ့၏။ ခက်တာက ထို တိတ်ဆိတ်ခြင်းသည် ပင့်သက်အောင့်ထားသော တိတ်ဆိတ်မှု မျိုးသာဖြစ်၏။ မည်သည့်အချိန် ပွင့်ထွက်မည်ကိုကား မပြော တတ်ပေ။

သို့နှင့်သူသည် သူ့နှလုံးသားကို သူ ပြန်စေ့ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ဒီရက်ပိုင်း ခြေထောက်ယောင်တာ မပျောက်ကင်းသေးသဖြင့် သာယာ ရုံးမတက်နိုင်ပါ။

သာယာမရှိသော သူ့ဘဝကြီးသည် ကော်ဖီသောက်ရတာလည်း အရသာမရှိ။ ထမင်းစားတော့လည်းမကောင်း။ အလုပ်လုပ်ရတာ စိတ်မပါ။ အိပ်ရတာလည်း မနှစ်ခြိုက်ဘဲ အတွေးကမ္ဘာထဲ ဝဲလှည့်နေ၏။

ဒီလိုပုံ၊ ဒီအချိုးမျိုးဆို ရှေ့လျှောက် ခက်ခက်ရချည်သေးရဲ့။ ဒီအခြေအနေတွေအားလုံးကို ဒေါ်နှင်းရီထံ အစီရင်ခံသူက ကိုအောင်မျိုး။

"မင့်ညီအခြေအနေ ဘယ်လိုလဲ မောင်အောင်မျိုး"

"ဘယ်လိုရမှာလဲ? ကြီးကြီးရဲ့သားတော်မောင် အိမ်မြှောင်အမြီးပြတ်သလိုဖြစ်နေပြီ"

"ဟယ် … ရှင်းရှင်းပြောစမ်းပါ၊ အိမ်မြှောင်အမြီးပြတ်တော့ ဘယ်လိုဖြစ်သလဲ"

"ကြီးကြီးကလည်း အိမ်မြှောင်အမြီးပြတ်ဆိုမှတော့ ဆတ်ဆတ်ခါ ပျာယာခတ်ပြီပေါ့"

သိန်းကြွယ်က ဝင်ပြောသည်။

"ဟုတ်တယ်၊ သာယာနဲ့ပတ်သက်ပြီး လူ့ဂွစာကြီး ဆတ်ဆတ်ခါသွားတာတော့အမှန်ပဲ ကြီးကြီးနှင်း"

"အေးလေ၊ သူသာ ကြိုက်စမ်းပါစေ၊ ငါ အခုချက်ချင်း ကောင်မလေးကို သွားတောင်းပေးမယ်"

"ဟဲ ဟဲ၊ အဲသလိုပြောရင် ကြီးကြီးသားက လက်ခံမှာ မဟုတ်ဖူး၊ ခဏလောက်စောင့်ကြည့်ပြီး ဆက်လက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ သူကိုယ်တိုင် ကောင်မလေးကို မရရင် မနေနိုင်တော့ဘူး၊ လိုက်တောင်းပေးပါဆိုမှ တောင်းပေးလိုက်၊ ပြီးတော့ ကောင်မလေးဆီက မေတ္တာကို သူ့ဖာသာရအောင်ယူနိုင်တာ ပိုကောင်းတယ်"

"ဒါလည်း ဟုတ်တာပဲ၊ ဒါနဲ့ ကောင်မလေးဘက်က မင့်ညီကို သဘောထား ဘယ်လိုလဲ"

"ဒါတော့ ကြီးကြီးရယ်၊ ကောင်မလေး ကိုယ့်ဘက်ပါဖို့တော့ ထင်လင်းက အဓိကပဲလေ၊ သူ ကြိုးစားရမှာ ကြောင်တောင်တောင်တွေ လျှောက်လုပ်နေလို့ကတော့ အိမ်ထောင်ဖက်ကောင်း လက်လွှတ်သွားလိမ့်မယ်"

"ကိုကြီးအောင်မျိုးပြောတာ ဟုတ်တယ်"

"အဲသလို မဖြစ်အောင်လုပ်ကြဦးလေ"

"လာမယ်လေ ကြီးကြီးရဲ့၊ ပထမအဆင့်တောင် အောင်မြင်သွားပြီပဲ၊ ဆက်ပြီး တိုက်စစ်ဆင်ရမှာပေါ့၊ ဘာမှမပူနဲ့ ကျွန်တော့်တာဝန်သာထား"

"သိန်းကြွယ်လည်း ကူမှာပေါ့"

ဒေါ်နှင်းရီ စိတ်အေးသွားရပြန်သည်။ အောင်မျိုး သတိပေးသလို ထင်လင်းဆိုတဲ့ သူ့သားလူ့ဝွစာက သဘောကို သဘောကျ၍ အတင်းပေးစားနေလျှင် သူကိုယ်တိုင်ကြိုက်နေတာတောင် ဖွတ်ပေငြင်းနိုင်သည်။

ဒီတော့ အောင်မျိုးရဲ့ စစ်ဆင်ရေးနည်းဗျူဟာပဲ ကောင်းသည်။ ဒေါ်နှင်းရီအဖို့ကတော့ အလျှဉ်းသင့်သလို ဝင်ပြီး ဆေးတီးပေးရုံသာ။



www.burmeseclassic.com

www.burmeseclassic.com


"သားအတွက် ပူရသလို တူမအတွက်လည်း ပူရတာပါပဲ ကွယ်၊ ကြီးကြီးတူမကို မောင်အောင်မျိုးလိုလူမျိုးဆို စိတ်ချသဘောတူပြီ၊ မင်းတို့လူငယ်ချင်းကျေနပ်လို့ကတော့ ငါတို့လူကြီးတွေဘက်က ကန့်ကွက်စရာမရှိဘူးနော်"

"အာ ... ကြီးကြီးနှင်းကတော့ လုပ်ပြီ၊ တစ်ခါတည်းနဲ့ ငှက်နှစ်ကောင်ဖမ်းချင်နေပြန်ပြီ"

"ကျွန်တော်တို့အတွက် မပူပါနဲ့၊ လူကြီးတွေသဘောအတိုင်း ခေါင်းညိတ်လိုက်မှာပဲ"

"ဟေ! ဟန်လေးဘာလေးလုပ်ပါဦး မောင်အောင်မျိုးရယ်"

"အဟဲ ဟဲ ဟဲ"

"ဟွန်း"

သိန်းကြွယ်တစ်ယောက် ရှက်ရမ်းရမ်းပြီး အခန်းထဲ ဝင်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

ရဲထွဋ်နှင့်စကားပြောတိုင်း၊ ရဲထွဋ်နှင့်အတူယှဉ်တွဲရှိနေတိုင်း ထင်လင်းဆိုတဲ့ ကိုလူ့ငွစာကြီးက မနာလိုဖြစ်နေသည်ဟု သာယာထင်သည်။

သာယာထင်တာလည်းမပြောနှင့်။ ထင်လင်းလုပ်ပုံတွေကိုလည်းကြည့်။ ရဲထွဋ်နှင့်ရယ်ရယ်မောမောစကားပြောနေလျှင် အကြောင်းမရှိ အကြောင်းရှာ ခေါ်ခိုင်းလို့ခိုင်း၊ ရွဲ့တာလိုလို၊ စောင်းတာလိုလိုနှင့် ဆူပူလို့ပူ၊ ယုတ်စွအဆုံး အတူတွဲအလုပ်လုပ်နေလျှင်ပင် မျက်မှောင်ကြီးကုတ်နေတတ်၏။

အသိသာဆုံးနှင့်ရုပ်အပျက်ဆုံးကတော့ အလှူငွေက အဖြစ်အပျက်ပင်ဖြစ်သည်။ သာယာ့မှာ ငိုရမလို ရယ်မောလိုနှင့်



www.burmeseclassic.com

www.burmeseclassic.com


အတော်ကိုးရိုးကားယားနိုင်လှသည်။ ဘယ်လို လူ့ပွဲစားလူကြီးမှန်း မသိ။

မည်သို့ပင်ဖြစ်စေ မိန်းမသားတစ်ယောက်အဖို့ ထိုဖြစ်ရပ်ကို ကျေနပ်သည်။ သဘောကျသည်။ ကြည်နူးသည်။ ဒါကလည်း တခြားလူဆို ဒီလိုဖြစ်ချင်မှဖြစ်မည်။

ယခုတော့ သာယာကိုယ်တိုင်က ထင်လင်း၏ အားပါးတရရယ်မောနေပုံမှအစပြု၍ ရင်ခုန်ခြင်းတို့ မွေးဖွားခဲ့လေပြီ။

"နင်တို့ရဲ့ အချစ်ဇာတ်လမ်းက ဘယ်တော့ ဇာတ်သိမ်းမှာလဲ သာယာ"

သက်ရီဝင်းက အရင်းမရှိအဖျားမရှိ မေးလာသည်။ သာယာက ...

"ဘာပြောတာလဲ သက်ရီဝင်း"

"ငါ ဗိုက်တွေနာလို့ ဆရာ့အိမ်အလှူမလာဖြစ်တာ ဇာတ်သိမ်းတွဲတစ်ခန်းလွတ်သွားတယ်မဟုတ်လား"

"ခစ် ... နင့်ကို အသေးစိတ်ဘယ်သူပြန်ပြောတာလဲ"

"အလှူနေ့မှာ ရုံးက လူတွေမှ အများကြီး၊ နင်သာ ငါ့ကို လျှို့ထားတာ"

"အံမယ် ... ပြောပြမလို့ပါပဲနော်၊ ဒါပေမယ့် ငါပြောရင် သူများတွေပြောကြသလို အတွန့်အတက်တွေမပါဘူး"

"ဘာပဲပြောပြော ဆရာ့အိမ်နဲ့နင် ရွှေလမ်းငွေလမ်းပေါက်နေတာတော့ အမှန်ပဲလေ"

ဒါတော့ သက်ရီဝင်းပြောတာ ဟုတ်သည်။ ကြီးကြီးနှင့်သည် သာယာ့ကို အကြောင်းအမျိုးမျိုးဖြင့် ခေါ်နေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ကဆိုလျှင် မန်နေဂျာကိုယ်တိုင် ထင်လင်းအမေဆီကို အကြောင်းရှာသွားခိုင်းသည်။

ယခုထိ အဖြစ်အပျက်အကြောင်းအရာတွေကို စဉ်းစားတွေးတောကြည့်တော့ ရင်ခုန်စရာပိုကောင်းလာ၏။

"ဟဲ့ ... သာယာ"

"ဘာလဲ"

"ယောက္ခမကြီးက သဘောကောင်းတယ်ပေါ့"

"ဟာ ... နင်ကလည်း သူများကြားသွားမယ်"

"အားလုံးရိပ်မိနေကြတာပဲဟာ ... မသိချင်ယောင်ဆောင်နေကြတာဟဲ့"

"တော်ပါဟယ်၊ ဒီမယ် သက်ရီဝင်းရဲ့"

"အေး ... ပြော"

"တို့ဆရာလူ့ဝစာကြီးရဲ့အမေကလည်း ဝတီး ဝကျနိုင်တာပဲဟာ"

"ဘယ်လိုလဲ"

"တစ်နေ့က ဆရာ့အိမ်မှာ ငါရှိနေတုန်း ကြုံရတာ ပြောပြမယ်၊ ဈေးသည်တွေက အိမ်ရှေ့တစ်သည်ဖြတ်တိုင်း အဘွားကြီးက ဟဲ့ ... ဘာအော်တာတုန်းမေးတော့တာပဲ၊ ငါ့မှာ အမြဲ ဘာသာပြန်ပေးရတယ်"

"အေးလေ၊ အဲသလိုအော်ရောင်းတဲ့ဈေးသည်တွေက တစ်ခါတလေ ဘာအော်ရောင်းမှန်း ငါတို့တောင် နားမလည်ဘူး"

"အဲဒါကို ငါ နားလည်တယ်၊ ဆရာ့အမေ ဝကျပုံက ဒီလိုဟ၊ ဈေးသည်ခေါ်ပြီး ဘာပြောတယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောပါဦး"

"ဈေးရောင်းတာ ပီပီသသအောင်ဖို့ ခေါ်ပြောတာပေါ့၊ တကယ့်ဝတီးဝကျသားအမိပဲ"

"ဟင်း ဟင်း၊ အံ့သြစရာပဲ၊ ဒါပေမယ့် သဘောတော့ အရမ်းကောင်းကြတယ်နော်၊ သူ့မွေးဆိုလည်း နားလည်မှုရှိတယ် ကိုယ်ချင်းစာတတ်တယ်၊ ညှာတယ်၊ အဲ ... တစ်ခါတလေ ဝတီး ဝကျနိုင်တာကလွဲရင်ပေါ့"

ထိုသို့ ဝတီးဝကျနိုင်တာကပင် သာယာတို့နှစ်ယောက် ရင်ထဲက ချစ်ခြင်းမေတ္တာတွေကို ပွင့်အန်နိုးထလာစေခဲ့သည်။

သာယာသည် ထင်လင်းဆိုသော လူ့ဝစာကြီးအပေါ် ရင်ခုန်လှုပ်ရှားဝမ်းနည်းခံစားရလိမ့်မည်ဟု မထင်ခဲ့။ ထင်လင်း ကလည်း သာယာ့ကို ယခုလောက်ထိ ပေါက်ကွဲထိရှမည်မှန်း မသိခဲ့။

စောစောပိုင်းက ပြောခဲ့သလို ကုမ္ပဏီကို ရဲထွဋ်ရောက် လာပုံက ထူးခြားသည်။ ထိုသို့ ရောက်လာပုံထူးခြားသလို လူ ကလည်း ထူးခြားသည်။ အထူးခြားဆုံးက သာယာရှေ့အခြေပေါ် လာခြင်းပင်။

တကယ်တမ်း သာယာ့ကို စိတ်ဝင်စားနေ၍ လိုက်ကပ် နေတာမျိုးဆိုလည်း မထူးဆန်းပါ။ အခုဟာက ရဲထွဋ်တွင် သူ လက်ထပ်မည့် စေ့စပ်ထားသောမိန်းကလေးရှိသည်။ ဒါကလည်း ရဲထွဋ်ကိုယ်တိုင် သာယာ့ကို ပြောပြခဲ့သည်။

"ကျွန်တော့်မှာ မကြာခင်လက်ထပ်တော့မယ့် စေ့စပ် ထားပြီးသား ချစ်သူရှိတယ်၊ အဲဒါ သာယာ့ကိုပဲ ပြောပြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီရုံးက တခြားဘယ်သူ့ကိုမှမပြောနဲ့၊ ကျွန်တော်လည်း ဒီကုမ္ပဏီမှာ အကြာကြီးမလုပ်ပါဘူး၊ အဲ့ဒါလည်း ဘယ်သူ့မှမပြောနဲ့နော် သာယာ"

"ဟင်! နင်ကလည်း ဘယ်လိုကြီးလဲ ရဲထွဋ်ရဲ့"

"လူသားမျိုးဆက်ပြန့်ပွားရေးစီမံကိန်းတစ်ခုကြောင့် ကျွန်တော်ရောက်လာတယ်လို့ပဲ သိထားပါ၊ အဲဒီစီမံကိန်းအောင်မြင်တာနဲ့ ကျွန်တော် လစ်ပြီ"

"အမလေးဟဲ့ ... ကြီးကျယ်လို့ လူသားမျိုးဆက်ပြန့်ပွားရေးအတွက် ဘာစီမံချက်မှမလိုဘူး၊ ဒီအတိုင်းတောင် ပြန့်ပွားလွန်းလို့ ကမ္ဘာမှာ လူဦးရေတွေ တစ်နေ့တခြားတိုးနေတဲ့ဥစ္စာ တချို့နိုင်ငံတွေဆို တစ်မိသားစု ကလေးတစ်ယောက်ပဲ မွေးရမယ် ဆိုတာမျိုးတောင် သတ်မှတ်ပေးထားတာ"

"တခြားနိုင်ငံတွေ၊ တချို့လူတွေကိစ္စ ကျွန်တော်နဲ့မဆိုင်ဘူး၊ အခုဟာက ကျွန်တော့်အကြောင်းနဲ့ကျွန်တော်၊ ဒါနဲ့ သာယာကရော ဒီလောက်ချောတာ ရည်းစားမရှိဘူးလား၊ ကြိုက်တဲ့သူတွေကတော့ အများကြီးနေမှာပါ၊ အိမ်ထောင်ပြုဖို့ စဉ်းစားလေ၊ ကိုယ့်မျိုးဆက်မပြတ်အောင်ပေါ့"

"ဟယ် ... အဲ့ဒါ နင့်ပူစရာလား၊ နင့်ဖာသာနင်သာ ပြန့်ပွားအောင် ကြိုးစား၊ ဟွန်း"

အရေးထဲ မျိုးဆက်ပြန့်ပွားရေးအတွက် စိတ်ပူနေတဲ့သူနှင့်လာတွေ့နေသေးသည်။ ဒီလို မနေတတ်၊ မထိုင်တတ်၊ အပြော အဆိုမတတ်သူမို့လည်း ထင်လင်းက ကြည့်မရတာဖြစ်မည်။

ထို့အပြင် ရဲထွဋ်ကြောင့်လည်း သာယာနှင့်ထင်လင်းတို့



www.burmeseclassic.com

www.burmeseclassic.com


၏ သူဌေးနှင့်ဝန်ထမ်းဘဝအခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်း လဲသွားခဲ့ရလေသည်။

ဤသို့ ပြောင်းလဲခြင်းနှင့်အတူ ချစ်ခြင်းမေတ္တာကို မွေး ဖွားပေးခဲ့၏။

ထိုအချစ်သည် အလွန်ပင် ဝတီးဝကျနိုင်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ရာသီစက်ဝန်းက လည်ပတ်နေသောကြောင့် နွေ၊ မိုး
ဆောင်းဥတုသုံးလီက ပြောင်းနေသည်။ ယခုရာသီက ဆောင်း
ဝင်စဆိုပေမယ့် ထင်သလောက်မအေးသေးပါ။

သို့သော် ကုမ္ပဏီကတော့ ရာသီအလိုက် ခေတ်ပေါ် ကုန်
ပစ္စည်းသစ်တွေကို အချိန်နှင့်အကိုက် ထုတ်လုပ်အောင်မြင်လျက်
ရှိ၏။

လုပ်ငန်းတွေအောင်မြင်လေ အလုပ်ရှုပ်လေဖြစ်သလို
ကုမ္ပဏီနာမည်ကလည်း ကြီးမားလာခဲ့သည်။ ထို့ကြောင့် လုပ်
ငန်းရှင်အချင်းချင်းရော ဌာနပေါင်းစုံသာမက ဟိုပွဲဒီပွဲစသဖြင့်
ဆက်သွယ်ကူးလူးတက်ရောက်ရတာတွေများ၏။ ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



...တ်ရတာတွေလည်းရှိ၏။

တစ်နေ့ ...

ထိုနေ့က အလုပ်တွေကရှုပ်ပြီး အပြင်သွားရတာတွေ ...လည်း များသည်။ နေ့လယ်နှစ်နာရီထိ မနက်စာမစားရသေး ...၍ လူက ပင်ပန်းပြီး ဗိုက်ဆာတော့ ပိုမောသည်။ အပြင်ဆိုင် ...စ်ဆိုင်ဆိုင်ဝင်စားဖို့ စိတ်ကူးမိသော်လည်း ကုမ္ပဏီအနား ...ရောက်နေ၍ ရုံးမှာပဲ စားဖို့ ဆုံးဖြတ်လိုက်၏။

တစ်စုံတစ်ယောက်သောသူ၏ မျက်နှာလေးသည် သူ့ ...အား အမောပြေစေလိမ့်မည်ဟု စိတ်က တောင့်တသည်။ ထို ...တောင့်တချက်ဖြင့် ကုမ္ပဏီသို့ ပြန်ခဲ့သည်။

"ကိုအောင်မျိုးရေ ... ကျွန်တော် ရုံးနားရောက်နေပြီ"

သူ့ဟဲန်းဖုန်းဖြင့် ကိုအောင်မျိုးကို လှမ်းသတင်းပို့လိုက် ...သည်။

"မနက်စာ မစားရသေးလို့ ထမင်းပြင်ခိုင်းထားပေးပါ"

"..............."

"တရုတ်စာက ကြာတယ်၊ မြန်မာထမင်းဟင်းပဲ မှာခိုင်း ...တော့"

ထိုသို့ ကြိုတင်အကြောင်းကြားပြီးမှ သူ ပြန်လာခြင်း ...သည်။

သူလာနေပြီဆိုတာ တစ်ရုံးလုံး သိကိုသိရမည်။ ကြိုတင် ...ဆင်စရာရှိတာ ပြင်ဆင်ကြရမည်။ ကုမ္ပဏီသူဌေးရောက် ...တော့မှာမို့ သတိအနေအထားနှင့်လည်း ရှိနေကြရမည်။

သို့သော် ရုံးထဲ သူလှမ်းဝင်ခါနီးတွင် ရဲထွဋ်အောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သာယာ၏ တခစ်ခစ်ရယ်သံကို ကြားရသည်။ ရုံးထဲရောက်တော့ ရယ်ဟာဟာမျက်နှာကို အရှိန်သပ်နေသော သက်ရီဝင်းကို မြင် သည်။

မောပန်း၍ ဆာလောင်လာသော သူသည် ရဲထွန်းနှင့်ယှဉ် တွဲထိုင်ကာ ရယ်မောနေသော သာယာ့ကိုမြင်လိုက်ရတဲ့ တစ်ခဏ နှလုံးသွေးတို့ ပွက်ပွက်ဆူသွား၏။

"ဝင်းမိုး၊ ဝင်းမိုး၊ ဘယ်သွားလဲ"

ဒေါသတကြီးဟိန်းထွက်လာသော သူ့အသံကြောင့် အားလုံးအထိတ်တလန့်မော့ကြည့်ကြကာ တိခနဲ ငြိမ်ကျသွားကြ သည်။

"ခင်ဗျာ၊ ကျွန်တော် ကွန်ပျူတာခန်းထဲမှာ ရှိပါတယ် ဆရာ၊ **E-mail** စစ်နေတာပါ"

"အေးစိုး၊ အေးစိုး၊ ငါ့ကို ရေအေးအေးလေးတစ်ခွက် ပေးစမ်း"

"ဟုတ်"

အေးစိုးက စာရင်းစာအုပ်ကိုပိတ်၍ ကပျာကယာထကာ ရေခဲသေတ္တာဆီလှမ်းသည်။ မန်နေဂျာကိုအောင်မျိုးက နှာခေါင်း ကို တစ်ချက်ပွတ်ပြီး မျက်နှာတစ်ဖက်လှည့်သွား၏။ သာယာ့ စိတ်အထင် မန်နေဂျာ့ပုံစံက ရယ်ချင်စိတ်ကို မြိုသိပ်ထားပုံရ သည်။

"သတိဝီရိယနဲ့ကြည့်နေကြပေတော့ ... မင်းတို့သူဌေး လူပျိုသိုးကြီး စိတ်တိုနေပြီ"

ထင်လင်း သူ့အခန်းထဲဝင်သွားသည်နှင့်မန်နေဂျာက



www.burmeseclassic.com

www.burmeseclassic.com


ပြောသည်။ သက်ရိဝင်းက ...

"ဆရာဝင်လာတော့ သမီးတို့ရယ်နေတာကို မြင်သွားတယ်၊ အဲဒါ စိတ်ဆိုးသွားတာထင်တယ်"

"နင်နဲ့မဆိုင်ပါဘူး သက်ရိဝင်းရာ၊ မရယ်ဘဲ ငိုနေရမှာလား၊ ဒါ သူ့အကြောင်းနဲ့သူ ရှိပြီးသား"

သက်ရိဝင်းခမျာ ဘာမှနားမလည်နိုင်အောင် ဖြစ်သွားသည်။ သာယာကတော့ သက်ရိဝင်းပြောတာကို လက်ခံသည်။ ဆရာက ဟီးဟီးဟားဟားနေတာမကြိုက်ဟု ဟိုတစ်ခါတုန်းက ပြောဖူးသည်။ မတတ်နိုင်။

ရဲထွဋ်ဆိုတဲ့သကောင့်သားလေးကလည်း သူ့ဒွေးလာပါတော့မယ်ဆိုမှ ရယ်စရာတွေပြောပြီး မရယ်ရယ်အောင်လုပ်နေတာကိုး။

မှာထားတဲ့ထမင်းဟင်းတွေရောက်တော့ မန်နေဂျာက သာယာ့ကို မျက်ရိပ်ပြသည်။ ထို့ကြောင့် သာယာက ထမင်းပွဲပြင်ဆင်ပေးရ၏။

ခပ်စူစူဖြင့် အလိုမကျဖြစ်နေသော ထင်လင်းမျက်နှာက သာယာ့အဖို့ ရယ်စရာကောင်းနေသည်။ သို့သော် မကြာခင်မှာပင် ထိုရယ်စရာကနေ ငိုစရာဖြစ်လာရ၏။

"လုပ်ငန်းလိုင်စင်သက်တမ်းတိုးကိစ္စ ရုံးစာတစ်စောင် ကြမ်းရေးပြီး ကိုယ့်ကိုလာပြ၊ ပြီးရင် ကွန်ပျူတာစီခိုင်း"

"ဟုတ်"

ဒါက ဘာမှခက်တာမဟုတ်။ အရင်လည်း အစီရင်ခံစာ အစည်းအဝေးမှတ်တမ်း၊ ရုံးစာမူကြမ်းမှန်သမျှ သာယာရေးရတာ


www.burmeseclassic.com

www.burmeseclassic.com



ပင်။ ထို့ကြောင့် ထင်လင်းခိုင်းတာကို ခပ်မြန်မြန်ပင် ရေးပြီး ဖိုင်ထဲညှပ်ကာ စားပွဲပေါ်တင်ပေးခဲ့သည်။

ထင်လင်းက ထမင်းစားပြီး ခဏနားကာ မူကြမ်းကို ဖတ်သည်။ ဖတ်ပြီးသည်နှင့်ဒေါသတကြီးအော်ခေါ်သံပေါ်လာ၏။

"ဒေါ်ချမ်းမြေ့သာယာအေး"

"ဟုတ်"

"ဒီကို ခဏလောက်ကြွခဲ့စမ်းပါဦး"

ဘာများဖြစ်ပြန်ပြီလဲတွေးကာ သာယာက ခပ်မြန်မြန်ပင် ဝင်သွားလိုက်သည်။

"ဒီမှာ ကြည့်စမ်း၊ နင် အလုပ်လုပ်တာ ဘယ်လိုလဲ၊ ဒီလို အသေးအဖွဲလေးခိုင်းတာတောင် မှားနေမှတော့ အလုပ်ကို စိတ်မဝင်စားလို့ပေါ့၊ ဘာတွေဖြစ်နေတာလဲ"

သာယာကြည့်လိုက်တော့ လက်မှတ်ထိုးရမည့်နေရာတွင် မန်နေဂျင်းဒါရိုက်တာထင်လင်းအစား လင်းထင်ဖြစ်နေ၏။

အမှန်က ဖြစ်ပုံက ဒီလို။ သာယာက မေ့တတ်တော့ အကြောင်းအရာတစ်ခုခုကို သူနှင့်ဆင်တူတာ တွဲမှတ်လေ့ရှိသည်။ ကုမ္ပဏီအလုပ်ဝင်စက သူ့ဗွေးနာမည်မေ့မှာစိုး၍ ဟိုးရှေးက ရုပ်ရှင်မင်းသားကြီးလင်းထင်နာမည်ကို ပြောင်းပြန်မှတ်ထားလိုက်ခြင်းပင်။

ခပ်စောစောက ထိုအကြောင်းတွေကို သာယာတို့ပြောနေကြ၏။ ယခု မူကြမ်းရေးတော့ ပြောလက်စကို စိတ်စွဲပြီး ထင်လင်းက လင်းထင်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သာယာ အခုပြင်ပြီး ကွန်ပျူတာစီရင် ဂရုစိုက်ပေးပါ့မယ်"

ပြောပြီး အခန်းထဲက ခပ်သုတ်သုတ်ထွက်လာခဲ့လိုက်သည်။ ဒါကို မကျေနိုင်မချမ်းနိုင်ဖြစ်နေသော ထင်လင်းက နောက်က ထွက်လိုက်လာ၏။

"အလုပ်လုပ်တာ ပေါ့ပျက်ပျက်နဲ့ စိတ်မှမဝင်စားတာ၊ အလုပ်ချိန်မှာ ဟေးလားဝါးလားလုပ်နေတာကိုး ဟင်း၊ လုပ်ငန်းခွင်မှာ အသုံးမကျမှတော့ ရုပ်ချောတာဟာ အလကားပဲ၊ ငါ့ကုမ္ပဏီမှာ ရုပ်ချောဖို့မလိုဘူး၊ အသုံးကျဖို့ပဲလိုတယ်၊ အားလုံးကြားလား"

ထင်လင်းက သူ ပြောချင်ရာပြောပြီး အခန်းထဲ ပြန်ဝင်သွားသည်။ သာယာ့မှာ အားလုံးရှေ့အပြောခံလိုက်ရ၍ အရှက်ရသွား၏။ ရှက်တာထက် ဝမ်းနည်းတာက ပိုသည်။ ပြီးတော့ အများက ပြန်ပြင်လို့ရသော အသေးအဖွဲ့အမှား။

သာယာက ရှက်ရွံ့ဝမ်းနည်းစွာ ငိုသည်။

မန်နေဂျာအောင်မျိုးက ထူးဆန်းစွာပင် ထင်လင်းဝုန်းဒိုင်းကျဲနေတာကိုပင် သဘောကျသလို ရယ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"ပြန်လို့ဖြစ်ပါ့မလား သမီးရဲ့၊ မိုးချုပ်နေပြီ၊ ဒီမှာပဲ အိပ်လိုက်၊ သမီးအိမ်ကို ကြီးကြီးဖုန်းဆက်ပေးမယ်လေ"

"မအိပ်တော့ဘူး ကြီးကြီး၊ အဖေက ခရီးသွားမှာဆိုတော့ မနက်စောစော ထမင်းထချက်ပေးရဦးမှာ"

"နေဝင်မိုးချုပ် ဒီလိုပဲ သွားနေတာလား"

"ခုမှ ခြောက်နာရီပဲ ရှိပါသေးတယ် ကြီးကြီးရဲ့၊ ရန်ကုန်မြို့ကြီးမှာ ညနေခြောက်နာရီကို မိုးချုပ်တယ်မခေါ်ပါဘူး၊ အပြင်မှာ သွားလာနေတဲ့သူတွေမှ အများကြီးပဲ"

"ကြီးကြီးက ဆယ်အိမ်လောက်ရှိတဲ့ သူ့ရွာလို အောက်မေ့နေတာ သာယာရေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှာရှာ မြို့မြို့ စိတ်ပူလို့ပြောရတာ၊ နေဦး … သမီးဆရာ ရေချိုးတာ ပြီးနေပြီ၊ လိုက်ပို့ခိုင်းမယ်"

"ဟင့်အင်း၊ ဟင့်အင်း၊ သာယာ့ဖာသာပဲ ပြန်မယ် ကြီးကြီး"

သူတို့ပြောနေတာတွေကို ထင်လင်းအကုန်ကြားသည်။ သူ့အနေဖြင့် စပြီးလိုက်ပို့ပေးဖို့ပြောရမှာ ပြောမထွက်ဖြစ်နေသည်။ ဟိုနေ့က ကောင်မလေးကို ဆူပူအော်ငေါက်မိတာ နည်းနည်းလွန်သွား၏။ ဒါကို ချော့မော့သည့်အနေဖြင့် လိုက်ပို့ချင်နေသည်။

"သမီးဆရာက အုန်းနို့ခေါက်ဆွဲစားချင်တယ်ပြောတာ၊ မနက်ဖြန်တနင်္ဂနွေရုံးပိတ်ရက် ချက်ကျွေးမယ်စိတ်ကူးထားတယ်၊ သမီးက မလာအားဘူးဆိုတော့ …"

"ဟုတ်တယ် ကြီးကြီးရဲ့၊ မနက်ဖြန် ဖေဖေခရီးထွက်သွားတာနဲ့ မေမေ့ကိုလည်း အပြင်လိုက်ကူပေးရမှာမို့ပါ၊ နောက်တစ်ပတ်တနင်္ဂနွေရွှေ့လို့မရဘူးလား"

သာယာ့စကားဆုံးတော့ ထင်လင်းက အခန်းထဲကထွက်လာပြီး …

"ဒီကြားထဲသေသွားရင် စားလိုက်ရမှာမဟုတ်ဘူးပေါ့"

"အို … ဆရာကလည်း နမိတ်မရှိ ဖွ … ဖွ"

"ဖွဖွဆိုတာနဲ့မသေတော့ဘူးပေါ့၊ ကဲပါ၊ နင် ပြန်မှာ ငါ လိုက်ပို့ပါ့မယ်"

ပြောင်းလဲသွားသော ရာသီဥတုကြောင့် သာယာ့နှလုံး တစ်ချက်ဆောင့်ခုန်သွားသည်။ ငြင်းလိုက်ရမှာလား၊ ငြိမ်နေရမှာ

www.burmeseclassic.com



လား၊ နေရထိုင်ရခက်စွာ တွေးသည်။

"ကဲ ကဲ၊ သွားကြ ... မိုးချုပ်လိမ့်မယ်"

ဒေါ်နှင်းရီက မိန်းမသားအခြေအနေကို အကဲခတ်ကာ ဝင်ရောက်ဆုံးဖြတ်ပေး၏။

"အပြန်ကျ သိန်းကြွယ်အတွက် ကြက်ကင်ဝယ်ခဲ့ပေးပါ အစ်ကိုလင်း"

"ဘာ ကြက်ကင်လဲ? နင် ထမင်းစားပြီးပြီမဟုတ်လား"

"နေမကောင်းချင်လို့ ထမင်းမစားဘူး"

"ကဲပါ သွားရယ်၊ ဝယ်ခဲ့ပေးလိုက်စမ်းပါ"

သို့သော် ... ထိုနေ့က သိန်းကြွယ်တစ်ယောက် ကြက်ကင်မစားလိုက်ရပါ။ အဘယ့်ကြောင့်ဆိုသော် ထင်လင်းမှာ ကြက်ကင်ရော၊ ဘာသောသတိမရနိုင်ဘဲ အိမ်ကထွက်သွားပြီး သိပ်မကြာခင်မှာပင် စိတ်ဆိုးမာန်ဆိုးပြန်ရောက်လာသောကြောင့် ဖြစ်သည်။

ဖြစ်ပုံက ဒီလို။

ထင်လင်းကားနှင့်သာယာလိုက်လာပြီး လမ်းထိပ်ရောက်လျှင် မိန်းလမ်းမကြီးပေါ် ကားရောက်ဖို့ ဖြတ်သွားဖြတ်လာကားများကို ခဏရပ်အခြေအနေကြည့်ရ၏။

အဲဒီအချိန်ကလေးမှာပဲ သာယာထိုင်နေတဲ့ကားရဲ့ ဘယ်ဘက်ခြမ်းတံခါးနားကို ဖြတ်ခနဲရောက်လာသူက ရဲထွဋ်။

"ဟာ သာယာ၊ ဘယ်သွားမလို့လဲ? သြော် အိမ်ပြန်ဖို့ ဘော့စ်က လိုက်ပို့တာလား၊ ဘော့စ်တို့အိမ် သာယာသွားတာ သိလို့ ကျွန်တော် ဒီလမ်းထိပ်က လာစောင့်နေတာ၊ အိမ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျရင် သာယာ့အိမ် ကျွန်တော်လိုက်ပို့မလို့လေ"

သာယာ ဘာပြန်ပြောရမှန်းမသိအောင် ကြောင်တောင်တောင်ဖြစ်နေရသည်။ ကိုယ်ကပဲ သူ့ကို စောင့်ခိုင်းထားတာလိုလို၊ ဘာလိုလို။ ရဲထွဋ်က သူ့ဖာသာမေး၊ သူ့ဖာသာဖြေနှင့် စကားတွေ ဒလစပ် ပြောသွားသည်။

ထင်လင်းမျက်နှာကို သာယာစောင်းငဲ့ကြည့်လိုက်တော့ သုန်မှုန်နေပြီ။

"ကျွန်တော်နဲ့တွေ့မှတော့ ကျွန်တော် လိုက်ပို့ပေးမယ်၊ ဆင်းခဲ့သာယာ၊ ဘော့စ်ကို အားနာစရာကြီး၊ ဘော့စ် သာယာ့ကို ကျွန်တော် ပြန်လိုက်ပို့ပေးလိုက်ပါ့မယ်"

ရဲထွဋ်က ထင်လင်းကိုပါ တစ်ဆက်တည်း ခွင့်တောင်းလိုက်သည်။ ရဲထွဋ်ပုံစံက တကယ့်ကို ယဉ်ကျေးသိမ်မွေ့၍ စကားသံတို့က နူးညံ့ပျော့ပျောင်းကာ ချိုသာငြိမ့်ညောင်းလှ၏။

အင်မတန် ထူးဆန်းသည်က ရဲထွဋ်သည် သာယာ့ရှေ့ အမြဲတမ်းလိုလို ဟိုကဒီက ပေါ်လာတတ်ခြင်းပင်။ ကိုယ့်ကို စိတ်ဝင်စားလွန်း၍ နောက်က တကောက်ကောက်ခြေရာခံလိုက်နေတာမျိုးဆိုလည်း ဒီလောက်မထူးဆန်း။

ခက်တာက ရဲထွဋ်ကိုယ်တိုင် သူ့တွင် မကြာခင် လက်ထပ်တော့မည့် စေ့စပ်ထားသောချစ်သူရှိတာ သူကိုယ်တိုင်ပဲ ဖွင့်ပြောထားသည်။ ယခု ရဲထွဋ်လုပ်နေပုံတွေက သာယာ့ကို ထင်ထင်းအထင်လွဲသွားနိုင်၏။

"လာ ... ဆင်း"

ကားတံခါးပါ ဖွင့်ပေးလိုက်တော့ ထင်လင်းဒေါသတို့က



www.burmeseclassic.com

www.burmeseclassic.com


ငယ်ထိပ်တက်ဆောင့်လေပြီ။

"ကဲ ... မယ်မင်းကြီးမ၊ ဆင်း ... မြန်မြန်သာဆင်းပြီး ကြိုက်တဲ့လမ်းကကြွ"

ထင်လင်း စိတ်ဆိုးသလို သာယာလည်း နှုတ်ခမ်းစူမိပြီ။ အကျိုးအကြောင်း ဘာမှမမေးဘဲ သူထင်ချင်ရာတွေထင်ပြီး ဒီလို တစ်ဖက်သတ်ဆုံးဖြတ်သောထင်လင်းကို စိတ်တို၏။

သို့သော် သူကသူ့ဒွေး၊ ကိုယ်က သူ့လက်အောက်က ဝန်ထမ်း၊ ဘာများတတ်နိုင်ပါမည်နည်း။ သူက ဆင်းခိုင်းနေမှတော့ ဆင်းလိုက်ရုံပဲပေါ့။ သာယာကလည်း စိတ်ဆိုးဆိုးဖြင့်

"ဒါကြောင့် အစကတည်းက လိုက်မပို့နဲ့လို့ပြောသားပဲ"

"ဪ ... မင်းတို့အချိတ်အဆက်ရှိမှန်း ငါမှမသိတာ၊ စေတနာပိုမိတာ ဆောရီးပဲ မယ်မင်းကြီးမ"

ထင်ချင်သလိုသာထင် သာယာက ဘာမှပြန်ပြောမနေတော့ဘဲ ကားပေါ်က ဆင်းသည်။ သာယာ့ရင်ထဲမှာတော့ စူးအောင့်နာကျင်ဝမ်းနည်း၏။ မည်သူ့ကို အပြစ်တင်ရမည်နည်း။

ခံစားချက်ကြောင့် တစ်လမ်းလုံး သာယာငြိမ်တိတ်လာသည်။ ရဲထွဋ်ကတော့ ပြုံးစိစိ၊ စပ်ဖြဲဖြဲနှင့်ဘာမှန်းကိုမသိ။

ဤသည်မှာ ပြဿနာ၏အစဖြစ်ပြီး ပြဿနာ၏ အထွဋ်အထိပ်သည် တနင်္ဂနွေနေ့တွင် အဆုံးစွန်းထိ ပေါက်ကွဲဖြစ်ပွားခဲ့လေသည်။

ထိုတနင်္ဂနွေနေ့သည် တကယ့်ကိုမအား၍ ဒေါ်နှင်း၏ တကူးတကန့်ခေါ်တာကိုပင် အားနာနာဖြင့် ငြင်းခဲ့ရသေးသည်။ တနင်္ဂနွေမနက်စောစောတွင် ခရီးသွားမည့် ဖခင်ကို လိုက်ပြုတ်


www.burmeseclassic.com

www.burmeseclassic.com



ကျွေးပြီး အဖေက အပြင်စာကျီးများ၍ ချိုင့်နှင့်ထည့်ပေးရ၏။ ပြီးနောက် မိခင်ဖြစ်သူကို သွားမည့်နေရာတွေ လိုက်ပို့ပေးရသည်။

တစ်နေကုန်မအားဘဲ ညနေပိုင်းရောက်မှ အိမ်ပြန်ရောက်သည်။ အိမ်ရောက်မှ ...

"ဟော့တော် ... မေမေရေ၊ သန္တာ့မင်္ဂလာဆောင်အတွက် လက်ဖွဲ့ဝယ်ဖို့မေ့ခဲ့ပြီ၊ မဖြစ်သေးပါဘူး၊ သွားဦးမှပဲ၊ နောက်နေ့ ရုံးဖွင့်ရင် မသွားအားတော့ဘူး၊ ရုံးအဆင်းဝင်ဝယ်ရအောင်လည်း မိုးချုပ်မှာစိုးလို့ စိတ်ကြိုက်ရွေးချိန်မရှိဘူး"

ဤသို့ဖြင့် မင်္ဂလာလက်ဖွဲ့ပစ္စည်းဝယ်ရန် အပြင်တစ်ခေါက် ထွက်ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

ဒီအချိန်ဆို သက်ရိဝင်းကိုလည်း ဝင်ခေါ်၍ မရတော့ပေ။ အင်္ဂလိပ်စာကျူရှင်သွားပြီ။ သို့နှင့်တစ်ယောက်တည်းပဲသွားရန် ဆုံးဖြတ်ပြီး Super Market တစ်ခုခုသွားဖို့ စဉ်းစား၏။

သို့နှင့် ... ယခုလတ်တလောမှ အသစ်ဖွင့်လိုက်သော Junction Centre ကိုပဲ ရွေးချယ်လိုက်သည်။ အဲဒီမှာ City Mark ရှိသည်။ ပစ္စည်းစုံပြီး စိတ်ကြိုက်ရွေးနိုင်၏။

ထိုသို့စဉ်းစားရင်း လျှောက်လာစဉ် ...

"အံမယ် ရဲထွဋ်၊ နင့်ကိုလေ သွားလေရာတွေ့နေတာပဲ"

ပျာယီပျာယာဖြင့် မျက်နှာချင်းဆိုင်မှ ခပ်သုတ်သုတ် လျှောက်လာနေသော ရဲထွဋ်ကို တွေ့ရ၍ သာယာက နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com


ရင်း ကလိလိုက်သည်။

"ဟင်! သာယာတစ်ယောက်ထဲလား၊ ဘာလာဝယ်တာလဲ"

"ဘာဝယ်ရမှန်းမသိသေးဘူး၊ တစ်ယောက်တည်းမို့ ပျင်းနေတာအတော်ပဲ၊ နင် အဖော်လိုက်ပေး ရဲထွဋ်"

"ခုလား"

"အခုပေါ့ဟ"

"အခုဆိုရင်တော့ မရဘူးသာယာ၊ ကျွန်တော့် ကောင်မလေးရဲ့အဖေ ဒီမော်တင်ဆေးခန်းလာပြလို့ ကားမောင်း ပို့ပေးတာ၊ လူနာနည်းတယ်၊ သိပ်ကြာမှာမဟုတ်ဘူး"

"နင်ကလည်း အရေးထဲ၊ ကဲပါ ... ဒါဆိုပြီးရော၊ ငါ့အသာ တစ်ယောက်တည်းပဲသွားတော့မယ်"

"စိတ်မကောင်းပါဘူး သာယာရယ်၊ နောက်နေ့မှဝယ်လို့ ရရင်ရွှေ့လိုက်ပါလား၊ လိုက်ကူပေးပါ့မယ်"

"မရဘူး၊ အရေးကြီးတယ်၊ သွားပြီဟာ"

သာယာက စိတ်ပျက်လက်ပျက်ထွက်သွားတော့မည် ခြေလှမ်းပြင်ကာမှ ...

"နေဦး သာယာ"

"ဟင်! ဘာလဲ"

ရဲထွဋ်က သာယာ့လက်တစ်ဖက်ကို လှမ်းဆွဲရင်း ပြောသည်။

"ခဏလိုက်ခဲ့ပါလား၊ ကျွန်တော့်ကောင်မလေးနဲ့ မိတ်ဆက်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com


အဲသလို ရဲထွဋ်က လက်လှမ်းဆွဲလိုက်တော့ သာယာ အံ့ဩသွားသည်။ ရဲထွဋ်သည် ခင်မင်နောက်ပြောင်ပြီး၊ ပျော်ပျော် နေတတ်သော်လည်း ဘယ်တုန်းကမှ ထိုသို့ လက်ရဲဇက်ရဲမရှိပါ။

"ဟဲ့ ... နင်ကလဲ"

သာယာ တအံ့တဩရေရွတ်လိုက်သည်။

ထိုအချိန်လေးမှာပဲ သာယာ့မြင်ကွင်းထဲ လူတစ်ယောက် သဏ္ဌာန် မားမားကြီးပေါ်လာသည်။

"ဟင်! ဆရာ"

ထင်လင်းသည် မယုံနိုင်သောမျက်လုံးများဖြင့် သာယာ့ ကို စူးစူးရဲရဲစိုက်ကြည့်နေသည်။ ဒီမိန်းကလေးကို ယခုလောက် ထိ ဣန္ဒြေမဲ့လိမ့်မည်ဟု လုံးဝ ထင်မထားခဲ့ပေ။

အထင်တကြီးနှင့်တိတ်တခိုးမြတ်နိုးချစ်ခဲ့မိတဲ့ သူ့ရင်ထဲ က မြတ်နိုးမှုတွေကို အသည်းနာလှသည်။

ဒါတင်မက သူ့အပေါ်တွင် ဒီမိန်းကလေးကလည်း သံယောဇဉ်နည်းနည်းပါးပါးရှိနေလိမ့်မည်ဟု မျှော်လင့်ထားမိ သည်။

"ဟာ ...ဘော့စ်၊ တစ်ယောက်တည်းလားခင်ဗျာ၊ ကျွန်တော် ဘာများအကူအညီပေးရမလဲ"

ရဲထွဋ်ကတော့ ထုံးစံအတိုင်း ပျူငှါယဉ်ကျေးစွာဖြင့် ရွှန်း ရွှန်းဝေအောင် လောကွတ်တွေကောင်းနေသည်။

"အေး၊ ကျေးဇူးပဲ မောင်ရဲထွဋ်၊ ဘာမှမလိုဘူး"

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ၊ အရေးကြီးကိစ္စ လေးရှိနေလို့ပါ၊ ကျွန်တော်သွားပြီ၊ သာယာ နောက်မှ တွေ့ကြ


www.burmeseclassic.com

www.burmeseclassic.com



ပါပေါ့”

ပြောပြောဆိုဆို ရဲထွဋ်မှုက ခပ်သုတ်သုတ်ထွက်သွား၏။ သာယာမှာ အူကြောင်ကြောင်ကြီး ကျန်ရစ်ခဲ့ရသည်။ စောစော ကန်းကတော့ သူပဲ လက်တောင်ဆွဲခေါ်ပြီး ခုတော့ နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ ပြေးပြီ။

“အဟောင် ဟော်၊ မင်းမအားဘူးဆိုတာ ဒါပဲလား၊ ငါ့ အမေခမျာ မင်းကို ချစ်ခင်ရှာလွန်းလို့ အရေးတယူခေါ်တာကို လိုက်လုပ်ပစ်ရက်တယ်”

“ဟင်! သာယာက ဘာလုပ်လို့လဲ ဆရာ”

“တော်ပါကွာ၊ လက်ပူးလက်ကြပ်တဲ့တဲ့ကြီးတွေ့တာ တောင် ငြင်းချင်သေးတယ်။ ဒီရဲထွဋ်ဆိုတဲ့ကောင်လေး ရုံးကို ရောက်ကတည်းက မင်းတို့ပလူးပလဲတပူးတွဲတွဲဖြစ်နေတာ ငါ မတော်ထားမိသားပဲ”

“ဆရာ ဘာတွေပြောနေတာလဲ”

“အေး၊ ဘာတွေပြောနေတာလဲဆိုတာသိအောင် ဆက် ပြောမယ်၊ နားထောင်၊ မင်းတို့လူငယ်ချင်းမေတ္တာမျှလို့တွဲမယ်ဆို လည်း အတိအလင်းတွဲ၊ ခုတော့ ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့ ဆိုတော့ ငါ့အမေက မင်းကို ချစ်ခင်လွန်းလို့ ညအိပ်ညနေ အမြဲ ခေါ်တာ၊ အဲ့ဒီတော့ တော်ကြာ တခြားလူနဲ့တွဲပြီး မင်းပြဿနာ ကိုပါ လက်ညှိုးဝိုင်းထိုးတရားခံအရှာခံနေရဦးမယ်”

“ရှင်!”

ထင်လင်းနှုတ်ဖျားက ထွက်ကျလာသောစကားတို့ ဆို နိုင်စရာကောင်းလွန်းလှ၍ သာယာခမျာ တအံ့တဩဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တုန် လှုပ်သွားရသည်။ ကြည့်စမ်း ... လူကို ဘယ်လောက်ထိ စော် ကားရက်စက်တဲ့သူလဲ။

သာယာ့ကို တခြားယောကျ်ားနှင့်လွန်ကျူးမိပြီးမှ ဗိုက် ထွက်လာလျှင် သူ့ကိုပါလက်ညှိုးထိုးခံရနိုင်သည်ဟု ပက်ပက် စက်စက် မပြောရုံတမယ်ပင်။ သို့သော် အဓိပ္ပါယ်ကတော့ *အတူတူပဲဖြစ်သည်။*

အသားတွေ တဆတ်ဆတ်တုန်ကာ နှုတ်ခမ်းကို ပြတ်လု မတတ်ကိုက်ရင်း ထင်လင်းပါးကို ဖြန်းခနဲမရိုက်မိအောင် မနည်း ထိန်းရ၏။ အဘယ့်ကြောင့် သူများသားသမီးကို ယခုလောက်ထိ စော်ကားပြောဆိုနိုင်ရပါသနည်း။

"ဆရာ့ကိုမုန်းတယ်၊ သံယောဇဉ်ဖြစ်မိတာကို နောင်တ ရတယ်၊ ဆရာဟာ လူ့ဂုဏ်တင်မကဘူး၊ တစ်ကိုယ်ကောင်း သမား၊ အတ္တသမား၊ တစ်ဖက်သတ်စွဲချက်တွေနဲ့ ငါထင်တာ အမှန်၊ ငါပြောတာအဟုတ်၊ ငါတကောကောတဲ့လူကြီး၊ မုန်း တယ်၊ ရှင့်ကိုမုန်းတယ်"

ထိုသို့အော်ဟစ်ပြီး သာယာပြေးထွက်လာခဲ့သည်။ လမ်း ထောင့်အကွယ်တစ်နေရာမှ ချောင်းမြောင်းကြည့်နေသော ရဲထွန်း ကိုတော့ ထင်လင်းရော၊ သာယာပါ မမြင်ပါ။

Junction Centre ထဲက ထွက်လာသော ထင်လင်း မှာလည်း အယောင်ယောင်အမှားမှား၊ ချောက်ချောက်ချားချားဖြင့် အထဲပြန်ဝင်သွားပြီး၊ အထဲမဝင်ရသေးသော သာယာ့ခများလည်း ဝမ်းနည်းကြေကွဲစွာ နောက်ကြောင်း ပြန်လှည့်ပြေးလေ၏။

သာယာသည် ထိုသို့ အပြေးတစ်ပိုင်းလျှောက်ရင်း မျက်



www.burmeseclassic.com

www.burmeseclassic.com



ည်တွေက ပိုးပိုးပေါက်ပေါက်ကျလာသည်။ မိန်းကလေးတန်မဲ့ သူစိမ်းယောကျ်ားတစ်ယောက်ရှိသောအိမ်ကို ဝင်ထွက်သွားလာ ညအိပ်မိ၍ စော်ကားမော်ကား အထင်သေးစွာ အပြောခံရသည်။

တစ်သက်လုံး သိက္ခာနှင့်နေလာခဲ့သမျှ ခုတော့ ပက်ပက် စက်စက်အပြောခံရပြီ။ ပတ်ဝန်းကျင်က တခြားလူပြောလျှင် တောင် ယုံယုံလာက် အသည်းနာစရာကောင်းမည်မထင်။

ခုတော့ … ခုတော့။

ရင်ထဲအသည်းထဲက အထင်ကြီးလေးစားမြတ်နိုးနေမိ သူက မိမိကို အထင်သေးအမြင်သေး ရှုတ်ချပြောဆိုသွားခဲ့၏။

သာယာသည် အငိုရှပ်ဖြင့် အိမ်လည်း မပြန်ချင်သေး၍ ဗိုလ်တထောင်ဘုရားသို့ ထွက်လာခဲ့၏။

ဤသို့ဖြင့် ဘုရားအတွင်းလူရှင်းရာထောင့်တစ်ထောင့် တွင် ဘုရားအာရုံပြုရှိခိုးကန်တော့ကာ စိတ်ကို တည်ငြိမ်အောင် ထိန်းသည်။

သည့်နောက် ခေါင်းအေးအေး၊ စိတ်အေးအေးဖြင့် စဉ်းစားဖို့သာလို၏။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၈)

လွန်သွားပြီ၊ မှားသွားပြီဟု သိလိုက်သော်လည်း နှောင်း
ကျသွားလေပြီ။ သူ့နှုတ်က ပြောထွက်မိသောစကားတွေက
မိန်းကလေးတစ်ယောက်သိက္ခာကို အောက်ဆုံးထိ ဆွဲချလိုက်
သလိုဖြစ်သွား၏။

အမှန်က ကောင်မလေးအပေါ် ချစ်ခင်မြတ်နိုးစိတ်ဖြင့်
သဝန်တိုပြီး မခံမရပ်နိုင်ပေါက်ကွဲသွားခြင်းပင်။

သို့နှင့် ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘဲ ကိုအောင်မျိုး
ဆီ ရောက်လာခဲ့သည်။

"လာဗျာ ကိုအောင်မျိုး၊ သွားသောက်ရအောင်"

စွပ်ကျယ်ချိုင်းပြတ်ဝတ်ထားသော ကိုအောင်မျိုးက

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောဘဲ ရှပ်အင်္ကျီတစ်ထည်ထုပ်ပေးကာ လိုက်သွားသော သည်။

"ကျော်ကိုပဲ သွားရအောင်"

"သွားဗျာ"

ဆိုင်က အအေးခန်းဆိုပေမယ့် သူ့မှာ ချွေးပျံနေသည်။ ဘာကိုလည်း ဘယ်က စရမှန်းမသိဖြစ်နေ၏။ နေရာတကာ ထိစပ်စုစုပါတတ်သော ကိုအောင်မျိုးဖြလည်း သောက်စရာ အစရာရောက်တဲ့အထိ ဘာလားညာလားမမေးဘဲ တိုက်ဘာ လုပ်နေသည်။

မတတ်နိုင်။ ခံစားနေရတာက သူ။ ဒီတော့ သူကပဲ ပြော ရှာရှိတာ ပြောရပေတော့မည်။ လောလောဆယ် "သူနှင့် ကိုအောင်မျိုး တစ်ယောက်တစ်ခွက်စီ မော့လိုက်ကြ၏။ ပြီးမှ သူက ...

"ကျွန်တော် ဘယ်လိုလုပ်ရမလဲမသိတော့ဘူး ကိုအောင် မျိုးရာ"

"ဘာကိစ္စလဲဗျ"

"ကောင်မလေးက ကျွန်တော့်ကို မုန်းသွားပြီ"

"ဘယ်လို! ဘယ်ကောင်မလေးကမုန်းသွားတာလဲ"

"သဲသဲ"

"မောင့်ဗျာ၊ ခင်ဗျား ဘာသွားလုပ်လိုက်လို့ ကောင်မလေး က မုန်းသွားရတာလဲ"

"ကျွန်တော့်အပြစ်ပါဗျာ၊ တကယ်တမ်းကျ သဲ ယာကို ကျွန်တော်ချစ်နေမိတာ ကိုအောင်မျိုးရဲ့ အဲသလို ချစ်လို့ လည်း



www.burmeseclassic.com

www.burmeseclassic.com



ခုလိုအမှားတွေဖြစ်သွားရတာပါပဲ”

“ဩော်၊ ခင်ဗျားက သာယာ့ကို ချစ်နေတယ်၊ ဆိုစမ်းပါဦး၊ ဘယ်လိုဖြစ်တာလဲ”

“ဒီလိုဗျာ”

သူက ကုမ္ပဏီကို ရဲထွင့်ရောက်လာသည်မှအစပြုကာ တစ်ချိန်လုံး သာယာ့ကို ဝန်တိုပူပင်နေခဲ့ရသည်မှအစ ယနေ့ ဖြစ်ပျက်ခဲ့သမျှ ရင်ဖွင့်ပြောပြလိုက်သည်။

“ဖြစ်မှဖြစ်ရလေ မစ္စတာလင်းရယ်၊ ခင်ဗျားဗျာ တော် တော်ဆိုးတာပဲ၊ ကောင်မလေးကို ချစ်နေတယ်ဆိုလည်း ရှင်းရှင်း လေးပဲဟာ၊ ခုတော့ ရှုပ်ကုန်ပြီ”

“အေးဗျာ၊ သူများတွေ ပြောသလို၊ ကျွန်တော်ဟာ တကယ့်ကို လူ့ငွစာကြီးပါပဲ၊ သာယာ့ကို ကျွန်တော် အဆုံးရှုံးမခံ နိုင်ဘူး ကိုအောင်မျိုး၊ သူ ကျွန်တော့်ကို စိတ်နာသွားလောက်ပြီ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး”

“အင်း … အဲ့ဒါ မလွယ်ဘူး၊ တော်တော်ခက်ဦးမယ်”

“ခက်လည်းလုပ်ဗျာ၊ ခင်ဗျားတို့ပဲ ကျွန်တော့်ကို မိန်းမ ယူစေချင်နေကြတာမဟုတ်လား၊ သာယာ့ကိုမှမရရင် ကျွန်တော် ဘယ်မိန်းမမှ မယူဘူးနော်၊ ဒါပဲ အေ့”

အမြဲသောက်လေ့သောက်ထမရှိ၍ ရမ်နှစ်ပက်လောက် ဝမ်းထဲရောက်လျှင် သူ တော်တော်မူးနေပြီ။ အရက်မူးတော့ ကျွဲ နိုးပေါ်ဆိုသလို ရင်ထဲရှိသမျှ အကုန်ထွက်ကျကုန်၏။

“တစ်ဦးတည်းသော သားတွေ အိမ်ထောင်ပြုတော့မယ် ဆိုရင် မိခင်ဖြစ်သူ သဘောတူတဲ့ မိန်းကလေးဖြစ်ဖို့ မေတော်ခဲ

www.burmeseclassic.com

www.burmeseclassic.com


င်းတယ်၊ သာယာ့ကို မစ္စတာလင်းအမေက သဘောကျတာပဲ"

"ဟုတ်တယ်၊ အမေက သူ့ကို တော်တော်ချစ်တယ်ဗျ၊ ါကြောင့်လည်း ကျွန်တော် ဒီနေ့ ပေါက်ကွဲသွားတာ၊ သူ ာကျည်းသွားမှာ ကျွန်တော့်စိတ်ထဲမကောင်းဘူး"

"အဲဒါ ဒီအတိုင်းနေလို့မဖြစ်ဖူးလေ မစ္စတာလင်းရဲ့၊ ာင်မလေးကို ရှင်းပြပြီး သူကျေနပ်တဲ့အထိ ချော့မော့တောင်း န်ရမှာပေါ့"

"ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါ့မလားဗျာ"

"ခင်ဗျား ကောင်မလေးကို တကယ်ချစ်တာလား"

"သေချာပါတယ် ကိုအောင်မျိုးရာ"

"သေချာရင် ကြိုးစားရမှာပေါ့၊ အဲ့ဒါ မစ္စတာလင်း ာဝန်ပဲ"

အဲဒီနေ့က အတော်လေးမှူးနေသော သူ့ကို ကိုအောင်မျိုး ာ အိမ်အထိ လိုက်ပို့ပေးသည်။ ခေါင်းငိုက်စိုက်ကျမှူးပြီး ပြန် ာသောသူ့ကိုမြင်တော့ ဒေါ်နှင်းရီက ရင်ဘတ် လက်နှင့်ဖိ သည်။

"ဘုရား၊ ဘုရား၊ ဘယ်လိုဖြစ်လာတာလဲ"

ကိုအောင်မျိုးက ဒေါ်နှင်းရီကို မျက်နှာရိပ်ပြပြီး အသာ နေရန် အရိပ်ပြသည်။

"အေ့ … ကန်တော့ မားသားကြီး၊ ကျွန်တော် မားသား ကြီးကို မရိုသေမလေးစားလို့ သောက်လာတာမဟုတ်ပါဘူး၊ သာဒီရင်ဘတ်ကြီးထဲက မခံစားနိုင်လို့ … အေ့ … ထွက်ပေါက် ရှာမိတာပါ၊ အေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရပြန်ပြီ၊ ထွက်ပေါက်ရှာပြီးရင်လည်း အေးအေး ဆေးဆေးအိပ်တော့၊ ဟင်း ဒီအရွယ်ကြီးကျမှ ငါ ဘာပြောရဦး မှာလဲ"

"ပြောပါ အမေရယ်၊ အမေ့သားလူ့ငွစာကြီးကို ပြောပစ် လိုက်စမ်းပါ၊ ပြောရုံမကဘူး၊ ရိုက်ပစ်လိုက်စမ်းပါ"

"တော်ပြီ၊ ငါ အရက်သောက်ထားတဲ့လူနဲ့ စကားမပြော ချင်ဘူး၊ မင်းအခန်းမင်းသွားအိပ်တော့ ... ဒါပဲ"

သွားတော့ပြောပြီး ဒေါ်နှင်းရီစာပဲ အရင်ထွက်သွား သည်။

"ဟဲ့ ... သိန်းကြွယ်၊ နင် ဘာအားကိုးရလဲ ဟင်! ကိုယ့် အစ်ကိုတစ်ယောက်လေးရှိတာ၊ မိန်းမရအောင်တောင် ကူညီမပေး နိုင်ဘူး၊ ဟွန်း"

"အံမယ်၊ ဖြစ်ရပြန်ပြီ၊ ဒီလောက် နဘေးရှောက်တဲ့အထိ ထားပေးတာကို အစ်ကိုဖြာသာ ရည်းစားဟောင်းမမေ့နိုင်ဘဲ ခုမှ ဘာလာပြောနေတာလဲ"

"ဘာ!"

"ကဲပါ သိန်းကြွယ်ရယ်၊ ပြိုင်ပြောမနေစမ်းပါနဲ့ သွား" ကိုအောင်မျိုးက လှမ်းတားသည်။ ထင်လင်းက ...

"အေးပါ၊ ငါ့ကိစ္စအဆင်မပြေရင် နင်တို့နှစ်ယောက်ကို လည်း မပေးစားဘူး၊ အေ့ စိတ်တော့မဆိုးပါနဲ့ ရွှေယောက်ဖကြီး ရယ်"

ကိုအောင်မျိုးကတော့ ရယ်ပဲရယ်နေသည်။ ထင်လင်း ဆိုတဲ့ လူ့ငွစာဟာ တစ်ခါတစ်ခါ အဲသလိုလည်း ကလေးဆန်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါသေး၏။

"ဘယ်လိုဖြစ်လာတာလဲ မောင်အောင်မျိုး"

ထင်လင်းအခန်းထဲက ကိုအောင်မျိုး ပြန်ထွက်လာတော့ ဒေါ်နှင်းရီက ဆီးမေးသည်။

"အဖြစ်က တော်တော်ဆိုးတယ် ကြီးကြီးရေ၊ ဒီလို ဒီလို"

ကိုအောင်မျိုးက ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြသည်။ ဒေါ်နှင်းရီက ဒုတိယအကြိမ်ရင်ဘတ်ကို လက်နှင့်ဖိပြီး

"ဘုရား ဘုရား၊ သူများသားသမီးကို အဲသလိုပြောပစ်လိုက်သတဲ့လား၊ နေဦး ဒီလူ့ငွစာကို သွားကို ရိုက်ဦးမယ်"

ပြောပြောဆိုဆို ထသွားတဲ့ ဒေါ်နှင်းရီကို ဆွဲထားရသေးသည်။

"မလုပ်ပါနဲ့ ကြီးကြီးရယ်၊ နေပါစေ သူလည်း တော်တော်စိတ်ညစ်နေတာ"

"အစ်ကို့ကိုတော့ အံ့ပါရဲ့ ကြီးကြီးရယ်၊ အဲဒီနေရာ သာယာမို့ပေါ့၊ သိန်းကြွယ်သာဆို ဘာကောင်ကြီးဖြစ်ဖြစ် ပါးကို ဘယ်ပြန်ညာပြန်တီးပစ်လိုက်ပြီ"

"ခက်လိုက်တာကွယ်၊ မင်းညီကို ကြီးကြီးတော့ စိတ်ပျက်ပြီ မောင်အောင်မျိုးရေ၊ အဆင်ပြေအောင် ဒီလောက်လုပ်ပေးထားတာကို ကပျက်ကယက်လုပ်ပစ်ပြီး ခုကျမှ မရှုနိုင်မကယ်နိုင်လာလုပ်နေတယ်"

"ဒါ ကောင်းတယ် ကြီးကြီး၊ ဒီနောက်ပိုင်း ကျွန်တော်တို့ ဘေးတီးစရာမလိုဘဲ သူ့ဖာသာ စွမ်းဆောင်ရမယ့်အခြေရောက်သွားပြီ၊ ကောင်မလေးကိုတော့ ကျွန်တော်တို့ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးကူရှင်းပြဖို့ လိုတာပေါ့"

"ဒါပေါ့ကွယ်၊ သူများသားသမီး၊ အားနာစရာကောင်း လိုက်တာ၊ ငါ ဘယ်လိုသားမျိုး မွေးထားမိပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

ကောင်မလေးအရိပ် မမြင်ရတာ သုံးရက်ရှိပြီ။ အင်းလေလူတစ်ယောက်လုံးမလာမှတော့ အရိပ်လည်း ဘယ်မြင်ရပါ့မလဲ။ ကောင်မလေးတင်မက ရဲထွဋ်ဆိုတဲ့အကောင်ကိုပါ မတွေ့ရပေ။ ခွင့်တင်တာလည်းမတွေ့။ သူကလည်း ရဲထွဋ်ကိုတော့ အမြင်ကပ်၍ မေးမြန်းခြင်းမလုပ်ပါ။

"မစ္စတာလင်း၊ ထမင်းချိုင့်ရောက်နေပြီ၊ စားတော့မလား"

"တော်ပြီ ကိုအောင်မျိုးရယ်၊ ကျွန်တော် အခု ထမင်းစားနိုင်ပါဦးမလားဗျ"

"ဟော်ဗျာ၊ ကိုယ်က မောင်ရင့်ကို အဲသလောက်ထိ စိတ်နု

www.burmeseclassic.com



လိမ့်မယ်လို့မထင်ဘူး၊ ခင်ဗျားပြဿနာက မစားဘဲနေလို့ ပြေလည်မှာတဲ့လား"

"ဒါတော့ ဘယ်ပြေလည်မှာလဲဗျ၊ ဘယ်လိုလုပ်ရမှန်းမသိလို့ စိတ်ညစ်နေတာပေါ့၊ ဒီလိုနဲ့ ကောင်မလေးမလာတာ သုံးရက်ရှိပြီ၊ ခင်ဗျားတို့ကလည်း နည်းနည်းပါးပါးလေး သွားပြုခေါ်ကြမယ်မရှိဘူး"

သူ့စကားကြောင့် ကိုအောင်မျိုးက ရယ်သည်။ ပြီးမှ

"အဲ့ဒါ ခင်ဗျား ကိုယ်တိုင် သွားသင့်တာလေ"

"ကျွန်တော် မသွားရဲလို့ပေါ့၊ မုန်းတယ်လို့ ခါးခါးသီးသီး ပြောသွားတဲ့ဥစ္စာ"

"ဒါတော့ စိတ်ဆိုးတဲ့အချိန် ဘယ်သူမဆို ဒီလိုပြောမှာပဲ၊ ကိုလင်း ဒီအတိုင်းပဲထိုင်နေလို့ကတော့ ကောင်မလေးက သူ့ဖာသာ ပြန်လာမှာ မဟုတ်တာ အသေအချာပဲ"

"ဒါဆို ကျွန်တော် သွားချင်တယ်ဗျာ"

"နောက်တောင်ကျနေပြီ"

"ကျွန်တော့်ကို အတွေ့ခံပါ့မလားဗျ"

"တစ်ခါမရရင် နှစ်ခါ၊ နှစ်ခါမရရင် သုံးခါ၊ ခင်ဗျား တကယ်ချစ်ရင် မရမချင်းသွားရမှာပေါ့၊ ဟိုက မိန်းကလေး၊ ဟင်းရွက်ကန်စွန်းလို လွယ်လွယ်နဲ့တော့ ဘယ်ရပါ့မလဲ"

"သွားမယ်ဗျာ၊ သူ့အိမ်ထိလိုက်မယ်၊ ကျွန်တော် ဒီထက်ပိုပြီး ဘယ်လိုမှမနေနိုင်တော့ဘူး"

"ထမင်းလေးတော့ စားသွားပါ၊ အားမွေးတာပေါ့"

ကိုအောင်မျိုးကပြောပြီး သူ့အခန်းထဲက ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်တာပေါ့။ သူ အားမွေးရမည်။ အစာမရှိလျှင် ခြေတုန်လက်တုန်ပိုဖြစ်နိုင်သည်။ အခြေအနေက မည်မျှကြာမှ ကောင်းမှန်းမသိ။

ထိုအချိန်တွင် ထမင်းပန်းကန်၊ ဟင်းပန်းကန်တွေ စုပြုံထည့်ထားသော လင်ဗန်းကိုကိုင်၍ ဝင်လာသူက ရဲထွဋ်။

"ဟင်! မင်းက ငါ့အခန်းထဲ ဘာကိစ္စဝင်လာရတာလဲ၊ မင်းကို ဘယ်သူက ထမင်းပြင်ခိုင်းတာလဲ"

"ဘယ်သူက ခိုင်းရမှာလဲ ဆရာရယ်၊ ခိုင်းမှလုပ်တာ နွား၊ ကျွန်တော်က ကိုယ့်သူဌေးစားဖို့ အလိုက်သိသိနဲ့ ထမင်းပွဲပြင်ပေးတာပါ"

"အောင်မာ၊ မလိုဘူး ဟေ့ကောင်၊ မင်းပြင်ပေးတဲ့ ထမင်းစားလို့ တော်ကြာ ငါ့ကို အဆိပ်ခတ်ထားရင် ဘယ်လိုလုပ်မလဲ"

သူ့စကားကြောင့် ရဲထွဋ်က အပြစ်ကင်းစွာ ရယ်မောလိုက်သည်။ ဒီကောင်လေး ကြည့်ရတာ တော်တော့်ကို ချောတာပါပဲလား။ ဒါကြောင့်လည်း သူ ရင်ပူတာဖြစ်မည်။ ရဲထွဋ်က —

"မရှိသေ့စကားပါ ဆရာရယ်၊ ဘာကြောင့် ကျွန်တော်က ဆရာ့ကို အဆိပ်ခတ်ရမှာလဲ! ခတ်ချင်းခတ် ဆရာကပဲ ကျွန်တော့်ကို ခတ်မှာပေါ့"

"ဘာ!"

"ဟုတ်တယ်လေ ဆရာရဲ့၊ ဆရာ့ကောင်မလေးကို ကျွန်တော်မှမလိုချင်တာ၊ ဆရာကသာ ကျွန်တော်နဲ့သဘောကို သဝန်တွေတိုပြီး ကျွန်တော့်ခတ်မှာ"

"အောင်မာ၊ မင်း … မင်း ခွေးကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ၊ စိတ်မတိုပါနဲ့ဆရာရယ်၊ ဆရာမနာလိုဖြစ်အောင် ထပ်ပြောရဦးမယ်"

"ဘာလဲ!"

"ကျွန်တော် မင်္ဂလာဆောင်တော့မယ်ဗျ၊ အဲ့ဒါ ဆရာ့ကို လာဖိတ်တာ"

"ဘာ!"

သူ့အသံကြီးက မိုးခြိမ်းသံပမာ ဟိန်း၍ထွက်သွားသည်။

"အောင်မလေး၊ လန့်လိုက်တာ ဆရာရယ်၊ ကျွန်တော့်ကို အဲ့ဒီခွေးချေနဲ့တော့ ကောက်မပေါက်လိုက်ပါနဲ့နော်၊ ကျွန်တော် မင်္ဂလာဆောင်မှာ သာယာနဲ့မဟုတ်ပါဘူး၊ ကျွန်တော့်ချစ်သူနဲ့ပါ"

"ဟော!"

"ဟဲ ဟဲ၊ အမှန်တော့ ကျွန်တော်က ရုပ်ရှင်မင်းသား မဟုတ်ပါဘဲ ဦးမျိုးအကူအညီတောင်းလို့ ခဏတာ သရုပ်ဆောင် ဝင်လုပ်ခဲ့တာပါ"

"ဟင်! မင်းတို့က ဘာတွေလဲကွ"

"ဒီလိုပါ ဆရာ၊ သာယာ့အနားကပ်တာ၊ သာယာ့နောက် တကောက်ကောက်လိုက်တာတွေက ဆရာ့အရိပ်အခြေကြည့်ပြီး လုပ်ရှားတဲ့ သရုပ်ဆောင်ကွက်တွေပါ"

"ဘာ!"

"ဟော့ကောင် ရဲထွဋ်၊ Junction Centre မှာ မင်း လုပ်ခဲ့တာကတော့ အစီအစဉ်ထဲမှာ မပါဘူးကွ"

ထိုသို့ပြောရင်း အခန်းထဲဝင်လာသူက ကိုအောင်မျိုး။ ရဲထွဋ်က ...



www.burmeseclassic.com

www.burmeseclassic.com


"အဟဲ၊ အဲဒါ အရေးပေါ် အစီအစဉ်ဖြစ်သွားတာ၊ သရုပ်ဆောင်တာ လွန်သွားလို့ အခု ဒီလိုဖြစ်သွားတယ်၊ သာယာနဲ့ အမှတ်တမဲ့ဆုံရင်း ဆရာ့ကို မျက်နှာချင်းဆိုင် ဘွားခနဲတွေ့တော့ အကြံရပြီး လုပ်လိုက်တာ၊ များသွားတယ်၊ ကျွန်တော်တို့ ဆရာ စွတ်ပေါက်ကွဲတော့တာပဲ"

"ဟာင်! မင်းတို့က ငါ့ကို အရူးလုပ်ကြတာပေါ့"

"အထင်မလွဲနဲ့ ကိုလင်း၊ ခင်ဗျားအကြောင်း ခင်ဗျား ပိုသိမှာပေါ့၊ ဒီကောင်မလေးက ခင်ဗျားနဲ့သင့်တော်တယ်ပြောရင် လက်ခံမှာမဟုတ်ဘူး၊ အင်တာဗျူးမှာ ခင်ဗျားလုပ်ခဲ့တာကိုပဲ ကြည့်၊ အဲဒါကြောင့် ကိုယ်က ဒါရိုက်တာလုပ်ပြီး ဇာတ်ညွှန်း ပြောင်းလိုက်တာ"

"ကြားက အလကားနေရင်း ဗီလိန်ဖြစ်ခဲ့ရတာက ကျွန်တော်ပါဗျာ၊ ကံကောင်းလို့ လက်သီးစာမမိတယ်"

"ကဲပါ မစွတာလင်းရယ်၊ ကိုယ်တို့ကို ပြောချင်တာတွေ နောက်ထား၊ စားစရာရှိတာ မြန်မြန်စားပြီး သွားတော့၊ ကျန်တာ ခင်ဗျားတာဝန်ပဲ"

ဒါလည်း ဟုတ်သည်။ ခုချိန်မှတော့ ဘယ်သူ့ကို ဘာတွေ ပြောနေရဦးမည်နည်း။ အဓိက အရေးကြီးတာက သူ့ကို သာယာ ခွင့်လွှတ်ဖို့ပဲမဟုတ်ပါလား။ သို့နှင့် သူသည် သာယာတို့အိမ်ကို အရဲစွန့်ထွက်လာခဲ့၏။

သာယာသည် အိမ်ရှေ့တွင် ထင်လင်းကားရပ်တာ၊ ကားပေါ်က ဆင်းပြီး အိမ်ထဲဝင်လာတာတွေကို ပြတင်းမှ လှမ်းမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိခင်ဖြစ်သူကို လှမ်းသတိပေးလိုက်သည်။

"အခု ကားပေါ်ကဆင်းပြီး အိမ်ကိုလာနေတာ သမီး အလုပ်လုပ်တဲ့ကုမ္ပဏီကသူဌေးပဲ မေမေ"

"ဟော! ဟုတ်လား၊ သမီး အလုပ်မလာလို့လိုက်လာတာ ထင်တယ်၊ နို့ နေပါဦး၊ သမီးကရော နေကောင်းရဲ့နဲ့ ဘာလို့ အလုပ်မသွားတာလဲ"

"နှစ်ရက်သုံးရက် အလုပ်မလာတဲ့ သာမန်ဝန်ထမ်း တစ်ယောက်ရဲ့အိမ်ကို ရိုးရိုးသားသားဆို ဘယ်သူဌေးကများ လိုက်လာဖူးလို့လဲ မေမေ"

"အေး ... ဟုတ်သားပဲ၊ ကေန္တ သူဌေးလူပျိုကြီးက ညည်းကို ..."

"နောက်မှ မေမေ့ကို သမီး ရှင်းပြမယ်၊ အခု သမီးထွက် မတွေ့ဘူး၊ မေမေပဲတွေ့ပြီး ဒီလို ဒီလိုပြောလိုက်"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

"ဘာကိစ္စများလဲကွယ်"

အမျိုးသမီးကြီးရဲ့ရုပ်ရည်နှင့်အသံကို အကဲခတ်ရသလောက် သာယာတို့အမေပဲဖြစ်ရမည်ဟု တစ်ထစ်ချတွက်၍ရသည်။

"ကျွန်တော် ထင်လင်းပါ အန်တီ၊ ဟို သာယာတို့အလုပ်က ..."

"အလုပ်ရှင်သူဌေးဆိုပါတော့"

"ခင်ဗျာ"

သူ့ကိုသိနေ၍ ထင်လင်း အံ့ဩသွားသည်။ ပြီးမှ ---

"ဟုတ်ပါတယ် အန်တီ၊ သာယာ အလုပ်မလာလို့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာတာပါ၊ သာယာရှိပါသလား အန်တီ"

"ရှိတယ်"

"ဟို ကျွန်တော် ခဏလောက်တွေ့လို့ရမလား အန်တီ"

"မရဘူး"

"ဗျာ"

သာယာ့မိခင်၏ ပြတ်ပြတ်သားသားစကားတွေကြောင့် သူ အံ့သြပြီးရင်း အံ့သြနေရသည်။

"မင်းကို မတွေ့ချင်လို့ ထွက်မလာတာပဲ၊ မင်းတို့လို လူတန်းစားတွေက ငါ သူဌေးပဲဆိုပြီး ပြောချင်သလိုပြော၊ ဆိုချင်သလိုဆို စော်ကားတတ်ကြတယ်၊ အခုလည်း ငါ့သမီးကို မင်းနှစ်ပြားမတန်ပြောဆိုစော်ကားပြီးမှ ဘာလာလုပ်တာလဲ"

"ခင်ဗျာ ... ဟို ... ဟို"

သူ့စိတ်ထဲ လန့်ဖျန့်ကာ ဘုရားတမိ၏။ ဒီလိုဆို သာယာက ဒီကိစ္စတွေ သူ့မိခင်ကို အကုန်ပြောပြထားတာပေါ့။

သူ ရှက်ရွံ့အားနာကာ မျက်နှာတွေ ထူပူလာသည်။

"မင်း ပြန်တော့၊ ငါ့သမီးက အလိုမရှိရင် ငါတို့လည်း အလိုမရှိဘူး၊ ငါ့သမီး ကြည်ဖြူရင် ငါတို့ ကြည်ဖြူမယ်၊ အလုပ်ရှင်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် တို့များသမီးကို ချိုးနှိမ်ရင်တော့ မခံဘူးဟေ့၊ ဒါပဲ"

"မဟုတ်ရပါဘူး အန်တီရယ်၊ ကျွန်တော် ပြောမှားဆိုမှားခဲ့တဲ့အတွက် သာယာကျေနပ်တဲ့အထိ တောင်းပန်ဖို့လာခဲ့တာပါ"

"အေး ... အဲဒါတွေ ငါမသိဘူး၊ တောင်းပန်ချင်ရင် နောက်မှ တောင်းပန်၊ ခုတော့ ... ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



စကားကို နှစ်ခါပြောတတ်ပုံမရသည့် သာယာ့မိခင်ပုံစံကြောင့် ယနေ့အဖို့ သူ လက်လျှော့ပြန်ခဲ့ရ၏။ အိမ်ပြန်ရောက်တော့ သူ့အမေကို ရင်ဖွင့်မိသည်။

"အမေရယ်၊ သာယာကလေ ကျွန်တော်တို့ချင်းဖြစ်တဲ့ ကိစ္စ သူ့အမေကို အကုန်ပြန်ပြောပြတယ်၊ ကျွန်တော်သွားတော့ အဘွားကြီးက ကောလွှတ်တာပေါ့"

"ရိုက်မလွှတ်တာ ကံကောင်း"

"သာယာတို့အိမ်သွားပြီး အမေက နည်းနည်းပါးပါး ကူ ပြောပေးဦးလေဗျာ"

"ဟင်း ဟင်း၊ အခု မင်းပါးစပ်က ထွက်ပြီနော်၊ တို့က မင်းဘာမှမပြောဘဲ မလှုပ်ရှားရဲဘူးလေ၊ တော်ကြာ ဂွတီးဂွကျ တွေဖြစ်မှာစိုးလို့"

"အမေကလည်းဗျာ၊ ဒီမှာ သေလုမြောပါးဖြစ်နေရတဲ့ အထဲ အထအနတွေကောက်နေပြန်ပြီ"

ဤသို့ဖြင့် နောက်တစ်နေ့တွင် သာယာတို့အိမ်ကို ဒေါ်နှင်းရီကိုယ်တိုင်လိုက်သွားခဲ့သည်။ လူကြီးချင်းတွေ့တော့ ဇာတ်လမ်းအစမှအဆုံးဖြစ်ကြောင်းကုန်စင်ကို ဇာတ်သံရော၊ နတ်သံပါနှော၍ ပြောပြလိုက်သည်။

"အဲဒါပါပဲ ဆရာမကြီးရယ်၊ သားရှင်ဖြစ်တဲ့ကျွန်မဘက်က အစကတည်းက သမီးကို သဘောကျပြီး သားနဲ့သဘောတူပြီးသား၊ အခု သားကလည်း အရူးမီးဝိုင်းဖြစ်နေပြီဆိုတော့"

သာယာ့မိခင်က အားပါးတရရယ်လေ၏။ ပြီးမှ ...

"အစ်မကြီးသားက ရိုးတော့ရိုးရှာတာပဲ၊ လူရိုး တဇောက်



www.burmeseclassic.com

www.burmeseclassic.com



ကန်းဖြစ်သွားတာနေမှာ၊ အင်းလေ ... ကျွန်မ သမီးကျေနပ်ရင် ကျွန်မတို့ဘက်က ဘာသဘောမတူနိုင်စရာရှိမလဲ၊ သမီးရဲ့ စဉ်းစားချင့်ချိန်တတ်တဲ့စိတ်ကို ကျွန်မတို့အားလုံးယုံတယ်"

ထိုသို့ လူကြီးချင်းလည်း အဆင်ပြေခဲ့လေသည်။

"တို့တွေဘက်ကပြီးပြီ၊ မင်းနဲ့ကောင်မလေးနဲ့တွေ့ပြီး ပြေလည်ဖို့က မင်းအပိုင်းပဲ"

ဘောလုံးက ဝေ့လည်ဝေ့လည်ဖြင့် သူ့ဆီပဲ ပြန်ရောက်လာသည်။ သို့နှင့် သာယာ့ကိုတွေ့ဖို့ သူ အကြိမ်ကြိမ်သွားခဲ့၏။

သာယာတို့အိမ်ရောက်လျှင် သူနှင့်တွေ့တဲ့လူတိုင်းက သာယာအပြင်သွားတယ်ပြောလိုက်၊ မရှိဘူးပြောလိုက်၊ ခရီးသွားတယ်ပြောလိုက်နှင့်တစ်ခါတစ်မျိုး မရိုးရလေအောင် ပြောကြသည်။

မဖြစ်ချေတော့။ ဒီပုံအတိုင်းဆက်သွားလျှင် ဇာတ်မျော ကြီးနှင့်လူက အရှုးလိုလို၊ အပေါလိုလိုဖြစ်ချေတော့မည်။ ထို့ကြောင့် သူ ပုံစံပြောင်းလိုက်၏။ သာယာ့ဆီကိုလာတာ ကားယူမလာတော့ဘဲ ထားပစ်ခဲ့သည်။

သစ်ပင်သစ်ရိပ်တွေက စောင့်ကြည့်သည်။ ကွမ်းယာဆိုင်ကွယ်ကာ စောင့်ကြည့်သည်။ မတွေ့။ တခြားအလုပ်ပြောင်းလုပ်၍ အိမ်က စောစောထွက်သွားမှာစိုးသောကြောင့် စောစောစီးစီးလည်း လာစောင့်သည်။ ဒါလည်းမတွေ့။ သူ့ရင်တွေပူကာသောကကြောင့် အစားအသောက်ပင် မမှန်။ အလုပ်တစ်ဖက်နှင့်မို့ သူ ပြန်သွားတဲ့အချိန်မှ သာယာအပြင်ထွက်လေသလားမသိ။

ဤသို့ဖြင့် နောက်တစ်ရက်တွင် မိုးလင်းမိုးချုပ်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ည်ဟု သန္နိဋ္ဌာန်ချကာ အရေးကြီးလုပ်စရာတွေကို ဖြတ်ချကာ ကိုအောင်မျိုးနှင့်လွဲထားခဲ့ပြီး ထွက်လာခဲ့၏။

"ဒီလို ကြိုးစားပုံနဲ့ဆို ကောင်မလေး ခင်ဗျားလက်က ပြေးမလွတ်ပါဘူး မစ္စတာလင်းရယ်၊ မြင်တာနဲ့ ဟတ်ထိလောက် ပြီ ဒါပေမယ့် အစားအသောက် မှန်မှန်စားပြီး ကျန်းမာရေးလည်း ရှုစိုက်ဦး"

ကိုအောင်မျိုးက ထိုသို့သတိပေးခဲ့သည်။ သို့သော် ကိုအောင်မျိုးသတိပေးချက်က အရာမထင်ခဲ့ပေ။ ထိုနေ့က သာယာ့ကို စောင့်ကြည့်နေစဉ် ကိုးနာရီလောက်တွင် မျှော်လင့် ထားသောမိုးက ဖြုန်းဆို ဝေါခနဲရွာချလာ၏။

"ကျွတ်စ်၊ အဖျက်မိုး"

သူ စိတ်ပျက်လက်ပျက် ရေရွတ်ရင်း စုတ်တစ်ချက် သပ် မိသည်။ ဘယ်ကိုပြေး၍ မိုးခိုရပါမည်နည်း။ အနီးအနားတွင် ဘာဆိုင်မှမရှိ။ လမ်းထိပ်ထိ သွားရမည်။ လမ်းထိပ်မရောက်ခင် သူ့တစ်ကိုယ်လုံး ခဏတွင်းချင်း ရွှဲရွဲစိုကုန်၏။

ဒီပုံအတိုင်းဆို အိမ်ပြန်မှ ဖြစ်မည်။ ဟိုးငယ်စဉ်ကတည်း က သူက မိုးမိမခံနိုင်ပါ။ အဝတ်အစားလဲ၊ ထီးယူပြီးမှပြန်လာ ည်။ မိုးရေထဲ လမ်းမကြီးထိပ်ထိ သူ လျှောက်လာခဲ့၏။ လမ်း သွယ်ထဲ Taxi အလာကျ၍ ဖြစ်သည်။

တစ်ကိုယ်လုံး ကြွက်စုတ်လို ရွှဲရွဲစို၍ ထွက်သွားသော ထင်လင်းကို အိမ်အကွယ်မှ ချောင်းကြည့်နေသူက သာယာ။

ဒီလူကြီးကို သနားစိတ်ဝင်မိသော်လည်း ဒဏ်ခတ်ရသာ ထခုလောက်နှင့်မလုံလောက်နိုင်သေးပါ။ မိမိကို မှိုချိုးမျှစ်ချိုးပြော

www.burmeseclassic.com

www.burmeseclassic.com


ထားတာ လွန်သည်။ ဒီအပြစ်အတွက် ခံလိုက်ပါဦးဟု သာယာ့ စိတ်ထဲ ကြိမ်းဝါးနေမိ၏။

ဒဏ်ခတ်လို့အားရမှ ထင်လင်းတောင်းပန်တာ သာယာ လက်ခံမည်။ နောက်ပိုင်းကိစ္စကိုတော့ မီးစင်ကြည့် ကလိုက်ရုံပေါ့။

မိုးက သဲသဲမဲမဲရွာကောင်းနေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၁)

အာခေါင်တွေပူခြစ်၍ ကွဲထွက်မတတ်ခြောက်ကပ်နေသော်လည်း လူက ချမ်းလွန်းလှ၍ တုန်ခိုက်နေသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး လေထဲတွင် ပေါ့ပါးမျောလွင့်နေရာမှ တဖြည်းဖြည်း လေးလံလာသည်။ ဒီခန္ဓာဝန်ကြီးကို ထမ်းထားရတာ သူ့အဖို့ လေးလံလွန်းလှပါလား။

ဘယ်လိုဖြစ်တာပါလိမ့်။ ပေါ့ပါးမျောလွင့်နေရာမှ ချက်ချင်းလေးလံလာပြီး အောက်သို့ အရှိန်ဖြင့် ထိုးကျလေတော့၏။

**"အား"**

သူ့ခေါင်းတွေ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲလှ၍ မခံမရပ်နိုင်အောင် အော်လိုက်မိသည်။ သူ့အသံက ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ်၊ အက်ကွဲကွဲ။ လေးလံလှသော ခန္ဓာကိုယ်ကြီးက လူး လွန့်လှုပ်ရှားလျက်။

"ဟော့ ... ဟော့၊ ကောင်လေးရဲ့အလောင်းကြီးက လှုပ်နေ တယ်ကွ"

တစ်စုံတစ်ယောက်အော်လိုက်သံကြောင့် အသုဘ စောင့် နေသူတချို့ ဝရုန်းသုန်းကားဖြစ်သွားသည်။ သူ့နားထဲတွင် လည်း ဆူညံသော အသံတွေ တိုးဝင်လာ၏။

"ဖုတ်ဝင်ပြီ"

"မဟုတ်ဖူး၊ အကြောတွေ တွန့်တာ"

"ဟုတ်မယ်၊ နေပူလိုက်၊ မိုးရွာလိုက်ဆိုတော့ ကျုံ့လိုက် ပွလိုက်ဖြစ်ကုန်တာနေမှာ"

မအိပ်သေးသော အမျိုးသမီးတချို့ ပြေးကြ၍ သတ္တိရှိ သော ယောကျ်ားကြီးတွေက သူ့အနားကပ်လာကာ ကြည့်သည်။

"အမေ"

သူ့နှုတ်ခမ်းနှစ်လွှာမှ ပွင့်ဟထွက်လာသောအသံ။

"ဗျို့ ... ဒေါ်ရိုတ်၊ ခင်ဗျားသား၊ ခင်ဗျားသား"

တစ်ဦးတည်းသောသား သေဆုံး၍ မအိပ်နိုင်မစားနိုင် ပရိဒေဝမီးတောက်လောင်နေသော မိခင်ဖြစ်သူမှာ မောပန်းနွမ်း နယ်စွာ မှေးစက်နေသည်။

ထိုအချိန် သူ့နားတွင် ဒေါ်ရိုတ်ဆိုသော ခေါ်သံတွေကြား ရ၍ ဖျပ်ခနဲ သတိဝင်လာ၏။ သူ့ကို တစ်ရွာလုံးသာမက ရွာ နီးချုပ်စပ်မကျန် ဒေါ်ရိုတ်ဟု ခေါ်ခြင်းမှာ ငွေတိုးချေးရာတွင် အတိုးများ၍ ဖြစ်သည်။

www.burmeseclassic.com



"ဗျို့ ဒေါ်ရိတ်၊ ခင်ဗျားသား ခေါ်နေတယ်"

ဘုရား ဘုရား။ အေးစက်ပြာနှမ်း၍ အသက်မရှိတော့သော သူ့သားက ဘယ်လိုခေါ်တာပါလိမ့်။ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အလောင်းပြင်ထားရာဆီ ဝုန်းဆို ထပြေးလာခဲ့၏။

"အမေ"

"ဟင်! ကျုပ်သား၊ သားလေး မသေဘူး၊ မသေဘူး၊ ပြန်ရှင်လာပြီ၊ သား"

"ရေငတ်လိုက်တာ၊ ရေပေးပါ"

ဤသို့ဖြင့် မနက်ဖြန်သင်္ဂြိုဟ်တော့မည့် သူသည် ကံသီစွာ လွတ်မြောက်လာခဲ့၏။ သူ လွင့်မျောသွားစဉ်က ဝင်စားရမည့်နေရာရှာမရခြင်းက သေနေ့မစေ့သေး၍ပဲ ဖြစ်မည်။

သူသည် သစ်ကိုင်းကျိုးဖြင့် ခေါင်းကို ရိုက်မိ၍ သတိမေ့သွားခဲ့ပြီး မိုးရေထဲ နေခဲ့ရ၍ အေးစက်ပြာနှမ်းကာ ခေါင်းဒဏ်ရာသွေးထွက်များခဲ့၏။ ထို့ကြောင့် အေးစက်ဖြူဖွေးကာ လေးငါးရက် သတိလစ်နေခဲ့ခြင်းပင်။ ဒါကို တစ်ရွာလုံးက သေပြီဟု သတ်မှတ်လိုက်ကြခြင်းပင်။

ဒီနောက်ပိုင်း မြို့တက်၊ ဆေးဝါးကုသ၊ အနားယူရင်း သူ ကောင်းကောင်းကျန်းမာလာခဲ့သည်။

မကြာခင် မြေမြှုပ်ခံရမည့်ဘေးမှ လွတ်ခဲ့ရသော သူ့အဖို့ လပေါင်းများစွာ ချောက်ချားနေခဲ့၏။ အိမ်ထဲက အိမ်ပြင် သိပ်မထွက်ဖြစ်ပေ။

သို့သော် ဆယ်တန်းအောင်ထားသော သူ့အဖို့ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွေဖွင့်၍ ကျောင်းတက်ရတော့မည်။

ဒီကြားထဲ နောက်ထပ်အပြောင်းအလဲတစ်ခုမှာ သူ့ငယ်ရည်းစား သင်းသင်းမွှေးနှင့် လှည်းထောင်သားတို့ မကြာခင်လက်ထပ်ကြတော့မည်ဆိုသောသတင်းပင်ဖြစ်သည်။

သင်းသင်းမွှေးနှင့်လှည်းထောင်သားတို့ကို တတွဲတွဲ၊ တပြုံးပြုံးမြင်ရတာ သူ့အသည်းဟက်တက်ကွဲကို ဆားနှင့်ပက်သလို ခံစားရ၏။ ငွေမက်သူရယ်လို့ စိတ်ထဲမှာ မနာအားဘဲ ငယ်ပေါင်းသူငယ်ချင်း၊ အချစ်ဦးမို့ ရင်ထဲနာကျင်ခံစားရသည်။

"တစ်သက်လုံးနေလာတဲ့ရွာကို ကန်သင်းရိုးမှာ လမ်းမလျှောက်နိုင်လို့တဲ့လေ၊ သူ့ယောက်ျားက ကျောပိုးတစ်လှည့်ပွေ့ချီတစ်ခါ ခေါ်ရတာ"

"ဟုတ်ပါ့၊ သင်းသင်းမွှေးဆိုတဲ့ကောင်မ၊ ဥစ္စာရူး ဘဝင်ရူး ရူးသွားပြီ"

ရွာကလူတွေက သူ့ချစ်ဦးသူကို ဝေဖန်ကြတာကို သူ့မှာ မခံရပ်နိုင်ပေ။ ဩော် ... လူတိုင်းဟာ တစ်မျိုးစီရူးနေကြတာပဲမဟုတ်လား။

"မွှေးမွှေးက ရူးတာတော့ အမှန်ပဲအေ့၊ ထင်လင်းကိုသာယူရင် လယ်ဧကတွေ တစ်ဦးတည်းအမွေရမယ့်ဥစ္စာ၊ လှည်းထောင်က လက်ရှိချမ်းသာတယ်ဆိုပေမယ့် လုပ်ငန်းပြိုင်ပေါ်ရင် ထင်သလောက် စီးပွားမဖြစ်နိုင်ဘူး"

"အေးလေ၊ ပြီးတော့ မောင်နှမတွေ အများကြီး"

"ကောင်မက လင်ရချင်နေပြီလေ၊ ငထင်က မြို့မှာကျောင်းတက်ရဦးမှာဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးက သင်းသင်းမွေးအတင်းအဖျင်းကို တစ်ပတ်ဆယ်ရက်ထက်ပိုမပြောနိုင်ကြသော်လည်း သူ့အတွက်တော့ မည်ရွေ့မည်မျှကြာအောင် ခံစားနေရမည်မှန်းမသိ။

"မုန်တိုင်းမိပြီး သစ်ပင်လဲကျတဲ့နေ့က ကျွန်တော် တစ်ခါတည်း သေသွားခဲ့ရင်ကောင်းမှာပဲ"

သူက မခံစားနိုင်ဘဲ ညည်းတွားပြောဆိုမိတော့ အမေက ရင်ဘတ်လက်နှင့်ဖိရင်း …

"အောင်မလေးတော် … ကိုယ့်ကို ခြေစုံကန်ပြီး ပေါ်တင်မျက်နှာပြောင်တိုက်သွားတဲ့ ဘာမဟုတ်တဲ့မိန်းမတစ်ယောက်အတွက်နဲ့များ သေဖို့အထိ စဉ်းစားတာ မရှက်ဖူးလား၊ ဒီအရွယ်ထိ ကျွေးမွေးထားတဲ့ မအေ့မျက်နှာလေးလည်း နည်းနည်းပါးပါးထောက်ပါဦး"

"ကျွန်တော်က ခံစားနေရတဲ့သူပါဗျ"

ဤသို့ဖြင့် သူသည် အသည်းကွဲဝေဒနာကို ရင်မှာပိုက်ပြီး ရန်ကုန်တွင် ကျောင်းဆက်တက်၍ ရန်ကုန်တွင် အခြေချနေထိုင်ရန် ဆုံးဖြတ်သည်။ သို့သော် မိခင်ဖြစ်သူကို ခေါ်၍မရခဲ့ပေ။

သူ ရန်ကုန်နေမှာကို မိခင်ဖြစ်သူက သဘောမတူ၍ ငွေကြေးထောက်ပံ့မှု မရခဲ့ပါ။ ကျောင်းပြီးသွားတော့ ကိုယ့်ဘဝကိုယ်ကျောင်းရန် အလုပ်ရှာသည်။ ထိုစဉ်ကတည်းက အလုပ်ရှာရတဲ့ဒုက္ခကို ကောင်းကောင်းသိ၍ သူ့ခံယူချက်နှင့် မကိုက်ညီသောကြောင့် ဘွဲ့ရပေမယ့် အလုပ်ကြမ်းတွေသာ လုပ်ခဲ့၏။

ဒါတွေ မိခင်သိတော့ မနေနိုင်ဘဲ သူ့ကို အရှုံးပေးကာ ငွေကြေးထောက်ပံ့မှုပြန်ပေးသည်။ ထို့ကြောင့် သင်တန်းတွေ၊

www.burmeseclassic.com



ဘွဲ့တွေ၊ ဒီပလိုမာတွေ အကြိမ်ကြိမ်တက်ပြီး အတွေ့အကြုံရလာတော့ ဘိုးဘွားပိုင်အမွေရ ကျွဲ၊ နွား၊ လယ်တွေ များစွာရောင်းကာ ကုမ္ပဏီအသေးလေးစထောင်ရာမှ တစစအောင်မြင်လာပြီး ယခုလို အခြေအနေရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်ကအတိတ်သည် မှုန်ဝါးခဲ့ပြီဖြစ်သော်လည်း ယခုလက်ရှိ ဖြစ်ပျက်ခံစားနေရသော အခြေအနေနှင့်ဆင်တူနေတာကတော့ အံ့သြစရာကောင်းလှသည်။

ယခု သူ အကြီးအကျယ်ဖျားနေပြီဖြစ်သည်။ အပူအားကြီး၍ သတိရတစ်ချက်၊ မရတစ်ချက်ဖြင့် ဆေးရုံ၏ အရေးပေါ်ခန်းထဲ ရောက်နေလေပြီ။

သူ သေမလား၊ ရှင်မလား။

ဝင်စားရန်နေရာတစ်ခုကိုတော့ ရှာရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၂)

"ကြီးကြီးရယ်၊ သာယာမှားသွားပြီ၊ ဆရာ့ကို ဒဏ်ခတ်တာ လွန်သွားပြီ၊ ဒီလောက်ထိ မရည်ရွယ်ပါဘူး၊ ခုတော့ ဆရာ သတိရလိုက်၊ မရလိုက်နဲ့အပြင်းဖျားတာ သုံးရက်မကတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ? အဟင့် အဟင့်"

ပြောရင်းဆိုရင်း စိတ်မထိန်းနိုင်တော့ဘဲ သာယာက ငိုချလိုက်သည်။ ဆေးအရှိန်ကြောင့် အဖျားကျကာ အိပ်ပျော်သွားပြန်သော ထင်လင်းကိုကြည့်၍ သာယာ့ရင်ထဲ ပူပန်သောကနှင့်စိတ်မကောင်းခြင်းကြီးစွာဖြစ်ရ၏။ ဒေါ်နှင်းရီက ...

"သမီးမမှားပါဘူးကွယ်၊ မှားတာက သမီးဆရာ၊ သူ့ကို ခွင့်လွှတ်ပေးတာတောင် ကျေးဇူးတင်လှပါပြီ၊ ကြီးကြီးသား

www.burmeseclassic.com

www.burmeseclassic.com



လူ့ဥစ္စာကြီးက ပြောစကား ဘယ်တော့မှ နားမထောင်ဘူး၊ လွယ်တာကို ခက်အောင်လုပ်တယ်၊ ရှင်းနေတာကို ရှုပ်အောင်လုပ်တယ်၊ သမီးဆရာက ငယ်ကတည်းက မိုးမိခံလို့မရဘူးလေ”

သြော် … ဖြစ်မှဖြစ်ရလေ။ ဒါတွေ သာယာမှ မသိတာ။ သိလျှင် ဆရာ့ကို မိုးမိမခံစေပါဘူး။ ခုတော့ …။

“သိပ်လည်း စိတ်ပူမနေပါနဲ့ သမီးရယ်၊ ဒီမှာ အကောင်းဆုံးဆေးရုံက အကောင်းဆုံးဆရာဝန်ကြီးတွေနဲ့ စောင့်ကြည့်ကြပ်မတ်ကုသနေတာပဲ၊ မကြာခင် နေကောင်းလာမှာပါ၊ ဒါမှ မကောင်းတော့လည်း ကံတရားပေါ့ကွယ်”

“ဟင့်အင်း၊ ဟင့်အင်း၊ အဲဒီကံတရားကို ခုတော့ သာယာ လက်မခံနိုင်သေးဘူး၊ ဆရာ ဘာမှမဖြစ်ပါစေနဲ့၊ သာယာ သေလိမ့်မယ်၊ အီး ဟီး ဟီး”

ဒေါ်နှင်းရီခမျာမှာတော့ ခုခေတ်လူငယ်တွေကို နားကို မလည်တော့ပါ။ အပြောင်းအလဲတွေကလည်း မြန်ဆန်လွန်းကြ၏။ သူတို့သဘောထား သူတို့ခံယူချက်နှင့်သူတို့အတွေးအခေါ်တွေကို လိုက်လို့လည်း မမီနိုင်ပေ။

“ကဲ … ကြီးကြီးနဲ့သာယာ အိမ်ပြန်နားလိုက်ပါလား၊ ကျွန်တော်နဲ့သိန်းကြွယ် တစ်လှည့်စောင့်လိုက်မယ်”

ကိုအောင်မျိုးနဲ့သိန်းကြွယ်ရောက်လာပြီး ထိုသို့ပြောသည်။ သို့သော် သာယာက လက်မခံပါ။

“ကြီးကြီး နားချင်ရင် ပြန်နားပါ၊ သာယာ မပင်ပန်းလို့ မနားတော့ဘူး”

“ထမင်းစား၊ ရေမိုးချိုးပြီးမှ ပြန်လာပါလား သာယာ”



www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း၊ မနက်က ရေလည်းချိုးခဲ့ပြီ၊ ထမင်းလည်းစားခဲ့ပြီ၊ သာယာ ဘယ်မှမသွားပ့ါရစေနဲ့၊ ဒီနေ့ သာယာ့စိတ်ထဲ ဆရာ ကောင်းကောင်းသတိရလာမယ်လို့ ထင်နေလို့ပါ"

"ဟင်! ဟုတ်လား သမီး"

"ဟော!"

"အင်း၊ သာယာပြောတာ ဖြစ်နိုင်တယ်၊ ဒါမျိုးက စိတ်ချင်းဆက်သွယ်နေတတ်တာ"

"ဟင်! ဘယ်လို ဒါမျိုးကလဲ သိန်းကြွယ်"

"ဩော် ... သာယာကလည်း ဒါမျိုးဆိုတာ ဟိုဟာမျိုးကို ပြောတာ"

"ဟယ် ... ရှုပ်နေတာပဲ"

ဘာပဲပြောပြော ဒီနေ့ သူတို့အားလုံးရဲ့စိတ်တွေ ပေါ့ပါးကြည်လင်နေတာတော့ အမှန်ပင်။

အဲဒီအချိန် ထင်လင်းတစ်ယောက်လည်း အသိစိတ်တွေ ရောက်ချင်ရာရောက် လွင့်မျောနေရာမှ ရွာကို ပြန်ရောက်သွားသည်။

သူသည် ခိုက်ခိုက်တုန်ချမ်း၍ နားခိုရာနေရာ ရှာမိ၏။ ရွာက သူတို့အိမ်တွင် အမေ့ကိုလည်း မတွေ့ရပေ။ အမေ ဘယ်သွားနေပါလိမ့်။ သူ တစ်ရွာလုံးအနှံ့ လျှောက်သွားနေသော်လည်း မည် သူကမှ သူ့ကို မမြင်ကြပါ။

ဒါဆို သူ သေသွားတာများလား။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်တုန်းကလည်း သူ သေခဲ့ဖူးသည်။ သို့သော် ကံကောင်းထောက်မ၍ သေရွာက သူ ပြန်လာနိုင်ခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နားခိုရာရှာရင်း ဝင်စားစရာနေရာရှာသည်။ သူ့ငယ်ချစ်ဦးသင်းသင်းမွေ့ဗိုက်ထဲ ဝင်စားရလျှင်ကောင်းမလား တွေးမိသေးသည်။ နောက်မှ ထိုအတွေးကို ချက်ချင်းဖျက်လိုက်၏။ သင်းသင်းမွေ့က ကလေးတွေ တစ်ပြုံတစ်မကြီးနှင့် စီးပွားရေးအဆင်မပြေ။ သူပါရောက်သွားလျှင် သူပါ ရောယောင်ငတ်နေရဦးမည်။ မဖြစ်ချေ။

သို့ဖြင့် ခင်သန်းဦးနှင့်ကိုမျိုးမင်းတို့လင်မယားထံ ရောက်သွားပြန်သည်။ ခင်သန်းဦးက ပဋိသန္ဓေတားဆေးတွေ မသုံးစွဲတော့သော်လည်း သူ့ယောကျ်ားမျိုးမင်းက စွမ်းဆောင်ရည်ညံ့နေ၍ ကလေးမရနိုင်သေးပေ။ ထို့ကြောင့် သူ ဝင်စား၍ မဖြစ်ပြန်။

သူသည် စိတ်ကြိုက်ဝင်စားရန်နေရာ ရှာမတွေ့ဘဲ ဖြစ်နေ၏။ သို့သော် သူ ဝမ်းမနည်းပါ။ ဝမ်းတောင်သာသေးသည်။ ဘယ်မှာမှ ဝင်စား၍မရလျှင် လက်ရှိ သူ့ဘဝသူပြန်သွားမည်။ ဒါမှ သူချစ်သောကောင်မလေးနှင့်ဆုံဆည်းနိုင်မည်မဟုတ်လား။

ထိုအတွေးနှင့်အတူ လွင့်မျောနေသော သူ့စိတ်က သူ့ခန္ဓာဆီ ပြန်ရောက်လာ၏။ ထိုအခါ သူ့နားထဲ စကားသံတွေ ကြားရ၏။ အားလုံးရဲ့အသံတွေကို သူသိသည်။ အဲဒီအထဲမှာ သာယာအသံလေးကိုလည်း သူ ကောင်းကောင်းမှတ်မိပါ၏။

"အင်း"

"ဟယ် ... အမေ့သား"

"အစ်ကိုလင်း၊ သတိရပြီလား"

"အင်း"

"မစွတာလင်း အဖျားကျသွားပြီ ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com 

ကိုအောင်မျိုးက နဖူးကိုလက်နှင့်စမ်းပြီးပြောသည်။ ဒေါ်နှင်းရီက ထင်လင်းလက်ကို ဆွဲကိုင်လိုက်ကာ ...

"ဟုတ်တယ်၊ ကိုယ်မပူတော့ဘူး၊ အေးသွားပြီ၊ ဒါဆို ပျောက်ပြီ၊ ဟင်း ... ခုမှပဲ စိတ်အေးရတော့တယ်၊ ငါ့သား ဘာစားချင်လဲ"

"လောလောဆယ် ရေအေးအေးလေးတစ်ခွက်လောက်"

ရက်ပေါင်းများစွာ ရေငတ်လာသူလို ရေတစ်ခွက်ကို တဂွတ်ဂွတ်သောက်ပစ်လိုက်သည်။ သူရေသောက်ပြီးသွားတော့ ကိုအောင်မျိုးက ...

"ကဲ ... ကြီးကြီးရေ၊ ကျွန်တော်တို့ တစ်ခုခုသွားစားပြီး ပြန်လာမှပဲ ကိုလင်းအတွက် ဝယ်ခဲ့ရအောင်၊ လောလောဆယ် တာဝန်ကျဆရာဝန်ကို သတင်းသွားပို့လိုက်ဦးမယ်"

"အေး အေး၊ နည်းနည်းပါးပါး စမ်းသပ်ကြည့်တော့ ပိုကောင်းတာပေါ့"

သို့နှင့်တာဝန်ကျဆရာဝန်ရောက်လာပြီး စမ်းသပ်စစ်ဆေးကာ ...

"အဖျား လုံးဝကျသွားပါပြီ၊ စိတ်ချတော့ နားနားနေနေ နေ၊ အားရှိအောင်စား၊ အိပ်ရေးဝဝအိပ်၊ ခဏဆို ကောင်းသွားပါလိမ့်မယ်၊ ဒီနေ့တစ်ရက်တော့ ဆေးရုံမှာ နေလိုက်ဦး"

ဆရာဝန်ထွက်သွားပြီး ကိုအောင်မျိုး မျက်ရိပ်ပြလိုက်သည်နှင့်အားလုံးထွက်ဖို့ပြင်သည်။ သိန်းကြွယ်က ...

"ကဲ ... ဘာမှမစားချင်တဲ့ သာယာက နလန်ထလူနာကို စောင့်နေခဲ့ပေတော့ ... တို့တွေစားဖို့ သောက်ဖို့ သွားလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

သာယာက ခေါင်းငုံ့ထားပြီး ထင်လင်းက အခြေအနေ အရပ်ရပ်ကို သဘောပေါက်ကာ ပြုံးဖြီးဖြီးကြီးလုပ်နေ၏။ ဒေါ်နှင်းရီက ...

"အမေ့သားရေ၊ ပြန်မဖျားနဲ့တော့နော်၊ မင်းနေကောင်းမှ မင်းနဲ့သာယာကို လက်ထပ်ပေးလို့ရမှာ"

"ဗျာ"

"မင်းသာ နေကောင်းပါစေ၊ လက်ထပ်ဖို့သဘောတူ တယ်လို့ သာယာက ခေါင်းညိတ်ပြီးပြီ"

"ဗျာ ... တကယ်၊ တကယ်လား ဟင်"

"ဟင်! ကြီးကြီးနှင်းကလည်း သာယာ ဘယ်တုန်းက ပြောမိလို့လဲ၊ အဲသလိုမပြောမိပါဘူး"

"ဟဲ့ ... နင်ကလည်း ဒါမှ အစ်ကိုလင်း အဖျားမတက် တော့ဘဲ သတိလည်နေကောင်းလာမှာပေါ့"

သိန်းကြွယ်က သာယာ့နားကပ်ကာ လက်ကုတ်ပြီး တိုးတိုးသဲ့သဲ့ပြောသည်။

"ဩော် ... အင်း အင်း"

"သွားမယ်၊ အားလုံးသွားကြမယ်"

အားလုံး စိတ်သက်သာရာရသွားကြပြီး ပေါ့ပါးပျော်ရွှင် စွာ ထွက်ခွာသွား၏။ ထိုအခါမှ ထင်လင်းက ...

"သာယာ"

"ဟင်!"

"ကိုယ်က ကိုယ့်ကိုယ်ကိုယ် သေသွားပြီ အောက်မေ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း! သေရဲသေကြည့်ပါလား"

"ဘယ်လို သာယာ၊ ပြန်ပြောစမ်းပါဦး"

"သွား"

"ကိုယ့်ကို ခွင့်လွှတ်ပါ ကလေးရယ်၊ မင်းကိုချစ်မိလို့ ပေါက်ကွဲပြီး ကိုယ် လျှောက်ရမ်းပြောဆိုမိတာပါ"

"ဟွန်း"

"မင်းကို ဘယ်အချိန်ကတည်းက အဲသလောက်ထိ ချစ်နေမိမှန်းမသိဘူး"

"သွားပါ၊ သာယာ့ကိုတော့ ၁၅၀ မေတ္တာနဲ့မချစ်နဲ့နော်"

"ဟာ … သိန်းကြွယ်၊ ခွေးမလေး၊ ဒါ ဒင်းလက်ချက် မဟုတ်လား"

"ခစ်"

"ကိုယ့်ကို လက်ထပ်ဖို့ ခေါင်းညိတ်တာ ချစ်လို့ပေါ့နော်"

"မဟုတ်ဖူး၊ မုန်းလို့"

"မုန်းလည်း လက်ထပ်မှာပဲ"

"ဝတီးဝကျတော့ မင်္ဂလာဆောင်ချင်ဘူးနော်၊ ကိုလူ့ဖွစာကြီးရေ၊ ခစ် ခစ်"

"အဟား ဟား ဟား ဟား"

မေတ္တာများစွာဖြင့်
ထူးမြတ်ကြွယ်

www.burmeseclassic.com